ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ စနေနေ့၊ (7-2-2015) (၈၁၀၉)

ညီညွတ်ရေး

ကျွန်တော်တို့ ဗမာပြည်ရဲ့အရေးဟာ ဗမာပြည်သူပြည်သားတွေ ခေါင်းဆောင်တဲ့သူတွေ ညီညွတ်စွာနဲ့ လုပ်တတ်မယ်၊ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီးမြောက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော် ခေါင်းဆောင်နေတဲ့ တပ်မတော်ကလည်း ယုံကြည်တယ်။

(၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ကျင်းပသော စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ဆက်နွှယ်နေသည့်အလျောက် ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှ ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်မည်

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ၏သမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံးသည် ကာလကြာရှည်စွာ အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့ကြပြီး ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ရပ်တည်ခဲ့ပါသည်။ သို့ရာတွင် မြေပေါ်မြေအောက် သယံဇာတများကြွယ်ဝပြီး ကိုယ်ပိုင်ယဉ်ကျေးမှုနှင့်စာပေမှအစ ဂုဏ်ယူဖွယ်ရာ ထွန်းကားစည်ပင်တိုးတက်သည့် မိမိတို့နိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးကာ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။ ထိုသို့ကျရောက်ခဲ့ပြီးနောက် နိုင်ငံတော်၏ မြေပေါ်မြေအောက်သယံဇာတများ ဆုံးရှုံးခြင်း၊ ယဉ်ကျေးမှု၊ စာပေနှင့် ဘာသာစကားများ တိမ်ကောပပျောက်အောင် ကန့်သတ်ခံရခြင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင် သွေးခွဲအုပ်ချုပ်ခြင်းတို့ကို ခံခဲ့ကြရပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် ဗြိတိသျှကိုလိုနီ အစိုးရနှင့် ဆွေးနွေးနေစဉ် ရှမ်းပြည်လူထုခေါင်းဆောင်များက ဦးဆောင်ပြီး တောင်တန်းနှင့်ပြည်မ အတူတကွ လွတ်လပ်ရေးရရှိလိုကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

, aeY
မာတိကာ

အိမ်သာ၍ ညှော်လာ
စာမျက်နှာ - ၂

တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်အား ကြိုဆိုကြပါစို့
စာမျက်နှာ - ၁၀

ကိုးလ်မန်းနှင့် မာကွင်ဟိုစ်တို့အား ခေါ်ယူရာတွင် ဂျာနူဇက်မှာ အဓိကသော့ချက် ဖြစ်လာဖွယ်ရှိနေ
စာမျက်နှာ - ၁၃

တောင်သူများ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များအသုံးပြုရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ရမည်းသင်း ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့မှ ၈ မိုင်၊ ပျော်ဘွယ်မြို့မှ ၄ မိုင်၊ ရမည်းသင်းနှင့် ပျော်ဘွယ် အကြား ရန်ကုန်-မန္တလေး ကားလမ်းမကြီး၏ အနောက်ဘက် မိုင်တိုင်အမှတ်(၃၀၇/၁)နှင့် (၃၀၇/၄) အကြားတွင်တည်ရှိသော စီပင်စိုက်ပျိုးရေး သုတေသနခြံ၌ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပြီး အထွက်ကောင်းမျိုးစေ့များနှင့် အခြေခံမျိုးသန့်များကို မြန်မာပြည်တစ်နံတစ်လျားသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - အေးအေးမြင့်

မြန်မာပြည်ရှိ အခြေခံလူတန်းစား ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး အများအားဖြင့် တောင်ယာအလုပ်ကို လုပ်ကိုင်သူများ ဖြစ်ကြသည်။

ရမည်းသင်းမြို့နယ်ရှိ တောင်သူလယ်သမားများမှာ နှစ်စဉ် စပါး၊ နှမ်း၊ ပဲ၊ ငရုတ်၊ ခရမ်းသီး၊ စပျစ်၊ ပြောင်း၊ ဝါ၊ ကြက်သွန်နှင့် နေကြာများကို အဓိက ထားစိုက်ပျိုးကြသည်။

ရမည်းသင်းမြို့နှင့် ပျော်ဘွယ်မြို့မှာ လယ်မြေနည်းပြီး ယာမြေများသည်။ ထို့ကြောင့် အနယ်နယ်အရပ်ရပ်ရှိ တောင်သူများ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ စီပင်စိုက်ပျိုးရေးသုတေသနခြံမှ စပါး၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါနှင့် ကုလားပဲသီးနှံ မျိုးသစ်များကိုသုတေသနပြုထုတ်လုပ်ဆောင်ရွက်ခြင်းနှင့် ဒေသနှင့် သင့်တော်သည့် စိုက်ပျိုးနည်းစနစ်များ စမ်းသပ်ဖော်ထုတ်ခြင်းတို့ကို ပြုလုပ်လျက် ရှိသည်။

ယင်းစိုက်ပျိုးရေးခြံသည် သဲနုန်းမြေဧက ၃၀၊ သဲကြပ်တီးမြေဧက ၇၀၊ စနယ်မြေဧက ၁၂၀၊ ရာသီသီးနှံ

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✳

ကြေးမုံစာတည်းရှုထောင့် ၇-၂-၂၀၁၅၊ စနေနေ့

အိမ်သာ၍ဧည့်လာ

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ တစ်နေ့ထက်တစ်နေ့ တိုးတက်များပြားဝင်ရောက်နေသည်ကို တွေ့ရသည်။ ခရီးသွားဧည့်သည်များ တိုးတက်ရောက်ရှိလာခြင်းသည် မင်္ဂလာရှိသော သတင်းကောင်း ဖြစ်သည်။ နိုင်ငံ့စီးပွားရေးအတွက် အားရဖွယ်ဖြစ်သလို နိုင်ငံ၏အောင်မြင်မှု၊ ဂုဏ်ယူဖွယ်ရာအမှတ်အသားတစ်ခုလည်း ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား နွေးထွေးပျူငှာစွာဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုရမည် ဖြစ်သကဲ့သို့ အဆိုပါခရီးသွားဧည့်သည်များ ကျေနပ်နှစ်သက်မှုပြည့်စုံမှုနီးပါးရရှိသည်အထိ ဝန်ဆောင်မှုများကို အပြည့်အဝပေးနိုင်အောင်လည်း ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံသို့ရောက်ရှိလာသော ခရီးသွားဧည့်သည်များမှာ သုံးသန်းကျော်ရှိပြီး ၂၀၁၅ ခုနှစ်တွင် လေးသန်းခွဲမှ ငါးသန်းအထိ ဝင်ရောက်ရန် မျှော်မှန်းပြင်ဆင်နေကြသည်။

ခရီးသွားဧည့်သည်များ မျှော်မှန်းထားသည့်အတိုင်း ဝင်ရောက်လာစေရန်အတွက် ကြိုးပမ်းအားထုတ်ရမည်မှာ အိမ်ရှင်၏တာဝန်သာဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြေပြင်တွင်ရောက်ရှိနေသည့် ခရီးသွားဧည့်သည်များ၏ အခြေအနေကိုလည်း မျက်ခြည်မပြတ်သင့်ပေ။ ၂၀၁၄ ခုနှစ်အတွင်းက မြန်မာနိုင်ငံသို့ဝင်ရောက်လာသော ဧည့်သည်များမှာ လေကြောင်းမှ ၁၀၈၂၁၄၀ ဦး၊ ရေကြောင်းမှ ၁၈၆၁၁ ဦး၊ နယ်စပ်မှ နိုင်ငံအတွင်းအထိ ၃၀၈၇၃ ဦး၊ နယ်စပ်များသို့ ၁၉၄၉၇၈၈ ဦး ဝင်ရောက်လာသဖြင့် လေကြောင်းမှ ဝင်ရောက်လာသူများနှင့် နယ်စပ်ရောက်သူများ အများဆုံးဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ခရီးသွားဧည့်သည်များ မျှော်မှန်းထားမှုထက် ပိုမိုတိုးတက်ဝင်ရောက်လည်ပတ်နိုင်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လွယ်ကူချောမွေ့စွာဖြင့်သွားလာနိုင်မှု၊ လုံခြုံစိတ်ချမှု၊ ဈေးနှုန်းချိုသာစွာဖြင့် သက်သောင့်သက်သာ တည်းခိုနိုင်မှု၊ ထူးခြားဆန်းပြားသော ဆွဲဆောင်နိုင်မှုစသည်တို့ ပိုမိုလုပ်ဆောင်ပေးရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။ ထိုသို့ဆောင်ရွက်နိုင်လျှင် မျှော်မှန်းထားသည့်အတိုင်း ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းများအား အထိအခိုက်မခံသည့် တည်ငြိမ်အေးချမ်းမှုသည်လည်း များစွာအရေးကြီးပါသည်။ မိမိတို့နိုင်ငံ၏ဂုဏ်သတင်း၊ မိမိတို့နိုင်ငံ၏ နှစ်လိုဖွယ်ကောင်းလောက်အောင် အေးချမ်းသာယာမှုများ ရရှိပိုင်ဆိုင်နေရန်အတွက် တာဝန်ရှိသူများသာမက ပြည်သူပြည်သားအပေါင်းတို့ကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယခင်အချိန်ကာလများက မြန်မာနိုင်ငံ၏ခရီးသွားဧည့်သည်လာရောက်မှုမှာလေးသိန်းမှ ငါးသိန်းခန့်သာရှိခဲ့ပြီး တည်းခိုစရိတ်များလည်း များစွာသက်သာသည်ကိုတွေ့ရသည်။ ယခုအခါ ခရီးသွားဧည့်သည်တိုးတက်လာသည်နှင့်အတူ တည်းခိုစရိတ်များလည်း အထိုက်အလျောက်မြင့်တက်ခဲ့သော်လည်း ခရီးသည်လျော့နည်းသွားခြင်း မရှိသေးချေ။ ခရီးသည်ဆိုသည်မှာလည်း အဆင့်အတန်းအမျိုးမျိုးရှိ၍ မျှတစွာဖြင့် ထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ တည်းခိုစရာနေရာများ တိုးချဲ့လျက်ရှိပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သည့် ရှေးဟောင်းနေရာများလည်း ရှိလာသည်။ နိုင်ငံတကာလေကြောင်းလိုင်းများလည်း တိုးချဲ့ပျံသန်းလျက်ရှိသည်။ လေဆိပ်နှင့်ခရီးသွားနေရာများလည်း ယခင်ထက်ပိုမိုအဆင်ပြေတိုးတက်လာသည်။ အထင်ကရရွှေတိဂုံစေတီတော်နှင့် ပုဂံဘုရားများမှာလည်း စိတ်ဝင်စားကြည်ညိုဖွယ်ရာဖြစ်နေသည်။ ထို့ကြောင့် ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့ဖွယ်ဖြစ်အောင်သာ ဖန်တီးပေးရန်ရှိတော့သည်။

သို့ဖြစ်ရာ ရွှေနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မျှော်မှန်းထားသည်ထက် ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံအတွက် ဂုဏ်တင့်တယ်သလို အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်၍ အောင်မြင်မှုများ တိုးတက်ရရှိလာမည်ဟု မျှော်လင့်ပါသည်။ ။

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် (D)ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စု လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားကျင်းပရေး စီစဉ်ဆောင်ရွက်ထားမှုနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌက အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအစည်းအဝေးသို့ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်	ဖေဖော်ဝါရီ ၆	
ရန်ကုန် ရွှေဈေး	၆၉၅၂၀၀	- ၆၉၆၂၀၀
မန္တလေး ရွှေဈေး	၆၉၅၂၀၀	- ၆၉၆၂၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၄၀	ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၄၀	ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၅၄၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၅. ၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၁၇၅. ၉
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၂. ၀၈
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၃. ၉၄
(င)	ထိုင်း	တစ်ဘတ်	= ၃၁. ၄၆
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၈၉. ၄၃
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၆၀၃
(ဇ)	ဂျပန်	တစ်ရာယန်း	= ၈၇၂. ၆၀
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၃၀၁
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၀၂. ၆၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

တောင်တန်းဒေသများနှင့် ပြည်မ အတူတကွ လွတ်လပ်ရေးရယူကြရန် ရှမ်းပြည်နယ် ပင်လုံမြို့တွင် တောင်တန်းဒေသ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှုရရှိအောင် ကြိုးပမ်းနိုင်ခဲ့ပါသည်။ ထို့နောက် "ပြည်မနှင့် အတူတကွပူးပေါင်းပြီး ကိုလိုနီနယ်ချဲ့ထံက လွတ်လပ်ရေးရယူမည်" ဟူသော ဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်တွင် ချမှတ်နိုင်ခဲ့ပါသည်။ ယင်းသို့ ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် "ရှမ်းပြည်နယ်နေ့" အဖြစ် သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၆၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိရာ ခေတ်အဆက်ဆက် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တစ်ခုတည်းသောနည်းလမ်းသည် နိုင်ငံရေးဆွေးနွေးပွဲသာဖြစ်သည်ဟု မိမိတို့အလေးအနက်ယုံကြည်ပါသည်။ ယင်းဆွေးနွေးမှုများမှ နိုင်ငံရေးသဘောတူညီချက်များ ခိုင်ခိုင်မာမာရရှိမှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုငြိမ်းချမ်းရေးကို အာမခံနိုင်မည်ဖြစ်ပါသည်။ နိုင်ငံရေးဆွေးနွေးပွဲများ အမြန်ဆုံးစတင်နိုင်ရန်အတွက် နှစ်ပေါင်းခြောက်ဆယ်ကျော် ပစ်ခတ်တိုက်ခိုက်မှုများကို ဦးစွာပထမရပ်စဲနိုင်ရန် လိုအပ်ပါသည်။ ထိုသို့ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲသွားစေရေးအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ မိမိတို့အစပျိုးခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ခိုင်မာသည့်အုတ်မြစ်များ ချမှတ်ပေးရန်တာဝန်ရှိသည်ဟုလည်း ခံယူထားပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ဆက်နွှယ်နေသည့်အလျောက် ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ပြည်သူတို့၏ တူညီသောဆန္ဒနှစ်ခုဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ ထို့အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ရှမ်းပြည်နယ်အတွင်း ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ပြန်လည်ကျင်းပရေး အကြိုညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၆

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ပြန်လည်ကျင်းပရေးအကြိုညှိနှိုင်းခြင်းကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (National Network for Education Reform- NNER)မှ ဒေါက်တာသိန်းလွင်တို့သည် ဖေဖော်ဝါရီ ၁၂ ရက်နောက်ပိုင်းတွင် ဆွေးနွေးပွဲအမြန်ဆုံး ကျင်းပနိုင်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ NNER နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ ကျောင်းသား ကျောင်းသူများမှ အဖွဲ့ဝင်ကိုယ်စားလှယ်များ ဆွေးနွေးကြရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံဆွေးနွေးကြပြီး လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲအား ဆောလျင်စွာ ပြန်လည်ကျင်းပနိုင်ရေး၊ အစည်းအဝေးကျင်းပမည့်နေရာနှင့် အစည်းအဝေးအစီအစဉ်များ အသေးစိတ်ထပ်မံဆွေးနွေးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ထပ်မံတွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ယနေ့တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်မင်း၊ NNER မှ ဒေါက်တာသိန်းလွင်နှင့် ဒေါ်သူသူမာတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ပြန်လည်ကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်စဉ်။
(သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကိုယ်တိုင်ဥပဒေနှင့်အညီ လျှောက်ထားရယူရန် ကာယကံရှင်၏ တာဝန်သာဖြစ်

မန္တလေး ဖေဖော်ဝါရီ ၆

မိုးပွင့်(အထူး)စီမံချက်ဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ရွေးကောက်တင်မြှောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် အသက်(၁၈)နှစ် ပြည့်ပြီးသူများ၊ အသက်(၁၈)နှစ်ပြည့်လာမည့်သူများအား မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ရန် နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးထင်အောင်နှင့် အဖွဲ့သည် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ရပ်ကင်းမွှာရုံ၌ ပြုလုပ်ခဲ့သည်။

မိုးပွင့်(အထူး)စီမံချက်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ခြောက်လတာကာလအတွင်း အသက်(၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့် တိုင်းရင်းသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ အသက်(၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့် တိုင်းရင်းသားများသည် မိမိတို့နေထိုင်သော ရပ်ကွက်/ကျေးရွာများရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများထံ စာရင်းပေးလျှောက်ထားရမည်ဖြစ်ရာ ရရှိသော စာရင်းဇယားများပေါ်မူတည်၍ ဗဟိုကျသောနေရာတွင် အခြေပြုပြီး ဝန်းကျင်ကျေးရွာ၊ ရပ်ကွက်များမှ လာရောက်စုစည်း လုပ်ကိုင်သည့် ပုံစံဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားမဟုတ်သော သွေးနှောများအတွက် ရုံးမှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးရန် လိုအပ်သောကြောင့် မြို့နယ်ရုံးများတွင်သာ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကိုယ်တိုင်ဥပဒေနှင့်အညီ လျှောက်ထားရယူရန်မှာ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်းနှင့် အချက်အလက်မပြည့်စုံပါက စိစစ်ရန်အချိန်ရယူရပါကြောင်း အောင်မြေသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထင်အောင်က ပြောကြားသည်။ **အေးမြ(မန္တလေး)**

✳ တောင်သူများမှ

စိုက်ပျိုးနိုင်သောဧရိယာ ဧက ၂၂၀၊ နှစ်ရှည်သီးနှံစိုက်ပျိုးနိုင်သော ဧရိယာ ၄၅ ဧကတို့ဖြင့် တစ်နှစ်လျှင် နှစ်သီးစားစိုက်ပျိုးလျက်ရှိပြီး မိုးရာသီနှင့် ဆောင်းရာသီတို့တွင် အဓိကထားစိုက်ပျိုးလျက်ရှိသည်။ မိုးရာသီတွင် စပါး၊ နေကြာ(ရေဆင်း- ၁ စပ်မျိုး)၊ ဆင်းရွှေကြာ-၂၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ကို ဇွန်လမှ ဇန်နဝါရီလအထိ တစ်လှည့်စီ စိုက်ပျိုးပြီး မိုးနှောင်းရာသီတွင် နေကြာ(ရေဆင်း- ၁ စပ်မျိုး)၊ ဆင်းရွှေကြာ- ၂၊ ဝါ၊ ကုလားပဲတို့ကို စက်တင်ဘာမှ မတ်လအထိ စိုက်ပျိုးကြောင်း၊ နေကြာကို တစ်နှစ်လျှင် နှစ်ကြိမ်စိုက်ပျိုးကြောင်း သိရသည်။

"စပ်မျိုးနေကြာကတော့ ရိုးရိုးနေကြာတွေထက် အထွက်နှုန်းကောင်းပြီး ဆီထွက်နှုန်းလည်းကောင်းတဲ့အတွက် တောင်သူအများစုက နှစ်သက်ပြီး စိုက်ပျိုးလာကြပါတယ်။ ဆင်းရွှေကြာ-၂ ကတော့ မျိုးကူးစရာမလိုဘဲ အထွက်နှုန်းလည်း ကောင်းတဲ့အတွက် တောင်သူတွေအတွက် အဆင်ပြေပါတယ်။ စီပင်စိုက်ပျိုးရေးသုတေသနခြံမှာ သုတေသနလုပ်ငန်းရော၊ ထုတ်လုပ်မှုလုပ်ငန်းပါ လုပ်ဆောင်ပါတယ်။ ထုတ်လုပ်မှုအနေနဲ့ စပ်မျိုးနေကြာ၊ ဆင်းရွှေကြာ-၂၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲများကို မျိုးစေ့ထုတ်လုပ်ပြီး သုတေသနအနေနဲ့ ဆိုရင်တော့ စပါး၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ဝါတို့လို အထွက်ကောင်းသီးနှံမျိုးတွေရဖို့၊ ဒေသနဲ့ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်ဖို့၊ ရေငတ်ဒဏ်ခံနိုင်ရည်ရှိတဲ့ အထွက်ကောင်းမျိုးများကိုရရှိဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု စီပင်စိုက်ပျိုးရေးသုတေသနခြံမှ သုတေသနအရာရှိ ဒေါ်စီစီထွန်းက ပြောပြသည်။

"ဆောင်းရာသီဆိုရင်တော့ ရမည်းသင်းမြို့နဲ့ ၁၂ မိုင်အကွာမှာရှိတဲ့ သစ်ဆုံဆည်က ဖြည့်စွက်ရေနဲ့ သီးနှံတွေကို စိုက်ပျိုးရပါတယ်။ နွေရာသီဆိုရင်ရေမရှိတာကြောင့် ဆောင်းနဲ့ မိုးမှာ စိုက်မယ့်သီးနှံတွေအတွက် ထယ်ရေး၊ ထွန်ရေးတွေ၊ မြေယာပြုပြင်ခြင်းလုပ်ငန်းနဲ့ စိုက်ခင်းထဲမှာ အာဟာရဓာတ်ပြန်ထည့်ဖို့အတွက် မြေဆွေးပုံတွေ လုပ်ရပါတယ်။ ခြံက နှစ်သီးပဲစိုက်ပေမယ့်လည်း တစ်နှစ်ပတ်လုံး အလုပ်လုပ်နေရတာပါ။ ဒီစိုက်ပျိုးရေးခြံက ထုတ်လုပ်တဲ့ မျိုးစေ့တွေနဲ့ သီးနှံတွေကိုတော့ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး၊ မကွေးနဲ့ ကရင်ပြည်နယ်တွေကို အများဆုံးပို့ရပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။ ■



UNDP Vacancy Announcement

1. **UN Clinic Physician (Manager) NO-C, Yangon** will provide clinical services including medical consultations and emergency care, and supervise the work of the lab technician. The incumbent will promote proactive occupational health policies and best practices and procedures in the medical services in conjunction with Administration. To apply [https://jobs.undp.org/cj_view_job.cfm?cur_job_id=53420]
Application close on 12 February 2015
2. **Local Security Assistant SC-5, Mon** state. Under the immediate supervision of the UN Security Advisor for Myanmar, the LSA supports the Area Security Coordinator to ensure that all matters pertaining to the safety and security of personnel, premises and assets are implemented. To apply [http://jobs.undp.org/cj_view_job.cfm?cur_job_id=53505]
Applications close on 17 February 2015

ခရီးစဉ်ဒေသများအလိုက် နိုင်ငံခြားသားခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လျက်ရှိ

မြင့်မားသောတောင်တန်းကြီးများနှင့်အတူ ဆီးနှင်းများလွှမ်းခြုံရာဒေသ မြောက်ဖျားပိုင်းမှစတင်ပြီး ကမ်းခြေသဘာဝအလှအပများနှင့် ကျွန်းစုများတည်ရှိရာ တောင်ဘက်စွန်းအထိ သာယာလှပ၍ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့်မြန်မာနိုင်ငံသည် နိုင်ငံတော်အစိုးရသစ်လက်ထက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ အထူးအာရုံစိုက်ခံရမှုကိုရရှိလာခဲ့ပြီး စီးပွားရေးအရ ရင်းနှီးမြှုပ်နှံလိုသူများ၊ စိတ်ပါဝင်စား၍ အလည်အပတ်လာရောက်လိုသူများဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ နှစ်စဉ် တိုးတက်လာလျက်ရှိရာ ခရီးသွားလုပ်ငန်းကဏ္ဍမှာလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

မကြာသေးမီအချိန်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)နှင့်(၂)တို့တွင် ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် **"အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅" နှင့် ဆက်စပ်အစည်းအဝေးများ၊ ခရီးသွားပြပွဲများ**ကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပြီး ဒေသတွင်းသာမက နိုင်ငံတကာခရီးသွားလုပ်ငန်းရှင်များကပင် ချီးမွမ်းခဲ့ကြသော ခရီးသွားပြပွဲကြီးတစ်ခုအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။ ၎င်းအပြင် အဆိုပါ "အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅" ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအား Lonely Planet Magazine မှ ရွေးချယ်ချီးမြှင့်ပေးအပ်ခဲ့သည့် **"၂၀၁၄ ခုနှစ်အတွက် Best in Travel -AEC Country ဆု"**ကိုပါ တစ်ပါတည်း လက်ခံရယူနိုင်ခဲ့သည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဦးစားပေးလုပ်ငန်းကဏ္ဍတစ်ခုအဖြစ်ဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်စေရေးအတွက် ခရီးသွားလုပ်ငန်းပင်မစီမံကိန်း၊ မဟာဗျူဟာစီမံကိန်းများနှင့် စီမံကိန်းပါရေတို၊ ရေရှည်လုပ်ငန်းစဉ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် နှစ်စဉ် နိုင်ငံခြားသား ခရီးသွားဧည့်သည်တိုးတက်ဝင်ရောက်လာသည်နှင့်အမျှ လိုအပ်ချက်များဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးတွင် ဟိုတယ်များအရေအတွက်တိုးပွားရေး၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုအရည်အသွေးများ ကောင်းမွန်ရေး၊ လက်ရှိခရီးစဉ်ဒေသများအား အဆင့်မြှင့်တင်နိုင်ရေးနှင့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နိုင်စေရေး၊ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုရှိစေရေး၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြှင့်တင်ကြော်ငြာရေးစသည်ဖြင့် ကဏ္ဍအလိုက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် စဉ်ဆက်မပြတ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ဆောင်ရွက်မှုများ၏ ရလဒ်အဖြစ် မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအတွင်း ထင်ရှားသော ခရီးစဉ်ဒေသများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် တောင်ကြီး (အင်းလေး)ဒေသများတွင် နိုင်ငံခြားသားခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ နေ့စဉ် တိုးတက်များပြားလာလျက်ရှိသည့်အပြင် အခြားသော ခရီးစဉ်ဒေသအသီးသီး၌လည်း သဘာဝအရင်းအမြစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ တောတောင်ရှုခင်းအလှအပများ၊ လူမျိုးစုများ၏ ရိုးရာဓလေ့ထုံးစံများ စသည်ဖြင့် မိမိကိုယ်တိုင် စိတ်ပါဝင်စားသည့်ကဏ္ဍအလိုက် လှည့်လည်သွားလာနေကြသည့်နိုင်ငံခြားသားများကို တွေ့မြင်နိုင်သည်။

ထို့အပြင် ပြည်တွင်းပြည်ပ သတင်းမီဒီယာများကလည်း မြန်မာနိုင်ငံအတွင်း ခရီးစဉ်ဒေသအသီးသီး၌ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်နေမှုနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်နေမှုအခြေအနေများကို သက်ဆိုင်ရာသတင်းဖော်ပြချက်ကဏ္ဍအသီးသီးတွင် မှတ်တမ်းဓာတ်ပုံများဖြင့် အကျယ်တဝင့် ရေးသားဖော်ပြလျက်ရှိသည်။

သို့ဖြစ်ပါ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းသည် ဒေသခံပြည်သူများအတွက် အကျိုးစီးပွားတိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုနိုင်သည်ဖြစ်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ကောင်းမွန်ပြည့်စုံသောမူဝါဒနှင့် စီမံခန့်ခွဲမှုများ၊ တိကျခိုင်မာသောရည်မှန်းချက်များထားရှိပြီး ဒေသခံလူထုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသော စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခရီးသွားလုပ်ငန်းဖြစ်ထွန်းအောင်မြင်စေရေးအတွက် မြန်မာ့ရေမြေသဘာဝအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသား လူမျိုးများ၏ဓလေ့ထုံးစံ အစရှိသည့် အရင်းအမြစ်များကိုအခြေပြုပြီး အကျိုးရှိစွာ ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

(သတင်းစဉ်)

တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်၌လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်တွင် ရောက်ရှိနေသော တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက် ၇ နာရီတွင် အမှတ်(၇) တည်းခိုရေးစခန်းရွာတော်မှ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဉယျာဉ်၊ နက္ခတ်တာရာပြခန်း၊ သတ္တသတ္တာဟစေတီတော်၊ ဉပ္ပါတသန္တိစေတီတော်တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ် ယဉ်ကျေးမှုအဖွဲ့ဝင်များသည်လည်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ လွှတ်တော်အဆောက်အအုံ၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(၁)နှင့် မြို့မဈေးတို့ကိုလည်းကောင်း ညပိုင်းအထိ အဖွဲ့နှစ်ဖွဲ့ခွဲ၍ တာဝန်ရှိသူများနှင့်အတူ သွားရောက် လေ့လာခဲ့ကြောင်းသိရသည်။

(တင်ထွန်းအောင်)

မလှိုင် မြစ်ကျင်းစံပြရေကန် ပြန်လည်တူးဖော်

မလှိုင် ဖေဖော်ဝါရီ ၆

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ပန်းအိုင်အုပ်စု မြစ်ကျင်းကျေးရွာ မြစ်ကျင်းစံပြသောက်ရေကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများအား စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၅ ရက်တွင် တွေ့မြင်ရသည်။ ယခုကဲ့သို့ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပန်းအိုင်ကျေးရွာ၊ မြစ်ကျင်းကျေးရွာ ကျေးရွာသူ ကျေးရွာသားများ၊ လယ်ယာတောင်သူလုပ်သူများ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ် တောင်သူများမှ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မွေးမြူရေးလုပ်ကိုင်သူများအတွက် အကျိုးကျေးဇူးရှိသကဲ့သို့ သောက်သုံးရေသာမက လယ်စိုက်တောင်သူများအတွက်လည်း လယ်ဧက ၁၀၀ ကျော်ကို စိုက်ပျိုးပေးနိုင်မည်ဖြစ်ကြောင်း မလှိုင်မြို့ ဆည်မြောင်းဦးစီးဌာန ဦးမောင်မောင်ကျော်ထံမှ သိရသည်။

မြစ်ကျင်းစံပြကန်၏ ကန်ပေါင်အလျားပေ ၁၅၀၀၊ အမြင့် ၁၅ ပေ၊ အကျယ် ၁၄ ပေ၊ ကန်တွင်းရေဝပ်ဧရိယာ ၁၀ ဧက၊ ၁ ပေ ရေထုတ်ပြွန်အဆောက်အအုံတစ်လုံး၊ ကျောက်စီရေပို့လွှဲ အကျယ်ပေ ၃၀ ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဆည်၊ ကန်စုစုပေါင်း ၂၅၂ ကန်၊ မလှိုင်မြို့နယ်အတွင်း ၁၃ ကန် တည်ဆောက်ခွင့်ရရှိသည့်အနက် ကိုးကန်မှာ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပြီး လေးကန်မှာ နတ်မောက်တောင်ကုမ္ပဏီမှ တည်ဆောက်သည်ဟု သိရှိရသည်။

(၆၂၇)

ရေးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၆

မူးယစ်တပ်ဖွဲ့စု(၃၉)ရေးမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်က ရေးမြို့ သီရိခေမာရပ်ကွက် ရာဇမိရာဇ်လမ်းတွင် တွေ့ရှိသူ ထွန်းကိုကို(ခ) ဟာဇန်အား ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အင်္ကျီဝဲဘက်အိတ်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၁၀ အား သိမ်းဆည်းရမိသဖြင့် ထွန်းကိုကို(ခ) ဟာဇန်(၄၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)



ထွန်းကိုကို(ခ) ဟာဇန်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

လျှပ်စစ်သုံးလျှင် သတိယူ၍ ဝန်အားမမှုမသုံးရ

ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ရီကီလ်ဆွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နိုင်ငံခြားရေး ဒုတိယဝန်ကြီးနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Sok Chol လည်း တက်ရောက်သည်။

(သတင်းစဉ်)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၆

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီး H.E.Mr.Bruce Shepherd အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ လာရောက်တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပဲခူး ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်/ပဲခူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲဆန္ဒရှင်များစာရင်း ပုံစံ(၁) မူကြမ်းပြုစုရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပွင့်လင်းမြင်သာ၍ တရားမျှတပြီး နိုင်ငံတကာစံချိန်နှင့် ကိုက်ညီသော သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဓိကကျသည့် မဲဆန္ဒရှင်များစာရင်းအား မိမိတို့တိုင်းဒေသကြီးတွင် IFES (ရွေးကောက်ပွဲဆိုင်ရာအပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း)တို့ ပူးပေါင်း၍ ယခုလအတွင်း ပြုစုမည်ဖြစ်ရာ တက်ရောက်သည့် ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်တာဝန်အဖြစ် ခံယူကာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဇော်လင်းမောင်(ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ)က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအား ဖြည့်စွက်ဆွေးနွေးခဲ့ပြီး အတွင်းရေးမှူး ဦးကျော်စိုး (ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)က ဌာနဆိုင်ရာများမှ ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သည့် ဝန်ထမ်းများအား IFES နှင့် ပူးပေါင်း၍ မဲဆန္ဒရှင်များစာရင်း ပုံစံ(၁)ပြုစုရာတွင် Computer Software နှင့် ပြုလုပ်နိုင်ရေး ဖွင့်လှစ်သည့်သင်တန်းသို့ စေလွှတ်ပေးနိုင်ရေးနှင့် မဲဆန္ဒရှင်များစာရင်းပြုစုသည့်ကာလတွင် ၎င်းဝန်ထမ်းများအား တွဲဖက်ပေးနိုင်ရေးများအား တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

တင်ဒါခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)တွင် ထိန်းသိမ်းထားသည့် သတင်းစာလုပ်ငန်း ဘေးထွက်သတင်းစာရိုက်ပျက်(၁၁၀၀၀) ပိဿာကျော်အား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် ၉-၂-၂၀၁၅ရက် ညနေ ၃နာရီတွင် စပေါ်ငွေ ကျပ်၃၀၀၀၀၀/-(ကျပ်သုံးသိန်းတိတိ)နှင့်အတူ မည်သူမဆို လာရောက်လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
၂၀×၂၁ လမ်း၊ ၈၂×၈၃လမ်းကြား၊ မန္တလေးမြို့
ဖုန်း-၀၂-၇၃၂၁၉

ကန်လမ်း ၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့။

FREE SHOW
အခမဲ့

(၁၀.၂.၂၀၁၅) ၊ (၁၁.၂.၂၀၁၅)

ပဲခူးတိုင်းဒေသကြီးတွင်တည်ရှိသော ပြည်မြို့ ရှိရုပ်ရှင်ကြည့်ချစ်ပရိသတ်ကြီးများအတွက်
နိုင်ငံတကာအဆင့်မီ 2D / 3D စက်သစ်ကြီးများတပ်ဆင်ထားသော

Mingalar

မင်္ဂလာ ထွန်းသီရိ အဆင့်မြင့်ရုပ်ရှင်ရုံ
Mingalar Tun Thiri Cineplex

ကြီးတွင်ကျယ်ဝန်းသပ်ရပ်လှပပြီး သက်တောင့်သက်သာအပန်းဖြေ အနားယူကြည့်ရှုနိုင်သော
အဆင့်မြင့်ရုပ်ရှင်ရုံ (၃)ရုံ Cinema - 1, Cinema- 2, Cinema- 3 ပါဝင်ပြီး
မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ်များကို
ကြည်လင်ပြတ်သားသောပိတ်ကားပြင်၊ အရုပ်အသံကောင်းမွန်သော DIGITAL 3D CINEMA
နောက်ဆုံးပေါ်စက်သစ်ကြီးများနိုင်ငံတကာအဆင့်မီ ထူးခြားပြည့်စုံသောဝန်ဆောင်မှုများဖြင့်
ရုပ်ရှင်ကြည့်ချစ်ပရိသတ်များ အပန်းဖြေကြည့်ရှုအနားယူနိုင်ရန်
ဖေဖော်ဝါရီလ ၁၂ရက် (ပြည်ထောင်စုနေ့) တွင် စတင်ဖွင့်လှစ်ပြသလိုက်ပါသည်။

နေ့များတွင်နံနက်(၁၀း၀၀)နာရီမှ ည(၁၀း၀၀)နာရီအထိ အခမဲ့ဖွင့်လှစ်ပြသသွားပါမည်။

၁၂.၂.၂၀၁၅ ရက်မှစတင်ပြသမည့်ဇာတ်ကားများ
ကိုတင့်တို့ ရှုပါရပ်ကွက် (DCP)

EXODUS: GODS AND KINGS(3D)

BIG HERO 6 (3D)

ကြိုတင်လက်မှတ်ရောင်းပြီ

ဖုန်း - ၀၉၇၉၀၁၈၃၇၅၁
၀၉၇၉၀၁၈၃၇၅၂
၀၉၇၉၀၁၈၃၇၅၃

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ ဂုဏ်ပြုဆောင်းပါး

ဗိုလ်ချုပ်အောင်ဆန်းစိတ်ဓာတ် အစွန့်ရှည်တည်တံ့ပါစေသော်

o— တက္ကသိုလ်မြတ်သူ —o

၁၈၂၄ခုနှစ်၊ ၁၈၅၂ ခုနှစ် နှင့် ၁၈၈၅ ခုနှစ်တို့တွင် နယ်ချဲ့အင်္ဂလိပ်တို့က သယံဇာတမျိုးစုံ၊ ပတ္တမြားကျောက်သံ၊ စပါးကောက်နှံ အဆီအနှစ်ကြွယ်ဝသည့် မြန်မာနိုင်ငံကို သိမ်းပိုက်ရန် သုံးကြိမ်ကျူးကျော်တိုက်ခိုက်ခဲ့သည်။ မြန်မာတို့ကလည်း သူ့ကျွန်မခံ၊ တွန်းလှန်တိုက်ခိုက်ကာ သမိုင်းပြောင်ခဲ့ကြသည်။

တိုင်းရင်းသားဖြစ်သူတို့၏ မျိုးချစ်၊ ပြည်ချစ်စိတ်၊ ဇာတိသွေးဇာတိမာန်၊ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုများဖြင့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့ကြသည်။

လွတ်လပ်ရေးကို လက်တွေ့ကာယကံမြောက် မရမနေကြိုးပမ်းကြသော ၂၀ ရာစု၏ ပထမတစ်ဝက် ကုန်လုအံ့အချိန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကို ရိုးသားဖြောင့်မတ်တည်ကြည်စွာ စွန့်လွှတ်စွန့်စား နှလုံးရည်၊ လက်ရုံးရည်ဖြင့် ထူးခြားထက်မြက်စွာ ဦးဆောင်ခဲ့သူမှာ သခင်အောင်ဆန်း၊ ဦးအောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်သည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေးမလွှဲမရှောင်သာ ပြန်ပေးရခါနီးအချိန် နယ်ချဲ့သမားသည် ဧရာဝတီမြစ်ဝှမ်း မြေပြင်လွင်ပြင်တစ်လျှောက် (ယနေ့ တိုင်းဒေသကြီးခုနစ်ခု)ကိုသာကွက်ပြီး လွတ်လပ်ရေးပေးမည်၊ တိုင်းရင်းသားများ၏ တောင်တန်းဒေသများသည် ကိုယ့်ကိုယ်ကိုယ် မအုပ်ချုပ်တတ်သေးဟု တစ်ဖက်တွင် အကြောင်းပြ၊ အခြားတစ်ဖက်တွင် တိုင်းရင်းသားများအား ဗမာနှင့်အတူ လွတ်လပ်ရေးမယူဘဲ ဗြိတိသျှတို့လက်အောက်မှာ ဆက်နေရန် မက်လုံးမျိုးစုံပေးပြီး သွေးထိုးသွေးခွဲနေခဲ့ပေသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗြိတိသျှလေဘာပါတီ အစိုးရဝန်ကြီးချုပ် (နန်းရင်းဝန်)အက်တလီ၏ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့သွားရောက်၍ မြန်မာ့လွတ်လပ်ရေး ဆွေးနွေးကာ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုတော့မည့်အချိန်တွင် ဗြိတိသျှအရာရှိများ၏ သွေးခွဲ၊ သွေးထိုးမှုဖြင့် စော်ဘွားအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းတောင်တန်းကို ကိုယ်စားမပြုဟု လန်ဒန်သို့ ကြေးနန်းရိုက်သည်။

ဗြိတိသျှတို့က ဗိုလ်ချုပ်ကို ဗမာမြေပြန့်လွတ်လပ်ရေးကိုသာယူရန်၊ တောင်တန်းဒေသချန်ခဲ့ရန် စော်ဘွားတို့၏ ကြေးနန်းကိုပြကာ စေ့ဆော်သည်။ ဗိုလ်ချုပ်က နိုင်ငံတစ်ဝန်း (ဗြိတိသျှတို့ ၁၈၈၅ ခုနှစ်တွင် သိမ်းယူသွားသော နယ်နိမိတ်အားလုံး) လွတ်လပ်ရေးပေးရန် တောင်းဆိုသည်။ ရှမ်းတိုင်းရင်းသား မျိုးချစ်လူငယ်များက တောင်ကြီးမြို့တွင် လူအင်အားသိန်းနှင့်ချီ၍ တက်ရောက်သော လူထုအစည်းအဝေးပွဲကြီး ကျင်းပကာ ရှမ်းပြည်သူတစ်ရပ်လုံးသည် ဗမာနှင့်အတူ (အားလုံးနှင့်အတူ) လွတ်လပ်ရေးယူမည်၊ နယ်ချဲ့ဗြိတိသျှအစိုးရအနေဖြင့် ယခုအချိန်မှစပြီး ရှမ်းပြည်နယ်က ထွက်သွားတော့ဟု ဆုံးဖြတ်ကြေညာကာ ဗိုလ်ချုပ်အောင်ဆန်းတို့ ကိုယ်စားလှယ်အဖွဲ့အား ရှမ်းလူထုက ထောက်ခံကြောင်း လန်ဒန်သို့ကြေးနန်းရိုက်ပို့ခဲ့သည်။

သို့ဖြင့် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း-အက်တလီစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဗိုလ်ချုပ်သည် ဘိလပ်မှအပြန် တောင်တန်းဒေသများသို့ ကိုယ်တိုင်သွားရောက်ကာ တိုင်းရင်းသားတို့၏ လွတ်လပ်ရေး ဆန္ဒသဘောထားများ လေ့လာစူးစမ်းသည်။ စည်းရုံးသည်။ သုတေသီစာရေးဆရာစံအောင်ရေးသားသည့် "ညီညွတ်ရေး အရေးတော်ပုံ" စာအုပ်၊ စာမျက်နှာ ၆၈ တွင် အောက်ပါအတိုင်းဖော်ပြထားသည်ကို ဖတ်ရှုကြပါဘိ -

"ထိုအခါ နန်းရင်းဝန်အက်တလီက (၎င်းတို့ကြို၍ မူလစီစဉ်ထားသော ပင်လုံညီလာခံအစည်းအဝေးမှာ ဗိုလ်ချုပ်အောင်ဆန်းအား ဖိတ်ကြားရန် အစီအစဉ်လုံးဝမပါရှိ မသက်ဆိုင်ဘဲ ဗြိတိသျှဘုရင်ခံတက်ရောက်ပြီး နယ်ခြားဒေသ ပြည်နယ်များသမဂ္ဂ အကောင်အထည်ဖော်ရေးအတွက် စီစဉ်ထားသော အစည်းအဝေးဖြစ်နေ၍) လာမည့်ဖေဖော်ဝါရီလထဲတွင် စော်ဘွားများ ပင်လုံမြို့တွင် ညီလာခံအစည်းအဝေး ပြုလုပ်ရန် စီမံထားသည်ဟု သိရှိရကြောင်း၊ ဦးအောင်ဆန်းအနေဖြင့် ထိုအစည်းအဝေးတွင် မျက်နှာစုံညီတက်ရောက်ပြီး ဆုံးဖြတ်ကြပါရန် ပြောကြားရင်း ဗိုလ်ချုပ်အောင်ဆန်းအား နန်းရင်းဝန် အက်တလီက ဖိတ်ကြားလိုက်တော့၏။ အခြေအနေကား စက္ကန့်တိုင်း၊ မိနစ်တိုင်းတွင် မမျှော်လင့်ဘဲ ပြောင်းလဲလျက်ရှိ၏။ နယ်ချဲ့သမားတို့သည် ၎င်းတို့အတွက် ကြိတ်၍ စီစဉ်အကွက်ချထားသော ပင်လုံအစည်းအဝေးသည် ဗိုလ်ချုပ်အောင်ဆန်းအတွက် ပင်လုံအစည်းအဝေးအဖြစ်သို့ ရုတ်ခြည်းပြောင်းလဲသွားရလေတော့သည်။"

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ကျူးကျော်တိုက်ခိုက် နယ်ချဲ့သိမ်းပိုက်စဉ်က အလောင်းမင်းတရားကြီး စုစည်းခဲ့သော တတိယမြန်မာနိုင်ငံတော် နယ်နိမိတ်တစ်ခုလုံးကိုသိမ်းယူပြီး လွတ်လပ်ရေးပေးရန် မြန်မာတစ်ပြည်လုံး အုံကြွ တောင်းဆို(ရာဇသံပေး)ခဲ့သဖြင့် ဆုံးဖြတ်ခဲ့ရသည့်တိုင် နိုင်ငံတော်ကို ပိုင်းစိတ်ခွဲခြမ်းပြီး မြေပြန့်ဗမာများကိုသာကွက်၍ လွတ်လပ်ရေးပေးရန်၊ တိုင်းရင်းသားဒေသများခြွင်းချန်ခဲ့ရန် အကွက်ချစီစဉ်ခဲ့သည်။ ရှမ်းစော်ဘွားအချို့ကို သိမ်းသွင်းကာ ဗမာနှင့်သွေးခွဲပေးခဲ့သည်။ တောင်ကြီးမြို့ ရှမ်းလူထုအစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်ကြောင့်သာ ၎င်းတို့ စီစဉ်ထားသော ပင်လုံစော်ဘွားညီလာခံသို့ ဗိုလ်ချုပ်အား ဖိတ်လိုက်ရခြင်းဖြစ်သည်။ ပင်လုံတွင်သွေးခွဲခံစော်ဘွားများနှင့် ဗိုလ်ချုပ်ထိပ်တိုက်တွေ့စေချင်ပုံလည်းရသည်။ ထို့မျှမက တိုင်းရင်းသားတို့ ဆန္ဒကိုမေးမြန်းစုံစမ်းရန် ရီးစ်ဝီလျံနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ တိုင်းရင်းသားစုံဆန္ဒကို တွေ့ဆုံမေးမြန်းခဲ့သည်။ မေးမြန်းရာ၌ ဗြိတိသျှအလိုကျ "ဗမာနှင့်အတူ လွတ်လပ်ရေးမယူလိုပါ"ဟူသော အဖြေရရန် ရေလာမြောင်းပေး မေးခွန်းများ ပေးခဲ့သည်။ ရိုးသား၍ ကျွန်ဘဝအနိဋ္ဌာရုံကို လက်တွေ့ခံစားနေရသည့် တိုင်းရင်းသားတိုင်းက "ဗမာနှင့်အတူ လွတ်လပ်ရေးယူမည်"ဟု တူညီစွာဖြေကြားခဲ့ကြသည်။

လွတ်လပ်ရေးကြိုးပမ်းမှုတပ်ဦးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး)အဖွဲ့ချုပ်ကလည်း တိုင်းရင်းသားခေါင်းဆောင်စုံ၊ တောင်တန်းဒေသစုံ ကိုယ်စားပြုသော ပင်လုံညီလာခံဖြစ်အောင် မျိုးချစ် ရှမ်းလူငယ်များ၏ ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့၊ အမြော်အမြင်ကြီး၍ နယ်ချဲ့သွေးခွဲမခံသော စော်ဘွားကြီးများနှင့် ပူးပေါင်းကာ ပင်လုံညီလာခံကိုကျင်းပဦးဆောင်ခဲ့သည်။ ဗြိတိသျှအစိုးရ၏ တောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီး စတီဗင်ဆင်သာမက လန်ဒန်မှစေလွှတ်လိုက်သော ကိုလိုနီဆိုင်ရာ အတွင်းဝန် ဘော့တွမ်(မ်)လေတို့ပါ ပင်လုံညီလာခံသို့လာရောက်၍ စော်ဘွားများကိုသွေးခွဲကြသည်။ ပင်လုံညီလာခံကို ဗိုလ်ချုပ်တို့ လိုလားသည့်အတိုင်း ဖြစ်မလာစေရန် သွေးထိုးကြသည်။ ယင်းတို့၏ အောက်ဖော်ပြပါ ပြောကြားခဲ့သော စကားလုံးများကို ကြည့်ကြပါတော့၊ အများဆုံးပြောသူမှာ တောင်တန်းဒေသမင်းကြီး စတီဗင်ဆင်ဖြစ်သည်-

"အောင်ဆန်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို ဦးဆောင်ဖွဲ့စည်းတဲ့ ကွန်မြူနစ်ဖြစ်တယ်။ ဗမာနဲ့ပေါင်းပြီး လွတ်လပ်ရေးယူရင် သူတို့အစိုးရဖြစ်အောင် ရှမ်းပြည်နဲ့ တောင်တန်းဒေသအားလုံးကို အုပ်ချုပ်မယ်။ စော်ဘွား ဒူဝါတွေကို ဖြုတ်ပစ်မယ်။ သီးခြားလွတ်လပ်ရေးယူပြီး ဗြိတိသျှဓနသဟာယအဖွဲ့ထဲမှာ (ခင်ဗျားတို့)နေရင် ဘေးကင်းတယ်။ လိုတဲ့အကူအညီ အားလုံးပေးမယ်။ အလိုရှိရင် ငွေသိန်းပေါင်းငါးဆယ်နဲ့ လက်နက်ငယ်တွေပေးထားမယ်။ ခင်ဗျားတို့ကို ရုတ်တရက်ဖြုတ်မချပေမယ့် ဗမာတွေရဲ့ အုပ်ချုပ်စိုးမိုးမှုအောက်မှာ ဆယ်အိမ်ခေါင်းသာသာအဆင့် ရောက်သွားမယ်။ စိတ်ကူးမလွဲနဲ့၊ ဗမာနဲ့ပူးပေါင်းပြီး လွတ်လပ်ရေးယူရင် မပြင်နိုင်တဲ့အမှားဖြစ်မှာပဲ"။

"ဗမာတွေက ခင်ဗျားတို့ကိုလိုက်လျောလှချည်လား၊ ဒါလောက်လွယ်တာက အကြောင်းတစ်ခုတော့ရှိမယ်။ အရမ်းမလုပ်ဘဲ စဉ်းစဉ်းစားစားလုပ်ကြရင် ကောင်းမယ်။ ဗိုလ်ချုပ်ရုပ်ကို ကြည့်ပါလား။ ဂျပန်စိတ်မပျောက်သေးဘူး။ တော်တော်ကြာ ခင်ဗျားတို့ဖက်ဆစ်လက်အောက်ရောက်သွားမှာပဲ"

လန်ဒန်မှလာသော ဘော့တွမ်(မ်)လေက "နိုင်ငံရေးကိစ္စနှင့်ပတ်သက်သော စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် အစစအရာရာ ဆင်ခြင်တိုင်းထွာပါ။ နောင်ရေးအတွက် ရှည်ရှည်ဝေးဝေးစဉ်းစားပါ။ စာတစ်ပိုဒ်၊ စကားတစ်လုံး လိုသွားပါက ချည်ပြီး၊ တုပ်ပြီး ဖြစ်နေတတ်သည်။ မလှုပ်မရှားနိုင်ဖြစ်ပြီး နစ်နာတတ်သည်"ဟု သွေးထိုးပြန်၏။

ထိုအခါ ကချင်ကိုယ်စားလှယ် ဆမားဒူဝါဆင်ဝါးနောင်က "ငါတို့တိုင်းရင်းသား အချင်းချင်းအပေးအယူလုပ်ပြီး ဆွေးနွေးရာမှာ ဘယ်ခွေးဝဲစားမှ နားထောင်နေစရာ မလိုဘူး"ဟု ဒေါသတကြီး ပြောပစ်လိုက်သည်။

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့က ရှမ်းပြည်ရောက် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်ကြီးမြို့ ဘောလုံးကွင်းအတွင်းကျင်းပသော မြို့လုံးကျွတ်လူထုအစည်းအဝေးတွင် ရှမ်းပြည်ဒေသ၏ သဘာဝအလှအပတို့ကို ခံစားရင်း ဤသို့မိန့်ကြားခဲ့ခြင်းဖြင့် တိုင်းရင်းသားများအပေါ်ထားရှိသော လွတ်လပ်ရေးစေတနာဆန္ဒကို ဖော်ပြခဲ့သည်-

"အဲ - အခုလို မိုးကောင်းကင်ပြာပြာနဲ့ တောင်တန်းပေါ်က ချယ်ရီပန်းတွေကလည်းပွင့်ဆိုတော့ ခင်ဗျားတို့ ရှမ်းပြည်ကို ဂျပန်ကလည်းကြိုက်တာပဲ၊ အင်္ဂလိပ်-အမေရိကန်ကလည်း ကြိုက်မှာပဲ။ ဘယ်သူဘာပဲပြောပြော ကျုပ်တို့ကတော့ တစ်နှစ်အတွင်း လွတ်လပ်ရေးရအောင်ယူမယ်။ လွတ်လပ်ရေးပေးရင်ပေး၊ မပေးရင်ချမှာပဲ။ ခင်ဗျားတို့ကိုလည်း ကျုပ်တို့နဲ့အတူ လွတ်လပ်စေချင်တယ်"။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ ပင်လုံညီလာခံဆက်လက်ကျင်းပသည့်နေ့ ညပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်၊ ချင်း၊ ရှမ်းခေါင်းဆောင်များနှင့် တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာ၌ ဗိုလ်ချုပ်က ဤသို့မိန့်ကြားခဲ့သည်-

"ကျုပ်တို့နဲ့တကွ ဘိလပ်သွားကိုယ်စားလှယ်ကြီးများသည် ဘုရင်၏ အမှုဆောင်ဝန်ကြီးများအဖြစ်ဖြင့် ဖိတ်ခေါ်ခြင်းခံရသည့်အလျောက် တောင်တန်းနယ်များကို မြန်မာနိုင်ငံ အုပ်ချုပ်ရေးနယ်နိမိတ်အတွင်း သွတ်သွင်းထိုက်သည်ဟု ဘုရင်ခံ၏ အမှုဆောင်ဝန်ကြီးများအဖြစ်(မိမိတို့) တိုက်တွန်းပြောဆိုခဲ့သည်။ ယခုအချိန်တွင် တောင်တန်းနယ်များ၏ လွတ်လပ်ရေးသည် လွတ်လပ်ရေးကို လိုလားခဲ့သော်ရယူနိုင်သည့်အခြေသို့ ဆိုက်ရောက်နေသဖြင့် လက်တွင်းသို့ ရောက်နေပြီဟုဆိုရမည်ဖြစ်သည်။ မလိုချင်ရင်လည်း မယူဘဲနေနိုင်ပါသည်။ ယခု(ဗြိတိသျှ)ပါလီမန်မှ စေလွှတ်လိုက်သော ကိုယ်စားလှယ် မစ္စတာဘော့တွမ်(မ်)လေသည် ထိုမေးခွန်းကို တောင်တန်းဒေသခေါင်းဆောင်များအား မေးမြန်းရန်ရောက်လာပြီဖြစ်သည်။ တောင်တန်းဒေသပုဂ္ဂိုလ်များသည် အတိုင်ပင်ခံအဖွဲ့ဖြင့် အုပ်ချုပ်မှုကို လိုလားသလား၊ သို့မဟုတ် အခြားနည်းဖြင့် အုပ်ချုပ်လိုသလားဟူ၍ ဆုံးဖြတ်ကြရမည်ဖြစ်သည်။ အတိုင်ပင်ခံအဖွဲ့ဖြင့် အုပ်ချုပ်သော နည်းမှာ အသုံးမကျသောနည်းမျိုးသာဖြစ်သည်။ ဗမာလူမျိုးများနှင့် တောင်တန်းဒေသနေ အမျိုးသားများမှာ ရင်းချာသော ညီအစ်ကိုမောင်နှမများဖြစ်သည့်အလျောက် ညီမျှသော အဆင့်အတန်းရရှိစေမှုအတွက် စေတနာထားပါသည်။ မိမိတို့နှင့်တန်းတူဖြစ်သော အုပ်ချုပ်ရေးမျိုးရရှိစေမှုအတွက် ဖဆပလသည် မဲဆန္ဒရှင်များ၏ များရာ အင်အားစုကို ဧကန်ရမည်မှာ သေချာနေသည်။ ထိုအခါ ဖဆပလသည် တောင်တန်းဒေသနေ အမျိုးသား(တိုင်းရင်းသားများ)၏အကျိုးစီးပွားကို ကာကွယ်ပေးမည့် အက်ဥပဒေရေးဆွဲမည်ဖြစ်ပါသည်။"

ပင်လုံညီလာခံကို ဦးစီးဦးကိုင်၊ သဘာပတိအဖြစ် စော်ဘွားအများစုက လေးစားကြရသော၊ ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်၊ ပလောင်တောင်ပိုင် စော်ဘွားကြီး စဝ်ခွန် ပန်းစိန်က ဗိုလ်ချုပ်မိန့်ခွန်းပြောကြားပြီး ဤကဲ့သို့တောင်တန်းဒေသများကိုယ်စား မိန့်ကြားခဲ့လေသည်-

"ဗိုလ်ချုပ်က ရှင်းရှင်းနဲ့ဘွင်းဘွင်းကြီး ပြောဆိုသွားသဖြင့် ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။ နိုင်ငံတို့သည် လွတ်လပ်ရေးကို တမ်းတကြသည်မှာလည်း ထူးခြားဆန်းပြားသော အလုပ်မျိုးမဟုတ်သည့်အလျောက် ဓမ္မတာအတိုင်း မိမိတို့လည်း လွတ်လပ်ရေးကို လိုလားပါသည်။ တောင်တန်းဒေသများက လွတ်လပ်ရေးကို လိုလားခဲ့သည်မှာ အတော်ပင်ကြာခဲ့ပါပြီ။ အင်္ဂလိပ်များ လွှမ်းမိုးနေသည့်အတွက် ဘာကိုမှ မလုပ်မကိုင်နိုင်ခဲ့ကြပါ။ အင်္ဂလိပ်များ ဖိနှိပ်နေသည့်အတွက် တိုးတက်မှုများကိုမလုပ်နိုင်အောင်ရှိခဲ့ပါသည်။ ကျွန်ုပ်တို့ အတိုင်ပင်ခံကောင်စီကိုလက်ခံမည် မဟုတ်ပါခင်ဗျား"

တောင်ပိုင်စော်ဘွားကြီး၏ တောင်တန်းဒေသအားလုံး လွတ်လပ်လိုသောဆန္ဒ တင်ပြချက်သည် ပင်လုံညီလာခံအောင်မြင်ရေး အခြေခံအကြောင်းတရားဖြစ်သည်။ နယ်ချဲ့တို့ သွေးထိုး၊ ကလန့်နေသည့်ကြားမှ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးကို တိုင်းရင်းသားစုံခေါင်းဆောင်များ လက်မှတ်ရေးထိုးထုတ်ပြန်ကာ (၁)နယ်ချဲ့တို့အား တုန်လှုပ်သွားစေခဲ့သည်၊ (၂)တိုင်းရင်းသားစုံ သွေးစည်းညီညွတ်မှု မှတ်ကျောက်တင်ခဲ့သည်၊ (၃)လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော မြန်မာပြည်ထောင်စုကြီးခမ်းနားထည်ဝါစွာ မားမားမတ်မတ် ပေါ်ထွန်းရပ်တည်လာခဲ့သည်၊ (၄)စစ်မှန်သော မျိုးချစ်စိတ်ဓာတ် (ဝါ) နိုင်ငံချစ်စိတ်ဓာတ် (ဝါ) ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်အားကောင်းလာစေခဲ့သည်။ စာမျက်နှာ ၁၁ သို့ » »

> လွတ်လပ်ရေးကို လက်တွေ့ကာယကံမြောက် မရမနေကြိုးပမ်းကြသော ၂၀ ရာစု၏ ပထမတစ်ဝက် ကုန်လုအံ့အချိန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကို ရိုးသားဖြောင့်မတ်တည်ကြည်စွာ စွန့်လွှတ်စွန့်စား နှလုံးရည်၊ လက်ရုံးရည်ဖြင့် ထူးခြားထက်မြက်စွာ ဦးဆောင်ခဲ့သူမှာ သခင်အောင်ဆန်း၊ ဦးအောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်းဖြစ်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

သတင်းမီဒီယာလွတ်လပ်ခွင့်ရလာသည်နှင့်အမျှ တစ်ဖက်တွင်လည်း တာဝန်သိမှု၊ တာဝန်ခံမှုများလည်း လိုက်ပါတိုးတက်လာရန် လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **"သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ဆည်(၆)ခုနှင့်ပတ်သက်၍ ဗျူဟာမြောက် EIA ကို လုပ်ဆောင်ရန်နှင့် ၎င်းဆည်များဆောက်လုပ်ရာတွင် IWRM ရေအရင်းအမြစ်ဘက်စုံစီမံကိန်းခန့်ခွဲမှုနည်းစနစ်ကိုအသုံးပြုရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ရေအားလျှပ်စစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေအားအရင်းအမြစ်များသည် နည်းပညာအရသော်လည်းကောင်း၊ စီးပွားဖြစ်ထွန်းမှုအရသော်လည်းကောင်းဖြစ်မြောက်နိုင်စွမ်းရှိကြောင်း သေချာမှုရှိရမည့်အပြင် စီမံကိန်းတည်ဆောက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝပတ်ဝန်းကျင် ထိခိုက်မှုများလည်း အနည်းဆုံးဖြစ်ရန် လိုအပ်ပါကြောင်း။

သံလွင်မြစ်ပေါ်တွင် စီမံကိန်းနေရာ(၅)ခု စူးစမ်းလေ့လာလျက်ရှိပါကြောင်း၊ အဆိုပါ စီမံကိန်း(၅)ခုအနက် အပေါ်ဘက်အကျဆုံး စီမံကိန်းတစ်ခုဖြစ်သည့် ကွမ်းလုံမြို့နယ်အတွင်းမှ ကွမ်းလုံရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို အင်ဂျင်နီယာဆိုင်ရာ စူးစမ်းလေ့လာမှုများ၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများအပေါ် စစ်ဆေးလက်ခံပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက် အစီရင်ခံစာပါ ဆက်လက်တင်သွင်းစေခဲ့ပါကြောင်း။

အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြနိုင်ခြင်းမရှိသော်လည်း ဆောင်ရွက်ပေးရမည့်ကိစ္စများ ဆောင်ရွက်ပေးရန် လက်ရှိအခြေအနေ၊ စီမံကိန်းကာလနှင့် နောက်ပိုင်းအခြေအနေများအတွက် EIA, SIA ကိစ္စများ အသေးစိတ်ကွင်းဆင်းစစ်ဆေးရန် ဝန်ကြီးဌာနအဆင့်ဗဟိုအဖွဲ့နှင့် ဒေသအဆင့် လုပ်ငန်း ကော်မတီအသီးသီးလည်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့များသည် ပွင့်လင်းရာသိမှုစ၍ စီမံကိန်း မစမီ ဆောင်ရွက်ရန်ကိစ္စများ ပြည့်စုံစွာဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံများထံ ကွင်းဆင်း၍ စနစ်တကျရှင်းလင်းတင်ပြမှုများကို (၂)ကြိမ်ရှင်းလင်းတင်ပြပြီး စီမံကိန်းချဉ်းကပ်လမ်းကြောင်း နစ်နာသူများပါ နစ်နာကြေးညှိနှိုင်းခြင်းနှင့် အချို့တစ်ဝက်ပေးချေခြင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကိစ္စများကြီးကြပ်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများပါဝင်သည့် ဗဟိုကော်မတီတစ်ရပ်ကိုလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍လည်းကောင်း၊ လုပ်ငန်းကော်မတီတစ်ရပ်ကို ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီးဦးဆောင်၍လည်းကောင်း ဖွဲ့စည်းထားပြီး ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ပြီးဖြစ်ပါကြောင်းနှင့် စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်ဆောင်ရွက်ရန် စူးစမ်းလေ့လာနေသည့် ကျန်စီမံကိန်း(၄)ခု ဆောင်ရွက်ပါကလည်း မဟာဗျူဟာမြောက်လေ့လာမှု ဘက်စုံထည့်သွင်းစဉ်းစားဆောင်ရွက်ရန်ကိစ္စအတွက် ကုမ္ပဏီများနှင့် မိမိတို့ဝန်ကြီးဌာနအပါအဝင် အခြားဝန်ကြီးဌာနများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအားလုံးကိုချိတ်ဆက်စဉ်းစားနိုင်ရန် ဆွစ်ဇာလန်နိုင်ငံမှ အတိုင်ပင်ခံအဖွဲ့ တစ်ဖွဲ့ဖြစ်သော STUCKY AS အတိုင်ပင်ခံကုမ္ပဏီမှဦးဆောင်ပြီး သက်ဆိုင်ရာ

လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း။

ဒုတိယဝန်ကြီး ဦးပိုက်ထွေး။

စီမံကိန်းအသီးသီးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်တကွ လေ့လာဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်းက **"သတင်းမီဒီယာများ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရန်နှင့် သတင်းမီဒီယာအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ ဥပဒေနှင့်အညီဆောင်ရွက်မှုများ အလျင်အမြန် ပြုလုပ်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အစိုးရသစ်တာဝန်ယူပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းမီဒီယာလွတ်လပ်ခွင့်ကို အဆင့်ဆင့်ဖြေလျှော့ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ(၂၀)ရက်တွင် ကြိုတင်စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည့်အတွက် ထုတ်ဝေစာအားလုံး လွတ်လပ်စွာ ထုတ်ဝေနိုင်ကြပြီဖြစ်ပါကြောင်း၊ ယခင်ဆယ်စုနှစ်များစွာက ခွင့်မပြုခဲ့သည့် ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့်ကိုလည်း ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၎င်းအပြင် အခြားထုတ်ဝေခွင့်များကိုလည်း အလွယ်တကူရရှိအောင် စီမံခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ ဂျာနယ်(၃၉၆)စောင်၊ မဂ္ဂဇင်း(၃၂၄)စောင်၊ အထွေထွေထုတ်ဝေခွင့်(၉၃၆)စောင်နှင့် ပုဂ္ဂလိက သတင်းစာ(၂၇)စောင်ကို ထုတ်ဝေခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ၎င်းတို့အနက် ဂျာနယ်စောင်ရေ(၂၂၀)၊ မဂ္ဂဇင်း(၁၂၈)စောင်နှင့် ပုဂ္ဂလိကသတင်းစာ(၁၂)စောင် လက်ရှိထုတ်ဝေလျက်ရှိပါကြောင်း၊ တိုင်းရင်းသားဘာသာစကားများဖြစ်သည့် ရှမ်း၊ မွန်၊ ချင်း၊ ကချင်နှင့် ကရင်ဘာသာစကားတို့ဖြင့် ထုတ်ဝေလျက်ရှိပြီး ဂျပန်၊ အင်္ဂလိပ် စသည့် နိုင်ငံခြားဘာသာများဖြင့်လည်း ထုတ်ဝေလျက်ရှိပါကြောင်း။

သတင်းမီဒီယာလွတ်လပ်ခွင့် ရလာသည်နှင့်အမျှ တစ်ဖက်တွင်လည်း တာဝန်သိမှု၊ တာဝန်ခံမှုများလည်း လိုက်ပါတိုးတက်လာရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၉)အရ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်တို့အတွက် ပို၍မြင့်မားသည့် စံနှုန်းများကို အလိုရှိနေကြသည်မှာ သဘာဝကျပါကြောင်း၊ သို့သော်လည်း လွတ်လပ်စွာထုတ်ဝေခွင့်ကို စည်းကမ်းမဲ့ မိမိလိုရာအသုံးပြုရန် မသင့်လျော်ပါကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၂၉)တွင် "မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန် အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသောလိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းပေးရန် အလို့ငှာလည်းကောင်း၊ ဥပဒေအရသတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်" ဟု ဖော်ပြထားသည့်အတွက် မိမိတို့လေးစားလိုက်နာရန် လိုအပ်ပါကြောင်း။

ဒီမိုကရေစီ ထူထောင်သည့်နေရာတွင် တန်းတူညီမျှမှုသည် အခြေခံလိုအပ်ချက်ဖြစ်သကဲ့သို့ သတင်းမီဒီယာများအနေဖြင့်လည်း လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ကို သတိနှင့်ယှဉ်ပြီး ကျင့်သုံးသည့် ဂုဏ်သိက္ခာရှိသော မီဒီယာများအဖြစ်ရပ်တည်ရန် လိုအပ်သည့်အပြင် ဥပဒေကိုလေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ သတင်းလွတ်လပ်ခွင့်နှင့်စာနယ်ဇင်းအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ၏ ကျင့်ဝတ်ဆိုင်ရာ ဖြေရှင်းရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ အစိုးရဝန်ကြီးဌာနများ၏ သတင်းထုတ်ပြန်ရေးလုပ်ငန်းစဉ် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စာနယ်ဇင်းကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျင့်ဝတ်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာပါက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် ပထမဦးစွာ ညှိနှိုင်းဆောင်ရွက်ပါကြောင်း၊ ညှိနှိုင်း၍မရမှသာ တရားရုံးတွင် ဖြေရှင်းဆောင်ရွက်ပါကြောင်း။

မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် အမေရိကန်၊ ဂျာမနီ၊ စင်ကာပူ၊ ယူနက်စကိုတို့နှင့် ပူးပေါင်းပြီး မီဒီယာသင်တန်း(၂၄)ကြိမ် ပို့ချပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၂ ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ **စာမျက်နှာ ၉ သို့** ✱

စာမျက်နှာ ၉ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

အနာဂတ်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သည့် စီမံကိန်းများဖော်ဆောင်ရန် တိုက်တွန်း

နေပြည်တော် ဖေဖော်ဝါရီ ၆

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစီရင်ခံစာ တစ်ခုဖတ်ကြားတင်သွင်းခြင်း၊ အဆိုနှစ်ခုတင်သွင်းခြင်းနှင့် မေးခွန်း (၅)ခု မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **ချင်းပြည်နယ်၏ သစ်တောပြုန်းတီးမှုကို ကာကွယ်သည့်အနေဖြင့် (UNDP) နှင့် ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လိုအပ်သော မြို့နယ်/ကျေးရွာအလိုက် ထင်းရှူးပင်များ စိုက်ပျိုးရန်အတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်။

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ချင်းပြည်နယ်၏ သစ်တောဖုံးလွှမ်းမှုမှာ ပြည်နယ်ဧရိယာ၏ ၆၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ကျေးလက်နေဒေသခံပြည်သူများအတွက် ထင်းလောင်စာအပါအဝင် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် လူနေမှုဘဝမြင့်တင်ပေးရန်၊ လောင်စာလိုအပ်ချက်အတွက် သဘာဝတောများအပေါ် မှီခိုအားထားနေရခြင်းမှ လျော့နည်းသက်သာစေရန် ရည်ရွယ်၍ ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ၂၀၀၈-၂၀၀၉ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

သစ်တောဦးစီးဌာနသည် ချင်းပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် စီးပွားရေးထင်းရှူးစိုက်ခင်း ၁၀၀ ဧက၊ ထင်းရှူးကွက်လပ်ဖြည့်စိုက်ပျိုးခြင်းနှင့် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မိုးရာသီလူထုဖြန့်ပျိုးပင် လျာထားမှုအနက် ထင်းရှူးပင်ထည့်သွင်းပျိုးထောင်ခြင်း၊ ကျေးလက်အိမ်ရာစီမံချက်အရ တစ်အိမ်ထောင်ကျွန်း ၃ ပင်၊ သစ်မာအပင် ၂၀ နှုန်းဖြင့် တစ်ရွာတစ်ဧက စိုက်ခင်း ၁၀ ဧကတို့ကို တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်ရှိ ဒေသခံပြည်သူများ၏ ဆန္ဒများနှင့်အညီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စီမံချက်အရ စတင်စိုက်ပျိုးမည့်

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်။

တစ်ရွာတစ်ဧက စိုက်ခင်းများတွင် ထင်းရှူးသစ်မျိုးများအား ဦးစားပေးပျိုးထောင်ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၃ခုနှစ် ဇူလိုင် ၈ ရက်တွင် ကျေးရွာထင်းစိုက်ခင်း ဥပဒေပြဌာန်းပြီးဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ သစ်တောနယ်မြေနှင့် အစိုးရမှ စီမံခန့်ခွဲခွင့်ရှိသည့် မြေများတွင် ထင်းရှူးသစ်မျိုးနှင့် ကျေးရွာထင်း စိုက်ခင်းများအား ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ခွင့်ပြုချက်ဖြင့် တည်ထောင်စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း။

ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချင်းပြည်နယ်အခြေစိုက် UNDP၊ NGOs၊ INGOs များမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများတွင် ထင်းရှူးပင်စိုက်ပျိုးထိန်းသိမ်းရေး ကမ်းလှမ်းဆက်သွယ်လာပါက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **ကြက်ခြေနီအသင်းများ ဖွဲ့စည်းပုံပီပြင်စွာဖြစ်ပေါ်ရေးအတွက် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲသွားမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီများနှင့် မြို့နယ် ကြက်ခြေနီအသင်းများ ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်ရေးအတွက် ရပ်မိရပ်ဖနှစ်ဦးစီ တိုးချဲ့ပါဝင်ဖွဲ့စည်းရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီအားလုံးအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အပြီးဖွဲ့စည်းရန် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ရပ်မိ ရပ်ဖများထည့်သွင်းဖွဲ့စည်းရန် ကျန်ရှိနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အပြီးဖွဲ့စည်းရန် အကြောင်းကြားထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **မြန်မာနိုင်ငံ၏ အနာဂတ်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သည့် စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးဆွေးနွေးရန် ကြိုးပမ်းလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ဖင်လန်နိုင်ငံ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Jan Vapaavuori ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံး ဧည့်ခန်းမ၌လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဖင်လန်နိုင်ငံ စီးပွားရေးဝန်ကြီးကကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပွားနေသည့် အငြင်းပွားမှုဖြစ်စဉ်များအပေါ် ရှုမြင်သုံးသပ်ချက်နှင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများ လုပ်ဆောင်နိုင်မည့် အခြေအနေများကို သိရှိလိုပါကြောင်း။

မြေအောက်တူးဖော်ရေး ပစ္စည်းကိရိယာများ၊ ရေအောက်စောင့်ကြည့်လေ့လာရေးစနစ်များ၊ ရေကြောင်းဆိုင်ရာ လေ့ကျင့်မှုများနှင့် ပတ်သက်၍ ယင်းတို့၏သက်ဆိုင်ရာကုမ္ပဏီများမှ ရှင်းလင်းပြောကြားပြီး မြန်မာ့တပ်မတော်မှ ပူးပေါင်းဆောင်ရွက်ရန် ကြိုဆိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကိုသိရှိလိုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးဆွေးနွေးရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း အပစ်အခတ်ရပ်စဲမှု စာချုပ်ချုပ်ဆိုနိုင်ရေး မျှော်မှန်းလုပ်ဆောင်လျက်ရှိပါကြောင်း။

ရေအောက်စောင့်ကြည့်လေ့လာရေးစနစ်များ (Underwater surveillance system)နှင့် ရေကြောင်းဆိုင်ရာ လေ့ကျင့်မှုများ (Underwater surveillance training simulator Maritime simulation training)နှင့် ပတ်သက်၍ တပ်မတော်(ရေ)မှ သက်ဆိုင်ရာပုဂ္ဂိုလ်များအား Presentation ပြုလုပ်၍ အသေးစိတ်ဆွေးနွေးပေးနိုင်လျှင် ပိုမိုကောင်းမွန်မည်ဟု အကြံပြုလိုပါကြောင်း။

မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံ၏စီးပွားရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ရည်ရွယ်၍ လုပ်ဆောင်သည့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းဟူသည့် စီးပွားရေးလုပ်ငန်းနှစ်ရပ်ရှိပါကြောင်း၊ ထိုလုပ်ငန်းနှစ်ရပ်နှင့်ပတ်သက်၍ အဆွေတော်တို့အဖွဲ့မှ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်အသီးသီးအား လေ့လာပြီး ဆက်လက်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ကမ်းလွန်ရေနက်ပိုင်း ရေနံနှင့် ဓာတ်ငွေ့လုပ်ကွက်များ ဆက်လက်လုပ်ကိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် Shell Myanmar Energy Pte. Ltd. နှင့် Mitsui Oil Exploration Co.,Ltd Group တို့သည် ရခိုင်ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက် AD-9 နှင့် AD-11နှင့် တနင်္သာရီကမ်းလွန်ရေနက်ပိုင်းလုပ်ကွက် MD-5 တို့အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ (Production Sharing Contracts) ကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ လက်မှတ်ရေးထိုး စာချုပ် ချုပ်ဆိုကြသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးမောင်မြင့်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ Shell Myanmar Energy Pte. Ltd. မှ Vice President Exploration Asia/ Australia ဖြစ်သူ Mr. Graeme Smith နှင့် Mitsui Oil Exploration Co.,Ltd မှ President & CEO ဖြစ်သူ Mr. Mitsuo Hidaka နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Shell Myanmar Energy Pte.Ltd. မှ Vice President Exploration Asia/ Australia ဖြစ်သူ Mr. Graeme Smith နှင့် Mitsui Oil Exploration Co.,Ltd မှ President & CEO ဖြစ်သူ Mr. Mitsuo Hidaka တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Shell Myanmar Energy Pte.Ltd. မှ Vice President Exploration Asia/Australia ဖြစ်သူ Mr. Graeme Smith နှင့် Mitsui Oil Exploration Co.,Ltd မှ Director ဖြစ်သူ Mr. Kosuke Onishi တို့မှ လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ရခိုင်ကမ်းလွန်ရေနက်ပိုင်း လုပ်ကွက် AD-9 နှင့် AD-11 နှင့် တနင်္သာရီကမ်းလွန်ရေနက်ပိုင်း လုပ်ကွက် MD-5 တို့ လက်မှတ်ရေထိုးခြင်းသည် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် စတုတ္ထအကြိမ် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အဆိုပါစာချုပ်များ လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ၆၁ သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ သုံးသိန်းရရှိမည်ဖြစ်သည်။ ဖော်ပြပါ လုပ်ကွက် ၃ကွက်အတွက် လေ့လာရေးကာလနှစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၂၁၅ သန်း သုံးစွဲမည်ဖြစ်သည်။

စာချုပ်များလက်မှတ်ရေးထိုးပြီးပါက နိုင်ငံခြားရေနံကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှုဆန်းစစ်လေ့လာခြင်းလုပ်ငန်းများ (EIA/ SIA) ကို သက်ဆိုင်ရာလုပ်ကွက်ဒေသများ၌ စတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုလက်မှတ်ရေးထိုးသည့် Shell Myanmar Energy Pte. Ltd. သည် အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံများ၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသည့် Royal Dutch Shell Plc. ကုမ္ပဏီများအုပ်စုမှ ဖြစ်သည်။ Shell Group ကုမ္ပဏီများသည် ကမ္ဘာတစ်ဝန်းနိုင်ငံများနှင့် နယ်မြေဒေသ(၇၀)ကျော်တွင် လုပ်ကိုင်လျက်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း၊ သဘာဝဓာတ်ငွေ့ရည်များကို ထုတ်လုပ်ရောင်းချခြင်း၊ ဟိုက်ဒရိုကာဗွန်မှ ဓာတ်ဆီနှင့်ဒီဇယ်ဆီစသည့် လောင်စာများကို သန့်စင်ထုတ်လုပ်ခြင်း၊ ရေနံထွက်ပစ္စည်းများ၊ ဓာတုပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းများ အပါအဝင် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Geophysical Site Investigation (GSI) Survey တိုင်းတာခြင်းလုပ်ငန်းများအား MV.GENESIS(Call Sign:V4VG)နှင့် MV.ASIAN WARRIOR (Call Sign:V3ZU4) တို့ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ၂၅-၂-၂၀၁၅ ရက်မှ ၂၇-၃-၂၀၁၅ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်-

Point	Latitude	Longitude
(A1)	14˚ 17' 19.07195"N	95˚ 32' 29.06143"E
(B1)	14˚ 28' 3.05757"N	96˚ 7' 54.40950"E
(C1)	14º 5' 7.09860"N	96˚ 14' 56.95390"E
(D1)	13º 53' 24.39990"N	95˚ 39' 47.94140"E

၂။ အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာပေးရန် အကြောင်းကြားပါသည်။

လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၆

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ သီရိဟံသာခန်းမတွင် ဖေဖော်ဝါရီ ၅ ရက်က လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (UN-OHCHR)မှ လူ့အခွင့်အရေးအရာရှိ Mr. Imesh Pokhare နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။ ရဲမှူးကြီး မျိုးမင်းထိုက်က UN-OHCHR နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ လူ့အခွင့်အရေးခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာ စာတမ်းကိုလူတိုင်း၊ အဖွဲ့အစည်းတိုင်း အစဉ်နှလုံးသွင်းကာ ကမ္ဘာတစ်ဝန်းလုံးတွင် အဆိုပါအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

(၀၇၅)

✿ ရတနာပုံမှ

ရရှိခဲ့သည်။ ၂၀၁၂ ပြိုင်ပွဲတွင် ရန်ကုန်နှင့် ဧရာဝတီ၊ ၂၀၁၃ ပြိုင်ပွဲတွင် ရန်ကုန်နှင့် ဧရာဝတီ၊ ၂၀၁၄ ပြိုင်ပွဲတွင် ရန်ကုန်နှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးအဖြစ် ရှုံး/ထွက်အဆင့်သို့သာ တက်ရောက်နိုင်ခဲ့သည်။ သုံးနှစ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် ရန်ကုန်အသင်းမှာ အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယသာရရှိခဲ့သောကြောင့် ယှဉ်ပြိုင်ခွင့်မရခဲ့ပေ။

ရတနာပုံအသင်းမှာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲပထမအဆင့်၌ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သော်လည်း စင်ကာပူကလပ် ဝါရီယာအသင်းကို ပယ်နယ်တီအဆုံးအဖြတ်၌ ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသောကြောင့် AFC Cup ပြိုင်ပွဲကိုသာ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ ရတနာပုံအသင်းမှာ အုပ်စု (G)တွင် တောင်တရုတ်(ဟောင်ကောင်)၊ ပါဟန်(မလေးရှား)၊ ဂလိုဘယ်(ဖိလစ်ပိုင်)တို့နှင့် အတူကျရောက်နေပြီး အဖွင့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် မလေးရှားကလပ် ပါဟန်အသင်းနှင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်သည်။

ရတနာပုံအသင်းမှာ အိမ်ကွင်းပွဲစဉ်များကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဧရာဝတီအသင်းမှာ အိမ်ကွင်းပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ခံကစားမည်ဖြစ်ပြီး အုပ်စု (H)၌ ပါဆီဘန်ဒေါင်း (သို့) အရီမာ(အင်ဒိုနီးရှား)၊ လာအိုတိုယိုတာ(လာအို)၊ နယူးရေးဒီးယန့်(မော်လ်ဒိုက်)တို့နှင့်အတူ ပါဝင်နေသည်။ ဧရာဝတီအသင်းမှာ ဖေဖော်ဝါရီ ၂၅ ရက်တွင် လာအိုတိုယိုတာအသင်းနှင့် အဝေးကွင်းပွဲစဉ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြည်တွင်းရေးရာ

World Health Organization
Country Office for Myanmar

အပြည်ပြည်ဆိုင်ရာ အတက်ရောဂါ အထိမ်းအမှတ်နေ့
၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်

International Epilepsy Day
9th February 2015

ကျန်းမာရေးဝန်ကြီးဌာန

၂၀၁၅ ခုနှစ်(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။

☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။

☆ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်း တည်ဆောက်ရေး။

❋ စာမျက်နှာ ၇ မှ

ပညာရှင်များပူးပေါင်းပြီး Media Development Conference ကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ "ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာသင်တန်း" ကို International Media Support(IMS)က ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း အကြိမ် ၂၀ ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မဏ္ဍိုင်ကြီး (၃)ရပ်နှင့် မီဒီယာတို့အကြား ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း။

သတင်းမီဒီယာသမားများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဥပဒေနှင့်အညီ ကျင့်ဝတ်လိုက်နာ ဆောင်ရွက်နိုင်ရန် သတင်းမီဒီယာဥပဒေကို ၁၄-၃-၂၀၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၂)ဖြင့် ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် ပတ်သက်၍လည်း သတင်းမီဒီယာဥပဒေအခန်း(၃)တွင် ဖော်ပြပြဋ္ဌာန်းထားပြီး ပြဋ္ဌာန်းချက်များနှင့်အညီ သတင်းရယူခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) တို့ပူးပေါင်း၍ သတင်းမီဒီယာနည်းဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မီဒီယာသမားများဘက်ကလည်း မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ထုတ်ပြန်ထားပြီးဖြစ်သော သတင်းမီဒီယာကျင့်ဝတ်များနှင့် တည်ဆဲဥပဒေများကိုသာ လေးစားလိုက်နာသွားကြမည်ဆိုပါက တရားစွဲခံရခြင်းများမရှိနိုင်ပါကြောင်း၊ သတင်းမီဒီယာများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပြည်ထောင်စုအစိုးရဘက်ကလည်း စာနယ်ဇင်းဥပဒေများနှင့်အညီ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ အဆိုအတည်မဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် သုတေသနစာတမ်းဖတ်ပွဲနှင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ကြီးမှူး၍ (၁၃)ကြိမ်မြောက် International Conference on Computer Applications (ICCA 2015) သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်ထိ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတကာ တက္ကသိုလ်များရှိ ပါမောက္ခများက ICT နည်းပညာသစ်များဆိုင်ရာ သုတေသနတွေ့ရှိချက်များ၊ သုတေသနစာတမ်းများ ဟောပြောဖတ်ကြားခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်နှင့် နိုင်ငံခြားတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်သည့် ဘာသာပြန်ဆော့ဝဲများ တည်ဆောက်ခြင်းနှင့် အင်တာနက်ကွန်ရက်လုံခြုံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများလည်း ပြုလုပ်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်တွင် ကွန်ပျူတာတက္ကသိုလ်ကျောင်းပေါင်း ၂၅ ကျောင်းရှိပြီး ရန်ကုန်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် Ph.d နှင့် Master ကျောင်းသား ကျောင်းသူများ ဆက်လက်ပညာသင်ကြားသည်။ ၎င်းတို့သုတေသနပြုထားသော စာတမ်းများသည် နိုင်ငံတကာအဆင့်မီရန်လိုအပ်ကြောင်းနှင့် လက်တွေ့တွင် အသုံးချနိုင်သော စာတမ်းများဖြစ်လာရန်အတွက် ၂၀၀၃ ခုနှစ်မှစ၍ အဆိုပါစာတမ်းဖတ်ပွဲများကို ပြုလုပ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်တွေ့မှာ တကယ်အသုံးချနိုင်တဲ့စာတမ်းတစ်ခု ဖြစ်၊ မဖြစ်ဆိုတာ စောင့်ကြည့်နိုင်ဖို့အတွက် အခုလို သုတေသနဆိုင်ရာစာတမ်း ဖတ်ပွဲတွေ၊ ဆွေးနွေးခြင်းတွေကို အဆက်မပြတ် လုပ်ဆောင်ရခြင်းဖြစ်တယ်။ ဒီတော့ နိုင်ငံတကာတက္ကသိုလ် တွေကလည်း ဆရာမတို့လုပ်ဆောင်နေတဲ့ သုတေသနလုပ်ငန်းတွေကို အသိအမှတ်ပြုလာတယ်။ အတူတကွ လုပ်ဆောင်ဖို့၊ နည်းပညာတွေဖလှယ်ဖို့ ပူးပေါင်းလာကြတယ်။

" ဒါတွေကနေ နိုင်ငံတကာမှာ နည်းပညာသစ်တွေ၊ သုတေသနတွေ့ရှိချက်တွေ စာတမ်းပြုစုခြင်းတွေကို ဘယ်လိုလုပ်ဆောင်နေကြလဲဆိုတာ သိရှိလေ့လာရတယ်။ ဆရာမတို့က အဆင့်မီ ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းတွေကို ဖန်တီးပေးလာနိုင်ရင် ဆရာမတို့ဆီက ကျောင်းသားကျောင်းသူတွေ ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာ တတ်မြောက်လာမယ်။ နိုင်ငံအတွက်လည်း အရည်အသွေးမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပေါ်ထွက်လာစေတယ်"ဟု ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်မိမိသက်လွင်က ပြောသည်။

နိုင်ငံတစ်နိုင်ငံတွင် သုတေသနဆိုင်ရာလုပ်ငန်းများသည် အလွန်အရေးကြီးလှသည်။ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူသားအရင်းအမြစ်၊ ပစ္စည်းကိရိယာပြည့်စုံမှု၊ ငွေကြေးပြည့်စုံစွာထောက်ပံ့နိုင်မှုသည် အဓိကကျသည်။ နည်းပညာနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများ အောင်မြင်လာမှသာ နိုင်ငံတော်အတွက်စိတ်ချရသည့် ကွန်ရက်လုံခြုံမှုတွေ ပေးနိုင်မည်ဖြစ်ကြောင်း ဟသ်ာတကွန်ပျူတာတက္ကသိုလ်မှ ဒေါက်တာခင်မာလာထွန်းက ပြောသည်။

ယင်းအခမ်းအနားတွင် နိုင်ငံကိုးနိုင်ငံမှ ပါမောက္ခများ၊ ကျောင်းသားကျောင်းသူများက နည်းပညာဆိုင်ရာသုတေသနစာတမ်း ၁၂ စောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခများ၊ ကျောင်းသားကျောင်းသူများက သုတေသနစာတမ်း အစောင် ၆၀ စုစုပေါင်း သုတေသနစာတမ်း ၇၂ စောင်ဖတ်ကြားခဲ့ကြောင်း သိရသည်။

(ခင်ဇာလီ)

မလှိုင်မြို့နယ် ကံကြီးအုပ်စုနှင့် ရုံးတောအုပ်စုကျေးရွာချင်းဆက်လမ်းဘေးဝဲ၊ ယာတွင် ရေကြီး ရေလျှံမှု မကြာခဏဖြစ်ပေါ်နေသည့်အတွက် မလှိုင်မြို့နယ် ဆည်မြောင်းဦးစီးဌာနက ချောင်းကော၊ မြောင်းကောများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။ (မြထွန်း)

ကုမ္ပဏီဥပဒေနှင့် အများပြည်သူအစုရှယ်ယာများပါဝင်နိုင်ရေး ကနဦးကမ်းလှမ်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ယမန်နေ့ နံနက် ၉ နာရီခွဲက ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အင်္ဂလန်နိုင်ငံ၌ ရုံးချုပ်ရှိပြီး စင်ကာပူနိုင်ငံနှင့် ကမ္ဘာအရပ်ရပ်တွင် ရုံးခွဲရှိသော ဥပဒေအဖွဲ့အစည်းတစ်ခုဖြစ်သည့် Berwin Leighton Paisner (BLP) တို့ ပူးပေါင်းပြုလုပ်သည့် "ကုမ္ပဏီဥပဒေနှင့် အများပြည်သူ အစုရှယ်ယာများ ပါဝင်နိုင်ရေး ကနဦးကမ်းလှမ်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေကို ၁၉၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပြီးနောက် မိမိတို့နိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅ အရ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်နေပြီး နိုင်ငံတော်သမ္မတကလည်း စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းအားပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဥပဒေများမှာ အင်္ဂလန်ဥပဒေ၊ အိန္ဒိယဥပဒေတို့နှင့် တူညီပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့် အလားတူသည့် အင်္ဂလန်နှင့် အိန္ဒိယဥပဒေများမှာ ခေတ်နှင့်လျော်ညီစွာ အဆင့်ဆင့်ပြင်ဆင်ပြဋ္ဌာန်းလာခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေမှာ အသုံးဝင်သော ဥပဒေဖြစ်ပြီး ပိုမိုကောင်းမွန်လာစေရန်၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ သက်ဆိုင်ရာအစိုးရဌာနများအားလုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်နှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည်နှင့်အမျှ ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနှင့် ဗြိတိန်နိုင်ငံတို့၏ ကုမ္ပဏီဥပဒေများအကြောင်း ဆွေးနွေးကြမည့်အပြင် စတော့ဈေးကွက်အတွက် အရေးပါသည့် အကြောင်းအရာတစ်ခုဖြစ်သော Initial Public Offerings (IPOs)ကိုလည်း ဆွေးနွေးကြမည်ဖြစ်ရာ အနာဂတ် မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် များစွာအကျိုးဖြစ်ထွန်းမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ BLP မှ တာဝန်ရှိသူ Mr.Mark Chan က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပူးပေါင်း၍ ယခုကဲ့သို့သော Workshop တစ်ခုကို အောင်မြင်စွာ ကျင်းပနိုင်ခွင့်ရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် UK နိုင်ငံတို့မှ ကုမ္ပဏီနှင့် ဥပဒေတို့ကို လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်မည့် စတော့ဈေးကွက်ဆိုင်ရာ IPOs များအကြောင်းကိုလည်းကောင်း ဆွေးနွေးသွားမည်ဖြစ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူး၍ အစီအစဉ်အတိုင်း အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ BLP မှ နိုင်ငံတကာ ဥပဒေပညာရှင်များက ဘာသာရပ်အသီးသီးကို ယနေ့ညနေပိုင်းအထိ ဆက်လက်ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်အား ကြိုဆိုကြပါစို့

ဒေါက်တာဝါဝါမောင်

တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (3rd Myanmar Development Cooperation Forum – 3rd MDCF) အား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်များတွင် နေပြည်တော်၊ MICC II ၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖိတ်ကြားထားပါသည်။ မြန်မာအစိုးရဘက်မှ နိုင်ငံတော်အဆင့်အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများလည်း ဖိတ်ကြားမည်ဖြစ်ပါသည်။ **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**မှ ဦးဆောင်ကျင်းပမည်ဖြစ်ပါသည်။

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (1st Myanmar Development Cooperation Forum- 1st MDCF) ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တွင် "Partnership for Actions, Implementation and Success" ဟူသည့် ဆောင်ပုဒ်ဖြင့်လည်းကောင်း၊ ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (2nd Myanmar Development Cooperation Forum- 2nd MDCF)ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တွင်"Accelerating Actions for Progress towards Enhancing Inclusive Coordination"ဟူသည့် ဆောင်ပုဒ်ဖြင့် လည်းကောင်း ကျင်းပခဲ့ပါသည်။ ယခုနှစ် တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (3rd Myanmar Development Cooperation Forum– 3rd MDCF) ကို "အခြေခံအုတ်မြစ်များတည်ဆောက်လို့ အားလုံးအကျုံးဝင်သည့် အနာဂတ်ဖွံ့ဖြိုးမှုသို့ ချဉ်းကပ်စို့" "Building upon foundations- Focusing towards Future Inclusive Development"ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (1st MDCF)အပြီးတွင် **ဖွံ့ဖြိုးမှုလုပ်ငန်းများကို သက်ဆိုင်ရာနိုင်ငံမှ ဦးဆောင်သွားရန် (Government as a driver seat)** ဖြစ်ပြီး နိုင်ငံတကာအကူအညီများအား ပူးပေါင်းတာဝန်ခံဆောင်ရွက်သွားရန်ဟူသည့် အချက်များကို အခြေခံမှုများအဖြစ် ခံယူသွားရန် အပြန်အလှန် သဘောတူခဲ့ကြပြီး **"ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နေပြည်တော် သဘောတူညီချက်"**ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ နေပြည်တော်သဘောတူညီချက်ကို အပြန်အလှန် တာဝန်ခံမှုရှိစေရေးအတွက် မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ အတူတကွ ရေးဆွဲချမှတ်ခြင်း ဖြစ်ပါသည်။

အဆိုပါ နေပြည်တော် သဘောတူညီချက်တွင် နိုင်ငံတော်အစိုးရအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် ကတိကဝတ်ပြုပါသည်-

(က) ဦးစားပေးဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် ပိုမိုနက်ရှိုင်းစွာ ဆက်လက်ညှိနှိုင်းဆွေးနွေးသွားရန်၊
(ခ) အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများ ပေါ်ပေါက်ရေးအတွက် အလေးထား ဆောင်ရွက်ရန်၊
(ဂ) ထိရောက်သည့် ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်ပေါ်စေရန်၊
(ဃ) အချိတ်အဆက်မိ၍ စွမ်းဆောင်ရည်ရှိသည့် အကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးစနစ် ဖွံ့ဖြိုးလာစေရန်၊
(င) အစိုးရ၏ အစီအစဉ်များနှင့် နိုင်ငံခြားအကူအညီများ ထိရောက်မှုနှင့် မြင်သာထင်သာရှိမှုကို မြှင့်တင်ရန်အတွက် ပြည်သူ့ရေးရာ အုပ်ချုပ်ရေးစနစ်ခိုင်မာစေရန်၊

ဖွံ့ဖြိုးမှုမိတ်ဖက်များမှ အောက်ပါတို့ကို ဆောင်ရွက်ရန် ကတိကဝတ် ပြုပါသည်-

(က) မြန်မာနိုင်ငံတွင် တစ်မူထူးခြားသော ပြည်တွင်းအနေအထားကို စတင်ရာအမှတ်အဖြစ် ဆောင်ရွက်ရန်၊
(ခ) ဖွံ့ဖြိုးမှုအကူအညီများကို နိုင်ငံ၏ဦးစားပေးလုပ်ငန်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားရန်၊
(ဂ) မြန်မာနိုင်ငံမှဦးဆောင်သော ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန်၊
(ဃ) ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးကို အထောက်အကူပြုရေးအတွက် ပဋိပက္ခမဖြစ်ပေါ်စေသည့် ဘက်စုံချဉ်းကပ်မှုကို အသုံးပြုရန်၊
(င) မြန်မာပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ အများဆုံးရရှိအောင် အလေးထားကြိုးပမ်းရန်၊
(စ) အဖွဲ့အစည်းများခိုင်မာရေး၊ စွမ်းဆောင်ရည်တည်ဆောက်ရေး၊ လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်လျှော့နည်းရေးနှင့် အကူအညီအထောက်အပံ့များ ပိုမိုထိရောက်စေရေးအတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်ရန်၊

ဆက်လက်၍ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (2nd Myanmar Development Cooperation Forum- 2nd MDCF)ကို ထပ်မံကျင်းပနိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု မူဝါဒ၊ ဦးစားပေးနယ်ပယ်နှင့် ကဏ္ဍများ ပူးပေါင်းပါဝင်ညှိနှိုင်း၍ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ပူးတွဲကြေညာချက်(Joint Declaration) ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

ယခု တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (3rd MDCF)တွင် နေပြည်တော်သဘောတူညီချက်အရ လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်မှု၊ နိုင်ငံခြားအကူအညီအထောက်အပံ့ သတင်းအချက်အလက်စနစ် တည်ထောင်မှုအခြေအနေနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များစသည်တို့ကို ဆွေးနွေးတင်ပြကြမည်ဖြစ်ပါသည်။ ထို့အပြင် ပြိုင်တူသီးခြားအခန်းများ(Parallel Sessions)ခွဲကာ အုပ်စုအလိုက် လူသားစွမ်းရည်ဖွံ့ဖြိုးမှု၊ မြန်မာနိုင်ငံအတွက် မဟာဗျူဟာကျသည့် ဖွံ့ဖြိုးမှုလမ်းကြောင်းများ၊ မြေယာရင်းမြစ် စီမံခန့်ခွဲမှု၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ လူမှုအကာအကွယ်ပေးရေး၊ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်စပ်ယှက်နွှယ်မှု၊ ကျေးလက်ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး၊ တီထွင်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖြစ် စီးပွားရေးလုပ်ငန်းများ ခေါင်းစဉ်ကိုလည်းကောင်း၊ ထိရောက်သည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေရေး စသည့်ခေါင်းစဉ်များကိုလည်းကောင်း ဆွေးနွေးကြမည်ဖြစ်သည်။

နိုင်ငံခြားအကူအညီအထောက်အပံ့များအား မိမိတို့လိုအပ်ချက်နှင့် ညှိနှိုင်းခြင်းမှာ လွန်စွာပင်အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ နိုင်ငံခြားအကူအညီအထောက်အပံ့ဟုဆိုရာတွင် ငွေရေးကြေးရေးအရ အကူအညီအထောက်အပံ့သာမက နည်းပညာအကူအညီနှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများ မျှဝေသည့် ကိစ္စရပ်ပါ ပါဝင်ပါသည်။

ယခင်က နိုင်ငံခြား အကူအညီအထောက်အပံ့များသည် **အလှူရှင်များ၏ စိတ်ဆန္ဒအရ လှူဒါန်းခြင်းဖြစ်သောကြောင့် donor driven ဖြစ်၍ အလှူရှင်များအကြားတွင်လည်းကောင်း၊ အလှူရှင်နှင့် နိုင်ငံတော်အစိုးရတို့အကြား ပေါင်းစည်းညှိနှိုင်းမှုများ အားနည်းခဲ့ရသည်။** သို့ဖြစ်ပါ၍ ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ပံ့ပိုးသည့် နိုင်ငံခြားအကူအညီအထောက်အပံ့များကို ချမှတ်ထားသည့် ဖွံ့ဖြိုးမှုရည်မှန်းချက်၊ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများနှင့်အညီ ဦးစားပေးကဏ္ဍများနှင့် ဦးစားပေးစီမံချက်များအား ရွေးချယ်သတ်မှတ်ဆောင်ရွက်ကြရန်၊ **ပြည်သူ့လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ကာ အလှူရှင်အဖွဲ့အစည်းများနှင့် နိုင်ငံခြားအကူအညီ အထောက်အပံ့များအား မိမိတို့လိုအပ်ချက်နှင့် နီးကပ်စွာညှိနှိုင်းပူးပေါင်းပြီး အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်ရန်လိုအပ်ပါသည်။** အိမ်ရှင်နိုင်ငံက အဓိက (Driver Seat) နေရာယူပြီး အကူအညီအထောက်အပံ့၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းအား မိမိတို့အတွက် အကျိုးရှိအောင်အသုံးပြုနိုင်ရေး၊ ဖွံ့ဖြိုးမှုစီမံကိန်း (Development Plan)နှင့် ညီညွတ်မှုရှိရေး၊ ကူညီထောက်ပံ့မှု၌ အိမ်ရှင်နိုင်ငံ၏ စီမံခန့်ခွဲသည့် လုပ်ထုံးလုပ်နည်းများနှင့် အလှူရှင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အစီအစဉ်များ လိုက်လျောညီထွေ ရှိစေရေး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ညှိနှိုင်းပြီး အကူအညီအထောက်အပံ့ပေးရာဒေသတွင် အကျိုးရှိထိရောက်မှုရှိကာ ရလာဒ်ထွက်ပေါ်ရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်များအား ငွေရေးကြေးရေးအရ အကူအညီရရှိမှုနှင့် အကူအညီတောင်းခံမှုအပြင် ဖွံ့ဖြိုးမှုအတွက် Stakeholder အဖြစ်သတ်မှတ်ပြီး မူဝါဒဆိုင်ရာ ဆွေးနွေးမှုများကို ဖွံ့ဖြိုးမှုကိရိယာများ (Development Tools)အဖြစ် နည်းပညာ၊ စွမ်းရည်၊ အရင်းအမြစ် တိုးတက်မှုများ ဖြစ်ပေါ်စေရန်အပြင် ၎င်းတို့အနေဖြင့်လည်း ထိရောက်သည့်ဖွံ့ဖြိုးမှုအကူအညီများ ဖြစ်ပေါ်စေရေးအတွက် ပိုမိုတာဝန်ယူလာစေမည် ဖြစ်သည်။

ယနေ့ အချိန်ကာလကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် သိက္ခာရှိသည့်၊ တာဝန်သိသည့် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအနေနှင့် ကမ္ဘာ့မိသားစုနိုင်ငံများနှင့် မိမိတို့နိုင်ငံ မျှော်မှန်းချက်ပန်းတိုင်များ ပြည့်ဝထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းနှင့် ယုံကြည်မှု၊ နားလည်မှု၊ ရင်းနှီးမှုများကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ အလှူရှင်များ၏ စိတ်ဆန္ဒ စေတနာပိုရှိစေခြင်းဖြင့် ပြင်ပမှအကူအညီ၊ အထောက်အပံ့များအား ပိုမိုပြီးစီးဝင်လာစေနိုင်မည် ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးမှုတွင် အလွန်အဓိကကျသည့် အကူအညီ၊ အထောက်အပံ့များ၊ အတိုးမဲ့ချေးငွေ၊ အတိုးနှုန်းသက်သာသည့်ချေးငွေ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာအကူအညီများကို စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်းဖြင့် ကောင်းမွန်သော ရလဒ်နှင့် ပြယုဒ်များ ဖြစ်စေနိုင်ပါသည်။

"အခြေခံအုတ်မြစ်များတည်ဆောက်ကာ အနာဂတ်အတွက် အားလုံးအကျုံးဝင်သည့် ဖွံ့ဖြိုးမှုသို့ ချဉ်းကပ်စို့" ဟူသည့် ဖိုရမ်၏ theme အတိုင်း လက်ရှိအစိုးရအနေဖြင့် အားလုံးအကျုံးဝင်သည့် ဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်များ တည်ဆောက်ကာ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရေးအား မြှင့်တင်လျက်ရှိပါကြောင်း တင်ပြအပ်သည်။ အဆိုပါ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်များမှတစ်ဆင့် ထိရောက်သည့် အကောင်အထည်ဖော်မှုများနှင့်အတူ မိမိတို့နိုင်ငံ မျှော်မှန်းထားသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုရည်မှန်းချက်များ အောင်မြင်စေနိုင်ခြင်း၊ နိုင်ငံသားများ၏ လူနေမှုဘဝအရည်အသွေးတိုးတက်စေနိုင်သည့်အပြင် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်အောင် ကူးပြောင်းမှုဖြစ်စဉ်ကိုလည်း များစွာအထောက်အကူပြုစေနိုင်မည် ဖြစ်ပါသည်။ ။

နေကြာအထွက်နှုန်း အလားအလာကောင်း

ပခုက္ကူ ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် လက်ပံပင်ကျေးရွာ၌ နေကြာပင်များ စိုက်ပျိုးထားသည်ဟု သိရသည်။ အဆိုပါစိုက်ခင်း၌ ယခင်က မိုးစပါးစိုက်ပျိုး၍ ရိတ်သိမ်းပြီးသောအခါ ကုလားပဲများစိုက်ပျိုးသည်ဟု သိရသည်။ "မနှစ်ကတော့ မိုးစပါးစိုက်တယ်။ ရိတ်ပြီး ကုလားပဲစိုက်တယ်။ ပိုးကျတော့ အရင်းတောင်မရဘူး။ ဒီနှစ်တော့ စပါးက တင်း ၁၅၀ လောက်ရတယ်။ နေကြာစိုက်မယ်စိတ်ကူးလို့ နေကြာမျိုးစေ့တစ်ထုပ်ဝယ်ပြီး တစ်ဧကခွဲလောက် နေကြာစိုက်တယ်။ အရင်နှစ်ကတော့ နေကြာဘယ်ဈေးပေါက်တယ်မသိဘူး။ ဒီနှစ်မှစိုက်တာဖြစ်တော့ ဈေးတော့မစုံစမ်းရသေးဘူး။ နေကြာခင်းကတော့ အလားအလာအများကြီးကောင်းပါတယ်"ဟု နေကြာစိုက်ပျိုးသော တောင်သူတစ်ဦးထံမှ သိရသည်။

ရင်အောင်ဦး(ရေစကြို)

ပြည်တွင်းရေးရာ

» » စာမျက်နှာ ၆ မှ

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ဖဆပလအဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံ (ရွှေတိဂုံအလယ်ပစ္စယံ) စတုတ္ထနေ့တွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သော အောက်ပါဝံသာနုရက္ခိတတရားသည် ပင်လုံညီလာခံ၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် နောင်နှစ်စဉ်ကျင်းပသော ပြည်ထောင်စုနေ့များအတွက် လမ်းညွှန်ချက်တစ်ရပ် ဖြစ်ခဲ့ပေသည်-

"လူမျိုးဆိုသည်မှာ သုခ၊ ဒုက္ခ အတူခံစားကြ၍ နီးနီးကပ်ကပ်အကျိုးချင်း ထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူ ပူအမျှ ကောင်းတူဆိုးဖက်ပူးပေါင်းလျက် နေထိုင်လိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေသည်"

ဗိုလ်ချုပ်အောင်ဆန်းအား လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင်၊ သားကောင်းအာဇာနည်အဖြစ် မြန်မာတို့က အသိအမှတ်ပြုကြသည်။ နယ်ချဲ့သမားက နိုင်ငံကို ပိုင်းစိတ်ခွဲခြားကန့်သတ်လိုသော မသမာလုပ်ရပ်ကို ပင်လုံညီလာခံ၊ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်ဖြင့် လွတ်လပ်သော ပြည်ထောင်စုကြီးကို တိုင်းရင်းသားစည်းလုံးမှုဖြင့် ဦးဆောင်တည်ဆောက်ခဲ့သည့် ပြည်ထောင်စု၏ ဖခင်ကြီးလည်းဖြစ်ပေသည်။ ယခုအခါ ဗိုလ်ချုပ်အကြောင်း စာအုပ်ရာပေါင်းများစွာ ထုတ်ဝေထားကြသဖြင့် ဗိုလ်ချုပ်၏ အတ္ထုပ္ပတ္တိကို အထူးမတင်ပြတော့ပါ။

- ဗိုလ်ချုပ်သည် ပကတိရိုးသားဖြူစင် ဖြောင့်မတ်သည်။

- ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို နှစ်နှစ်ကာကာချစ်၍ ပြည်ထောင်စု ဝံသာနုရက္ခိတ တရား(ဝါ) တိုင်းရင်းသားစုံ မျိုးစောင့်တရားကို ရှင်သန်စေခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို (နယ်ချဲ့သွေးခွဲမှုကြားမှ)ရအောင် တည်ဆောက်ရယူခဲ့သည်။

မြန်မာနိုင်ငံကို ကျူးကျော် ကျွန်ပြု ဖိနှိပ်ချုပ်ချယ်၊ နိုင်ငံပိုင်မြန်မာတို့၏ ဓနဥစ္စာ သဘာဝသယံဇာတ၊ ထွက်ကုန်မှန်သမျှ သိမ်းကျုံးနှိုက်ယူ ကုပ်သွေးစုပ်သောနယ်ချဲ့ကို အလွန်မုန်းတီးစက်ဆုပ်သော နယ်ချဲ့ဆန့်ကျင်ရေးသမား ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကို ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်း ကျွန်နံ့ဟောင်နေသော ဒိုမီနီယံမျိုး မဖြစ်စေရ၊ Vassal ခေါ် ကိုယ့်အစိုးရနှင့်ကိုယ် နေရသော်လည်း နိုင်ငံခြားတိုင်းပြည်တို့၏ ဩဇာကို နာခံနေရသည့် ကျွန်တစ်ပိုင်း ဟန်ပြလွတ်လပ်ရေးမျိုး မဖြစ်စေရ၊ ကိုယ့်ကြမ္မာကိုယ် လွတ်လပ်စွာဖန်တီးနိုင်သော၊ အမှီအခိုကင်းသော လုံးဝလွတ်လပ်ရေး Independence ကိုသာ မရမနေ အသက်စတေးပြီး ရအောင်ယူခဲ့သည်။ လွတ်လပ်လာမည့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ဥပဒေပြုရေး၊ စီးပွားရေးတို့တွင် နိုင်ငံခြားသား လွှမ်းမိုးခြင်း မရှိစေရ၊ ယုတ်စွအဆုံး နိုင်ငံခြားသားတစ်ဦး ခံစားရရှိနေသော အကျိုးကျေးဇူးများကို တစ်ဆင့်ခံစားနေသူများပင် လွှတ်တော်အမတ်များ ဖြစ်မလာစေရဟူသော အမျိုးသားကာကွယ်ရေးမူကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၇၄ တွင် သူကိုယ်တိုင် ရေးသားထည့်သွင်းခဲ့သည်။

နိုင်ငံလူဦးရေ၏ လူများစုကြီးဖြစ်ပြီး ဆင်းရဲတွင်းနက်နေသော တောင်သူလယ်သမား၊ အလုပ်သမား၊ ဆင်းရဲသားပြည်သူတိုင်း အလုပ်လုပ်ခွင့်၊ မိမိတို့လုပ်ကိုင်သော ကာယ၊ ဉာဏ၊ ဝီရိယ၊ စွမ်းအားအတိုင်း ခေါင်းပုံဖြတ်ခြင်းမရှိစေဘဲ ဆင်းရဲတွင်းမှ လွတ်မြောက်စေမည့် ဆင်းရဲသားကောင်းစားရေးဝါဒ (ဗိုလ်ချုပ်မိန့်ခွန်းပါအသုံးအနှုန်း) အရ ဆိုရှယ်လစ်ဇင် ခေါ် ဆိုရှယ်လစ်နိုင်ငံ ထူထောင်ရန် သန္နိဋ္ဌာန်ချခဲ့သူဖြစ်သည်။

ပြည်ပ ဩဇာမခံ၊ ပြည်ပနယ်ချဲ့များကို ပြတ်သားစွာ ဆန့်ကျင်ပြီး မြန်မာ့လွတ်လပ်ရေးရယူပေးရင်း နယ်ချဲ့လက်ပါးစေ (ဂဠုန်ဦးစောနှင့်အဖွဲ့)၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ဗိုလ်ချုပ်သည် ပြည်သူကိုယုံခဲ့သည်။ ထို့ကြောင့် ပြည်သူ့ရန်သူ နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံသည်ကို ခံလိုက်ရသည်။

ခရစ်နှစ် ပြက္ခဒိန်၏ ပထမလ ဇန်နဝါရီ ၄ ရက်နေ့သည် မြန်မာတို့၏ အထွတ်အမြတ်လွတ်လပ်ရေးနေ့၊ ဒုတိယလ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မြန်မာတိုင်းရင်းသားအားလုံး အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ စုစည်းခဲ့သော မြန်မာ(ပြည်ထောင်စု)ကြီးတစ်ခုလုံး လွတ်လပ်ရေးကို ရယူရန် တိုင်းရင်းသားစုံ သွေးစည်းသောနေ့၊ ပြည်ထောင်စုနေ့ထူးနေ့မြတ်ဖြစ်သည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည်ကား လွတ်လပ်ရေးဗိသုကာ၊ ပြည်ထောင်စုဗိသုကာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းတည်ဆောက်သူ အမျိုးသားခေါင်းဆောင်ကြီး အာဇာနည် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့မင်္ဂလာရက်မြတ်ဖြစ်သည်။ ယခု ၂၀၁၅ ခုနှစ်သည်ကား (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့၊ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့နှင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအောင်ဆန်း၊ သခင်အောင်ဆန်း (ခေါ်) မောင်ထိန်လင်း၏ နှစ်(၁၀၀)ပြည့် မွေးနေ့ဖြစ်ပေသည်။ ဗိုလ်ချုပ်ကို မွေးဖွားပေးခဲ့သော နတ်မောက်မှ ရှေ့နေ ဦးဖာ၊ ဒေါ်စုတို့ မိဘနှစ်ပါး၊ နယ်ချဲ့အင်္ဂလိပ်က ရာထူးပေးသည်ကို လက်မခံဘဲ သူ့ကျွန်မခံ တွန်းလှန်တိုက်ခိုက်သဖြင့် အင်္ဂလိပ်တို့၏ ခေါင်းဖြတ်သတ်ခံခဲ့ရသည့် (ဗိုလ်ချုပ်အောင်ဆန်းကို နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေး ဇာတိမာန်၊ လွတ်လပ်ရေးစိတ်ဓာတ်၊ သူ့ကျွန်မခံစိတ်ဓာတ်နှင့် ရဲစွမ်းသတ္တိအမွေပေးခဲ့သော)မင်းကြီး ရွှေလရောင်ဘွဲ့ခံ ဗိုလ်မင်းရောင်တို့ကိုလည်း မြန်မာ့သမိုင်းမှ မှတ်တမ်းပြု ကျေးဇူးတင်နေကြမည် ဖြစ်ပါသည်။

ဗိုလ်ချုပ်၏ တစ်သက်စွဲ လိုက်နာအပ်သော မိန့်ခွန်းကောက်နုတ်ချက်အချို့တင်ပြရင်း၊ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရင်း နှစ်(၁၀၀)ပြည့် မွေးနေ့ရှင် ဗိုလ်ချုပ်ကို ဂါရဝပြု ဦးခိုက်လိုက်ပါသည်-

"လွတ်လပ်ရေးဟာ ပေးလို့ရတဲ့ ကိစ္စမျိုးမဟုတ်၊ ယူတတ်မှ၊ ယူနိုင်တဲ့ အင်အားရှိမှ တကယ်ရမှာပဲ။ ဒါကြောင့် အခုတော့ဖြင့် လက်ငင်းလိုချင်တာတွေ အခြေခံရပြီ။ ရှေ့ဆက်ပြီး လွတ်လပ်တဲ့ နိုင်ငံထူထောင်ဖို့ဟာ ဗြိတိသျှအစိုးရရဲ့ လက်ထဲမှာ မရှိဘဲနဲ့ ကျုပ်တို့တိုင်းသူပြည်သားတွေရဲ့ လက်ထဲမှာပဲရှိတယ်" (၄-၂-၄၇ ရက်နေ့ အသံလွှင့်မိန့်ခွန်း)

"ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှ နိုင်ငံရေးအတိုက်အခံသမားတွေကို နှိပ်စက်ညှဉ်းပန်းခြင်းမလုပ်ဘူး။ သို့သော်လည်း ဒီစည်းကမ်းချက်တွေက လွန်လာပြီးတော့ ကိုးရိုးကားရား တိုင်းပြည်အချိန်မဲ့အောင်လုပ်ရင် ဒါ. . . ကျွန်တော်တို့ ကြည့်မနေနိုင်ဘူး။ ကျွန်တော်တို့အဖွဲ့က အတိုက်အခံသမားတွေကို တရားသဖြင့် လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆူပူခွင့် အဲဒီအခွင့်အရေးပေးတာကို အသာယူပြီး မတရားလုပ်ရင်တော့ ကျွန်တော်တို့ သေသေချာချာချရမှာပဲဆိုတာ ကျွန်တော်ပြောချင်တယ်"။

"ကျွန်တော်တို့ ဖဆပလအစိုးရကို အသရေပျက်မှုဖြစ်စေတဲ့ စကားမျိုးက လွဲလို့ရှိရင် ဟုတ်တာ မဟုတ်တာ အပထားလို့ တရားဥပဒေအတွင်းမှာ ခင်ဗျားတို့က ကျွန်တော်တို့ကို ဆဲချင်သလို ဆဲနိုင်တယ်။ ဝေဖန်ချင်သလို ဝေဖန်နိုင်တယ်။ မှန်မှန် မမှန်မှန် သို့သော်လည်း တရားဥပဒေက လွန်မြောက် (ကျော်လွန်ဆန့်ကျင်)လာတဲ့ ကိစ္စမျိုးဆိုရင် သည်းခံပြီး မနေနိုင်ဘူး။ နောက်ပြီးတော့ကာ ရထားတဲ့အာဏာကို ခင်ဗျားတို့လက်ထဲ ပြန်ရောက်အောင် ပရိယာယ်မျိုးတွေကို လုပ်ရင်တော့ ချရဦးမှာပဲဆိုတာ ကျွန်တော် ပြောချင်တယ်။ အဲဒီတော့ အတိုက်အခံသမားတွေကို ကျွန်တော် တိတိလင်းလင်းပြောချင်တာက ညစ်ပတ်မယ်လို့တော့ မကြံကြပါနဲ့။ တရားသဖြင့် ကျွန်တော်တို့လက်က အာဏာကိုလုနိုင်တဲ့ နည်းလမ်းအမျိုးမျိုးကို တွေ့ပြီးတော့ လုနိုင်ရင်လု၊ ယူနိုင်ရင်ယူ ကျွန်တော်တို့ အခွင့်အရေးပေးမယ်။ သို့သော်လည်း ညစ်ပတ်တယ်ဆိုပြီးတော့ တိုင်းပြည်မှောက်မှားအောင် မတရားတာတွေကို လျှောက်ပြီးလုပ်နေမယ်၊ လူတွေကို အရမ်းမဲ့ သပုပ်လေလွင့် အကြည်ညိုပျက်အောင်၊ အသရေပျက်အောင် လုပ်မယ်ဆိုလို့ရှိရင်တော့ဖြင့် ကျွန်တော်တို့ သည်းခံပြီး မနေဘူးဆိုတာ တိတိလင်းလင်း ပြောချင်တယ်"။

"နောက်ပြီးသတင်းစာတွေကို ကျွန်တော်ပြောချင်တယ်။ သတင်းစာတွေဟာ ဒီအစိုးရလက်ထက်နဲ့ အရင်တုန်းက တခြားအစိုးရလက်ထက်ကို သေသေချာချာ နှိုင်းယှဉ်ကြည့်စေချင်ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်လိုအစိုးရဆိုတာလည်း အထူးပြောနေစရာမလိုပါဘူး။ အဲဒီတော့ကာ ကျွန်တော်တို့ကို ထောက်ခံအားပေးချင်တဲ့ သတင်းစာတွေလည်း အားပေးချင်ရင် အားပေးကြ၊ ဒီလိုမဟုတ်လို့ ကျွန်တော်တို့ကို ဝေဖန်ပြီးတော့ အတိုက်အခံလုပ်ချင်ကြတဲ့ သတင်းစာတွေဆိုရင်လည်း သဘောအတိုင်းပဲ။ ဒီလိုမှ မဟုတ်လို့ ကျွန်တော်တစ်ခါတုန်းကပြောလို့ အင်မတန်ပဲ မကျေမနပ်ဖြစ်တာလိုပဲ၊ "ဆိတ်လစိ"လုပ်ချင်ကြတဲ့ သတင်းစာတွေလည်း လုပ်ချင်လုပ်ကြပါ။ သို့သော် တစ်ဦးနဲ့တစ်ဦး အကြည်ညိုပျက်စေတဲ့ စကားမျိုး၊ တိုင်းပြည်ဆူပူအောင် လှုပ်ရှားအောင် လှုံ့ဆော်တဲ့ စကားမျိုး၊ ဖက်ဆစ်အစီအမံလို လုံးဝတစ်ခါတည်း လိမ်လည်လှည့်ဖြားရေးသားတဲ့ အရေးအသားမျိုးဆိုရင် ကျွန်တော်သည်းခံမှာ မဟုတ်ဘူးဆိုတာ တိတိလင်းလင်းပဲ သတိပေးပါရစေ။" (၁၇-၄-၄၇ နေ့ နှစ်သစ်ကူး မိန့်ခွန်းမှ)

ဗိုလ်ချုပ်ကို နိုင်ငံရေးအမြတ်ထုတ် အသုံးချရုံ မချကြဘဲ ဗိုလ်ချုပ်၏ စိတ်ဓာတ်၊ ဗိုလ်ချုပ်လမ်းစဉ်၊ ဗိုလ်ချုပ်ရိုးသားမှုမျိုးကို ထက်ကြပ်မကွာ ခြေရာ နင်း အမွေခံထိုက်ကြစေကုန်သော်။ ။

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ ကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၆

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းတည့် ၁၂ နာရီက ဘားအံမြို့ စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်)ကျောင်းခန်းမ၌ ကျင်းပသည်။

ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် မွေးနေ့အဖြစ် ဗိုလ်ချုပ်နှင့် မိသားစုဝင်များ၏ ဓာတ်ပုံများ၊ ဗိုလ်ချုပ်မိန့်ခွန်း ကောက်နုတ်ချက်များ၊ အောင်ဆန်းအက်တလီစာချုပ်နှင့် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည်များကို ဓာတ်ပုံ၊ စာသားများနှင့် ဝေဝေဆာဆာ ခင်းကျင်းပြသထားသည်။

ဗိုလ်ချုပ်နှင့်မိသားစုဝင်များ၏ ရှားပါးဓာတ်ပုံများနှင့် ဗိုလ်ချုပ်၏ အဆိုအမိန့်ကောက်နုတ်ချက်များကို ဖတ်ရှု ကြည့်ရှုခွင့်ရသည့်အတွက်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ယခင်ကမိမိတို့ မတွေ့မမြင်ရသော အကြောင်းအရာ ဓာတ်ပုံများကို ယခုကဲ့သို့ တစုတစည်းတည်း တွေ့မြင်ခဲ့ရသည့်အတွက် ကျေနပ်ဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်အတူ စာအုပ်ပြပွဲကိုပါ ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများ ငှားရမ်းဖတ်ရှုနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်)သည် ဘားအံမြို့အရှေ့ဘက် နည်းပညာတက္ကသိုလ်အနီးတွင်ရှိပြီး စာကြည့်တိုက်နှင့် အလှမ်းဝေးနေခဲ့ရာ ယခုကဲ့သို့ စာအုပ်များကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်သည့်အတွက် အထူးပင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တရုတ်ပြည်မှ မြန်မာဘာသာဖြင့်ထုတ်ဝေသော မင်္ဂလာမဂ္ဂဇင်းအခမဲ့ဖြန့်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးဌာနမှ မြန်မာဘာသာဖြင့် ထုတ်ဝေသော မင်္ဂလာမဂ္ဂဇင်း(ရန်ကုန်ရုံးခွဲ)ဖွင့်လှစ်ခြင်း တစ်နှစ်ပြည့်အခမ်းအနားနှင့် တရုတ်နှစ်သစ်ကူးအကြို ညှော်ခံပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် ဆရာတော်များက ပရိတ်တရားတော်ချီးမြှင့်ပြီး မင်္ဂလာမဂ္ဂဇင်း (ရန်ကုန်ရုံးခွဲ)တာဝန်ခံရုံးအဖွဲ့မှူး MENGFEI(ခေါ်)ဒေါ်ကြည်လင်းက မင်္ဂလာမဂ္ဂဇင်းထုတ်ဝေရခြင်းအကြောင်းနှင့် တရုတ်နှစ်သစ်ကူးအကြိုမင်္ဂလာစကားပြောကြားသည်။

မင်္ဂလာမဂ္ဂဇင်းကို တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများအတွက် ယဉ်ကျေးမှုဖလှယ်ရေး၊ သတင်းအချက်အလက် မျှဝေခံစားရေး၊ အပြန်အလှန်လေ့လာနိုင်ရေး၊ နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်ရေးများ ဆောင်ရွက်ရာတွင် ပေါင်းကူးတံတားအဖြစ် ခိုင်မြဲအောင်တည်ဆောက်ရေးနှင့် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်အရ ၁၉၉၂ ခုနှစ်တွင် တရုတ်ပြည်မှ မင်္ဂလာမဂ္ဂဇင်းကို မြန်မာဘာသာဖြင့် ထုတ်ဝေခြင်းဖြစ်သည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသော စာရေးဆရာများနှင့် မဂ္ဂဇင်းတိုက်များကိုယ်စား ရောင်ပြန်မဂ္ဂဇင်းမှ စာတည်းမှူးချုပ် ဦးမောင်မောင်မြင့်အေးက မုဒိတာစကားနှင့် နှစ်သစ်ဆုတောင်းစကားပြောကြားသည်။ ထို့နောက် ပန်းချီဆရာသီဟသံဝရက မင်္ဂလာမဂ္ဂဇင်းရုံးအဖွဲ့မှူးသို့ ပန်းချီကား လက်ဆောင်ပေးအပ်သည်။ **(ယာပုံ)**

မင်္ဂလာမဂ္ဂဇင်းကို ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်၊ ထားဝယ်၊ ပုသိမ်၊ မြဝတီ၊ နေပြည်တော်၊ မန္တလေးမြို့များအပြင် လူအများဆုံးသွားလာရာ ဘုရားကျောင်း၊ လေဆိပ်၊ စူပါမားကတ်နှင့် ဘတ်စ်ကားမှတ်တိုင်များတွင် အခမဲ့ဖြန့်ဝေပေးသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာကြည့်တိုက်များသို့လည်း ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ဌေးအောင်(ကြေးမုံ)

အနုပညာ

ညောင်တုန်းသား စာရေးဆရာ

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

စာရေးသူ၏ ဇာတိ ညောင်တုန်းမြို့လေးသည် ဧရာဝတီမြစ်မကြီးမှ ခွဲထွက်စီးဆင်းလာသည့် ပန်းလှိုင်မြစ်ကမ်းနံဘေးမှာ တည်ရှိသည်။ မြို့သေးသော်လည်း ထင်ပေါ်ကျော်ကြားသည့် တိုင်းသိပြည်သိ စာပေ၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များပေါ်ထွက်ခဲ့သည်မှာ မနည်းလှပါ။ ညောင်တုန်းသား ဇာတ်စာရေးဆရာကြီး သဘင်ဝန်ဦးနုက မြန်မာ့သဘင်လောကစာအုပ်၊ စာမျက်နှာ ၁၅၄ တွင် "ညောင်တုန်းသားမှန်လျှင် အဆို၊ အက၊ ကဗျာ၊ လင်္ကာ၊ စာပေ ကျမ်းဂန်ဘက်မှာ ကျွမ်းကျင်သူတွေများတတ်သည်။ သဘင်သည် တစ်ဝက်မျှလည်း တတ်ကျွမ်းသည်"ဟု မှတ်တမ်းပြုခဲ့ဖူးသည်။ ညောင်တုန်းသားများထဲမှ လက်ရာမြောက်စာရေးဆရာတစ်ယောက်အကြောင်း အကျဉ်းချုပ်၍ တင်ပြရလျှင်

အမျိုးသားစာပေဆုရ
စာရေးဆရာ လင်းယုန်သစ်လွင်

ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့တွင် အဘ ဦးဖိုးလူ၊ အမိ ဒေါ်နှင်းဦးတို့က ၉-၉-၁၉၁၇ ရက်တွင် ဖွားမြင်သည်။ အမည်ရင်းမှာ ဦးအေးမောင်ဖြစ်သည်။ ညောင်တုန်းမြို့ အစိုးရအထက်တန်းကျောင်းတွင် အဌမတန်းအထိ ပညာသင်ကြားခဲ့သည်။ စစ်မဖြစ်မီက မော်လမြိုင်မြို့မှ ထုတ်ဝေသော "ခေါင်းဆောင်" သတင်းစာတွင် နယ်သတင်းထောက်၊ ၁၉၄၇ ခုနှစ် "ဟံသာဝတီ"နှင့် "ဗမာ့ခေတ်" သတင်းစာတွင် နယ်သတင်းထောက်၊ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်သို့ရောက်ရှိပြီး "လင်းယုန်သတင်းစာ" တွင် အလုပ်သမား သတင်းထောက်လုပ်ရာမှ "မောင်သစ်လွင်" အမည်ဖြင့် စာပေများစတင်ရေးသားပြီး "လင်းယုန်သစ်လွင်" ကလောင်အမည်ခံယူခဲ့သည်။

ထို့နောက် "လင်း ယုန်ဂျာနယ်၊ ပြည်တော်သစ်ဂျာနယ်၊ လူထုဂျာနယ်" တို့တွင် အယ်ဒီတာ အဖွဲ့ဝင်၊ ၁၉၅၇-၅၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စာရေး ဆရာအသင်း အလုပ်အမှုဆောင်၊ ၁၉၅၀ ပြည့်နှစ် စာရေးဆရာအသင်း နှစ်ပတ်လည် စာပေပြိုင်ပွဲတွင် ဝတ္ထု တိုကို "တို့ကျေးရွာ" ဝတ္ထုဖြင့်ရရှိခဲ့သည်။

"ယိုးဒယား-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း" စာအုပ်ကို ဂျပန်နိုင်ငံ "မိနီချိသတင်းစာတိုက်" မှ ဂျပန်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ သည်။ ၁၉၆၂ခုနှစ်တွင် "သီတာ သောင်ခြေဦး"လုံးချင်းဝတ္ထုဖြင့် အနုပညာစာပေ ဝတ္ထုရှည်ဆု၊ ၁၉၆၈ ခုနှစ်တွင် "ယိုးဒယား-မြန်မာ မီးရထားလမ်း၊ ကိုယ်တွေ့ချွေးတပ် မှတ်တမ်း" စာအုပ်ဖြင့် အမျိုးသားစာပေ

စာပဒေသာ ဒုတိယဆုနှင့် ၁၉၇၁ ခုနှစ်တွင် "ဓမ္မဝိလာသ" လုံးချင်းဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ လုံးချင်းစာအုပ် ၆၆ အုပ်ရေးသားခဲ့ပြီး ဆရာကြီးသည် အသက် (၇၆) နှစ်အရွယ်သို့ အရောက် (၂၁-၈-၁၉၉၃) ရက်တွင်ကွယ်လွန်ခဲ့သည်။

ဆရာ့လက်ရာများထဲတွင်စိတ်ဝင်စားဖွယ်ရာ "ဓမ္မဝိလာသ"ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ကို ရွေးထုတ်၍ တင်ပြချင်ပါသည်။ ထိုဝတ္ထုသည် ထူးခြားပြီး ဖတ်ရှုရခဲသည့် ဇာတ်လမ်းမျိုးဖြစ်သည်။ စနစ်ဆိုးမှ ကံမကောင်းအကြောင်းမလှ၊ စားရမဲ့ သောက်ရမဲ့ဘဝ ရောက်နေသည့် ဒုက္ခသည်သားအမိကို ကယ်တင်ခဲ့ရာမှ ကိုယ်ပါဒုက္ခရောက်ရသည့်အဖြစ်၊ ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့ဟု ဆိုကြသော်လည်း ကိုယ်ကောင်းပါလျက်ကျောင်းမှ ရွှေ့ခဲ့ရသည့် ရဟန်းတစ်ပါး၏ ဇာတ်လမ်း၊ အတိတ်ဝဋ်ကြွေးဟုသာ ဆိုရပေတော့မည်။

ဆရာသည် ရဲရဲတွေးပြီး စာဖတ်ပရိသတ်ကို မြင်သာအောင် ရဲရဲရေးပြခဲ့ရာအရေး အသားအဖွဲ့အနွဲ့၊ စာပေအလင်္ကာ ရသဂုဏ်မြောက်လှသည့်အတွက် ထိုဝတ္ထုဖြင့် အမျိုးသားစာပေဆုကို တတိယအကြိမ်မြောက် ရရှိခဲ့သည်။ လောကဓမ္မတာအရ တရားရစရာ၊ စိတ်ဝင်စားဖွယ်ရာကောင်းအောင် ရေးဖွဲ့ထားသည့် စာမျက်နှာ ၅၆၉ မျက်နှာရှိ ဝတ္ထုရှည်ကြီးဖြစ်သည်။

မြန်မာ့မြေပေါ်မှ အင်္ဂလိပ်တို့ကို မောင်းထုတ်ရန် စိုင်းပြင်းနေသည့်အချိန် ညောင်တုန်းမြို့တစ်ဖက်ကမ်း စက္ကော့ကျေးရွာတွင် ရုပ်ရည်သန့်ပြန့်ပြီး ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်ပြေပြစ်လှပသည့် ပုလဲဆိုသော မိန်းမချောလေး ရှိသည်။ ရရစားစား ဘဝမို့ အိမ်ထောင်ရေးစိတ်မကူး၊ အနေတည်ပြီး ဆတ်ဆတ်ထိမခံ၊ သတ္တိခဲမလေးမို့ လိုချင်သူတွေ ဝိုင်းဝိုင်းလည်၊ သို့သော် ကြိတ်ပိုးအဆင့်မှ ရှေ့ဆက်မတိုးရဲကြ။ ထိုသူတွေထဲ တစ်ရွာတည်းသား သမ္ဗန်သမား မောင်ညိုလည်း အပါအဝင်။ ပုလဲသည် ငါးဖမ်းပိုက်ထိုး၊ ပိုက်ဖာအလုပ်ဖြင့် ရိုးသားစွာအသက်မွေးရင်း မိခင်မုဆိုးမကြီးကို ကျွေးမွေးပြုစုသည်။ တစ်နေ့ ပုလဲညောင်တုန်းသို့ငါးဖမ်းပိုက်များ သွားရောက်ရောင်းချပြီး အပြန် အချိန်ကလည်းနှောင်း အခြားခရီးဖော်များလည်းမပါ။ မောင်ညို၏ သမ္ဗန်ဖြင့်လိုက်သင့်၊ မလိုက်သင့် စဉ်းစားနေချိန် အိမ်အပြန်မျှော်နေမည့်၊ စိတ်ပူနေမည့် မိခင်ကြီးကို ပြေးသတိရသည်။ တစ်ရွာတည်းသားချင်းဖြစ်၍ ပြဿနာမဖြစ်တန်ရာ၊ မလွှဲသာ၍ အရဲစွန့်ပြီး မောင်ညို၏သမ္ဗန်ဖြင့်ရွာသို့ ပြန်ခဲ့သည်။ ကမ်းမှခွာပြီး ရေလယ်သို့အရောက် မှောင်ရီဖျိုးဖျ။ မောင်ညိုသည် ပုလဲကို ကြည့်ရင်း တပ်မက်စိတ်တို့သည် ချွန်းအုပ်၍မရ။ ပုလဲအချစ်ကို အနုနည်းဖြင့်သူမည်သို့မျှမရနိုင်။ အခွင့်အရေးရခိုက် လက်လွှတ်မခံ ဖြစ်ချင်ရာဖြစ် ပုလဲကို အဓမ္မကြံသည်။

ပုလဲကလည်း အထိပါးမခံ အသေအလဲ ခုခံကာကွယ်သည်။ ရုန်းရင်းဆန်ခတ် လုံးထွေး သတ်ပုတ်နေကြရာသမ္ဗန်သည် ရှေ့လည်းမတိုး၊ နောက်လည်းမဆုတ် ရေလယ်တွင် ဘောင်ဘင်ခတ်ပြီး ချာချာလည်လျက်။ သဘာဝတရားအရ မိန်းမနှင့်ယောကျ်ား အားချင်းမမျှ။ ပန်းကောင်းအညွန့်ကျိုးခဲ့သည်။ ထိုအချိန် နောက်မှကယ်မမည့်သူ ဘွားခနဲပေါ်လာသည်။ မင်းဒင်၊ မတရားမှု မှန်သမျှ လက်ပိုက်ကြည့် မနေနိုင်။ မောင်ညိုကို မှတ်လောက်အောင် ထိုးကြိတ်ပြီး ခြေလက်တွေ ဝက်တုပ်တုပ်ကာ အလျင်အမြန်ပြန်လည် ထွက်ခွာခဲ့သည်။

မင်းဒင်သည် တော်လှန်ရေးသမားဖြစ်၍ လူသိမခံ နိုင်။ ပုလဲသည် ကြောက်လန့်တကြားဖြင့် သမ္ဗန်ပေါ်မှ ခုန်ချပြီး ရေကူးရင်း တစ်လှည့်၊ အပြေးတစ်လှည့်ဖြင့် ရွာသို့ ဒုန်းစိုင်းလေသည်။ မောင်ညို၏ ယုတ်မာပက်စက်သော လုပ်ရပ်သည် မောင်ညိုကို ချက်ချင်းလက်ငင်းအကျိုး ပေးလေသည်။ ထိုညတစ်ညလုံး မိုးကြီးလေကြီးကျ၍ သမ္ဗန်ထဲရေတွေ ဝင်ကာ မောင်ညိုရေမွန်းသေဆုံးခဲ့သည်။ ပုလဲအနေဖြင့် အဖြစ်ဆိုးနှင့်ကြုံခဲ့ရသော်လည်း ရာဇဝတ်မှုနှင့် မကင်းသည့်အတွက် အမှုပတ်မည်စိုးသည်။ သူ့အဖြစ်ကို မည်သူ့ကိုမျှ ဖွင့်ဟမပြောရဲ။ သို့သော် တိုင်းပြည်အရေးကလည်းမအေး၊ ပုလိပ်ဘက်ကလည်းမောင်ညို သေဆုံးသည့်ကိစ္စ စိတ်မဝင်စား၊ ပုလဲ ကို မည်သူမျှလည်း သံသယမရှိကြ။

ပုလဲက ညောင်တုန်းကအပြန် ကြုံရာလှေတစ်စင်းဖြင့် လိုက်ခဲ့သည်ဟု အကန့်ဖြတ်ထားသည်။ အမှုမှ လွတ်နေသော်လည်း အတိတ်အရိပ်သည် ခြောက်လှန့်နေဆဲ။ အချိန်တိုင်း ကျီးလန့်စာစား ဖြစ်နေရသူက ပုလဲ။ ဒီလိုနှင့် အင်္ဂလိပ်ခေတ်မှ ဂျပန်ခေတ်သို့ ရောက်လာသည်။ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ။ လက်နက်အားကိုးဖြင့် ကြမ်းတမ်းရိုင်းစိုင်း ရက်စက်ကြကုန်၏။ မြို့ရွာနယ်ပယ်အသီးသီးတွင် အသံမျှပင် မကြားချင်။ ထိုမျှ စက်ဆုတ်ရွံရှာမုန်းတီးကြသည်။ ရွာထဲဝင်လာပြီဆိုမှဖြင့် ပြေးကြလွှားကြ၊ မထင်လျှင် မထင်သလို ရက်စက်သူများဖြစ်သည်။ သည်ကြားထဲ ပုလဲအားထားရသည့် မိခင်ကြီးကလည်း ဆုံးပါးသွားရာ ပုလဲအဖို့ အားကိုးစရာ၊ ပြေးစရာ ဘုန်းကြီးကျောင်းသာရှိ တော့သည်။ ကပ္ပိယကြီး ဦးဖိုးကလည်း ပုလဲပြေးလာသည့်အခါတိုင်း ကျောင်းအောက်ဇရပ်တွင် နေရာချထားပေးကာ သားသမီးအရင်းနှင့် မခြားစောင့်ရှောက်၏။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ။ မောင်ညိုပေးသည့်ဒုက္ခ အချိန်တန်တော့ ဖုံးဖိမရ။ ပတ်ဝန်းကျင်အားကိုးဖြင့် ကလေးတစ်ယောက် မွေးခဲ့ရသည်။ သို့သော် အဖေနာမည်မဖော်ရဲ။

စီးပွားလည်း ဖြောင့်ဖြောင့်တန်းတန်းရှာမရ။ ကျီးလန့်စာစားနေကြရသည့်အတွက် ရွာကျောင်းမှာလည်း ဆွမ်း၊ ကွမ်းမပြည့်စုံ။ ပုလဲတို့ သားအမိ အငတ်ဘေးကြုံသည်မို့ မရှက်နိုင်။ စားရမဲ့ သောက်ရမဲ့ဘဝမို့ ကျောင်းဇရပ်မှာ ခိုလှုံခွင့်ပြုပါရန် ကပ္ပိယကြီးမှတစ်ဆင့် ကျောင်းထိုင်ရှင်ရဟန်းထံ လျှောက်ထားရာ ရဟန်းသည် ကျောင်းနှင့် ဒကာမ မသင့်တော်မှန်း သိသော်လည်း ဒုက္ခသည်သားအမိကို ငြင်းပယ်နိုင်လောက်သော နှလုံးသား ရဟန်းမှာမရှိ။ ခိုလှုံခွင့်ပေးလိုက်ပြီး ရသမျှဆွမ်း ထမင်းဟင်းတို့ကို ဝေငှကျွေးသည်။ တစ်ဖန်ပုလဲ ကလေးရလာသည့်အခါ အဖေနာမည်မဖော်နိုင်၊ လင်ကောင်မပေါ်သည့်မိန်းမ ရွာနာသည်ဆိုပြီး ပုလဲကိုရွာက ဝိုင်းပယ်ထားကြပြန်သည်။ သံသရာမှာ ကျင်လည်သရွေ့ ထိုသို့ ကြေကွဲဖွယ်ရာအဖြစ်မျိုး ကြုံတွေ့ကြရဦးမည်သာ။ တရားသံဝေဂ ရဖွယ် လူ့ဘဝဇာတ်ခုံကို ညောင်တုန်းသား ဆရာက ပီပြင်စွာ ဖော်ပြနိုင်ခဲ့သည်။ ။

> **ညောင်တုန်းသားမှန်လျှင် အဆို၊ အက၊ ကဗျာ၊ လင်္ကာ၊ စာပေ ကျမ်းဂန်ဘက်မှာ ကျွမ်းကျင်သူတွေများတတ်သည်။ သဘင်သည် တစ်ဝက်မျှလည်း . . .**

½yfjrifoHMum;tpDpOfusOf

၇-၂-၂၀၁၅ (စနေနေ့)

MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၁၆)
၉း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ကာယဗလနှင့် ကာယအလှ ကြံ့ခိုင်မှုပြိုင်ပွဲ)
၁၁း၅၀ Drive It
၁၂း၁၀ Healthy Life (ကျန်းမာရေး စစ်ဆေးခြင်းအကြောင်း သိကောင်းစရာ)
၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ဓားနဲ့တူသောသား (အပိုင်း-၂)]
၃း၄၅ Fashion Week (Designer Min Khant)
၄း၃၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်

jr0wD

၆း၀၃ တရားတော်
၆း၁၆ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၁၀ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၁၁း၄၀ "အချစ်" ရဲအောင်၊ ဖြိုးဝေစိုး၊ မေကဗျာနှင့်သရုပ်ဆောင်များ ဒါရိုက်တာ-နေပိုင်
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမာယာ" (အပိုင်း-၇၁)
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ ကျန်းမာသုတ
၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၁၀ စားဖို့ဆောင်ချစ်သူ
၆း၃၀ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား -လူ့ရွှင်တော်စတား
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာဖွဲ့ကြိုး" (အပိုင်း-၂၆)

New Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၅ "ကမ္ဘောဇတစ်ခွင် ဘုရားဖူးခရီးစဉ်"
၇း၃၀ Head Line NEWS
၇း၃၅ Hyper Sports
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၁း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၂း၃၅ ပြည်သူ့အတွက်ကြိုးပမ်းမှု ပုံရိပ်များ
၃း၃၅ ချစ်သော၌ကမ္ဘာမြေ
၄း၃၅ "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ"
၇း၃၅ Business News
-ဂန္ထဝင်အလှ မြန်မာရာမ (အပိုင်း-၃) (ရဲသီဟ၊ မင်းဟိန်းခန့်၊ ပိုင်ဖြိုးသု၊ စုလဲ့ရတနာ) ဒါရိုက်တာ-ဇော်ဇော် (Ad.Leono)
-ဂီတတံခါးလေးဖွင့်ပါဦး

Entertainment Channel

၆း၀၀ အဖွင့်
-မြို့မငြိမ်း (၁၀၅)နှစ်မြောက် အထိမ်းအမှတ် မန္တလေးမြို့မ တူရိယာအသင်းနှင့် နိုင်ငံတော် သံစုံတီးဝိုင်းတို့၏ ပူးပေါင်း ဖျော်ဖြေတင်ဆက်မှု (အပိုင်း-၄)
၆း၂၀ ပျော်ရွှင်စေသောနေ့ရက်များ "ရန်များကိုရှင်းမယ်" (အပိုင်း-၂)
၆း၃၅ ဝတ်စားဆင်ယင်မှုပြပွဲ
၆း၄၀ ဟိုးတုန်းကရေဒီယို အသံလွှင့်ဇာတ်လမ်းများ "ဆောင်းမှာပွင့်သောမေတ္တာပန်း" (ထက်နေချမ်း၊ ထူးအောင်၊ စောမြတ်နိုး၊ အေသရီး) (ဒါရိုက်တာ-သီတာလင်း (Lurel Art Academy))
၇း၃၅ "ထူးချွန်သူတို့လျှောက်သောလမ်း" (ပိုင်မင်းဟိန်း၊ နေပိုင်ငြိမ်းအေး၊ ပန်းအိဝေ) (ဒါရိုက်တာ-မျိုးချစ်မောင်)
၉း၀၀ "ရာမယဏဇာတ်တော်ကြီး" (ယဉ်ကျေးမှုဝန်ကြီးဌာန)
၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "နှလုံးသားကမလိမ်တတ်ဘူး" (ခန့်စည်သူ၊ မင်းဟိဏ်း၊ နဝရတ်၊ သဇင်) (ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး))
၁၂း၀၀ အစီအစဉ်ပြီး၏။

တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။

mitv

MYANMAR INTERNATIONAL
Programme in Brief
(7-2-2015) (Saturday)

- Nine Wonders Around The Platform Of Shwedagon Pagoda
- One Heritage……One Festival
- Products Of Myanmar - Bomboo Hat
- Crab Business "Mud Crab"
- Size Does Matter (Human-Elephant Conflict, "Laws & Regulations")
- School For the Blind (Kyee Myin Dine)
- Myanmar Masterclass: Impressionism
- A Journey To Southern Shan State
- Archery Session (from Ramayana Play)
- Rakhine Traditional Wedding
- Pottery Business
- A Tea Business: Pankwan

အားကစားနှင့် မှခင်း

ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်နေ့များတွင် ကစားမည့် ဘွန်ဒက်လီဂါပွဲစဉ်(၂၀)မှ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်နေသည့် ပွဲ ငါးပွဲကို ကြိုတင်ခံစားကြည့်လိုက်မိပါတယ်။

befufvDypOf-20

ဝင်းထွဋ်ဦး

ရှော်ကေး - မိုချင်ဂလာဘတ် နံနက် ၂း၀၀ (၇-၂-၂၀၁၅)

ရှော်ကေးက ဒုတိယရာသီဝက်အဖွင့်နှစ်ပွဲမှာ လေးမှတ်ရယူနိုင်ခဲ့သလို မိုချင်ဂလာဘတ်က နှစ်ပွဲလုံးနိုင်ပြီး အမှတ်(၆)မှတ်အပြည့် ရယူနိုင်ခဲ့သည်။ ပထမအကျော့မိုချင်ဂလာဘတ်အိမ်ကွင်းပွဲမှာ ရှော်ကေးအသင်း ဂိုးပြတ်အရေးနိမ့်ခဲ့ရ၍ ယခုအိမ်ကွင်းပွဲတွင် ပြန်ပြီး ရှုံးကြွေးဆပ်နိုင်အောင် အားထည့်ရုန်းပေလိမ့်မည်။ မိုချင်ဂလာဘတ်၏ အဝေးကွင်းခြေစွမ်းကလည်း အကောင်းဆုံးအနေအထားမဟုတ်။ သို့သော် မိုချင်ဂလာဘတ်တို့ အဆင့်(၃) နေရာမှာ တည်မြဲနိုင်ရန်အတွက် အနိမ့်ဆုံး သရေတစ်မှတ်ကို ဦးတည်ကစားဖွယ်ရှိနေသည်။ ရှော်ကေးကွင်း နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှုတွင်လည်း မိုချင်ဂလာဘတ်အသင်း တစ်ပွဲသရေ တစ်ပွဲနိုင်ရအောင်ကစားနိုင်ခဲ့၍ ဧည့်သည်တို့ အမှတ်ပြည့်ဆုံးရှုံးမည့်ပွဲ ဖြစ်လာဦးမည်မဟုတ်ဟု သုံးသပ်မိသည်။

ဝုဖ်ဘတ် - ဟော့ဖန်ဟိမ်း ည ၉း၀၀(၇-၂-၂၀၁၅)

ဝုဖ်ဘတ်အသင်း ဇယားထိပ်ဆုံးက ဘိုင်ယန်မြူးနစ်ကို ဆက်လက်ဖိအားပေးနိုင်ရေး ဟော့ဖန်ဟိမ်းကို ဂရုတစိုက်ကစားမည်မှာ သေချာနေသည်။ ဟော့ဖန်ဟိမ်း၏ အဝေးကွင်းစွမ်းဆောင်နိုင်စွမ်းကလည်း အားရကျေနပ်လောက်သည့် အနေအထားမျိုးမဟုတ်၍ ဝုဖ်ဘတ်တို့ ကပ်ပြီး အနိုင်ရသွားနိုင်သည်။

မိန့်ဇ် - ဟာသာဘာလင် ည ၉း၀၀(၇-၂-၂၀၁၅)

ပွဲစဉ်(၁၈) အိမ်ကွင်းပွဲမှာ ပါဒါဘွန်းကို ငါးဂိုးအထိသွင်းပြီး သုံးမှတ်ရယူနိုင်ခဲ့သည့် မိန့်ဇ်၏ အိမ်ကွင်းခြေစွမ်းအမှန်ကို ဟာသာဘာလင်နှင့်ပွဲမှာ အကဲဖြတ်ခွင့်ရတော့မည်ဖြစ်သည်။ ဧည့်သည်ကလည်း အဝေးကွင်း ကိုးပွဲကစားအပြီး နိုင်ပွဲတစ်ပွဲ၊ သရေနှစ်ပွဲနှင့် ငါးမှတ်သာရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ပထမအကျော့ ဟာသာဘာလင်ကွင်းပွဲမှာ မိန့်ဇ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အပြတ်အနိုင်ရခဲ့သည်။ ယခု တွေ့ဆုံမှုတွင်လည်း အိမ်ရှင်အသင်း ကပ်ပြီး အသာရသွားနိုင်သည်။

စတုဂတ် - ဘိုင်ယန်မြူးနစ် ည ၉း၀၀(၇-၂-၂၀၁၅)

ဒုတိယရာသီဝက်အစနှစ်ပွဲကစားခဲ့ရာ နိုင်ပွဲပျောက်နေသည့် လက်ရှိချန်ပီယံတို့ စတုဂတ်နှင့်ပွဲမှာ အနိုင်ရလဒ်အတွက် အားကုန်ထုတ်ကစားပေလိမ့်မည်။ အိမ်ကွင်းကိုးပွဲမှာ တစ်ပွဲသာနိုင်ပွဲရသေးသည့် စတုဂတ်ကို ဘိုင်ယန်မြူးနစ်အသင်းသားများ လုံးဝအလျှော့ပေးတော့မည်မဟုတ်။ အစွမ်းကုန်ပေါက်ကွဲပြမည့် ဘိုင်ယန်တို့ အနိုင်ရလဒ်ရယူနိုင်မည်ဟု သုံးသပ်မိသည်။

ဟမ်းဘတ် - ဟန်နိုဗာ နံနက် ၀၀း၀၀(၈-၂-၂၀၁၅)

ဟမ်းဘတ်၏ အိမ်ကွင်းခြေစွမ်းနှင့်ဟန်နိုဗာ၏ အဝေးကွင်းခြေစွမ်းပိုင်းကို ယှဉ်ကြည့်လျှင် မကွာလှ။ မတိမ်းမယိမ်းသာရှိသည်ဟု ပြောနိုင်သည်။ သို့သော် ဟန်နိုဗာအသင်းထက် အဆင့်အပြင် ရမှတ်ပါ လျော့နည်းနေသည့် ဟမ်းဘတ်တို့ အိမ်ကွင်းပွဲမှာ အားစိုက်ကစားပေလိမ့်မည်။ စတုဂတ်နှင့်ကိုလုံးတို့ကို အိမ်ကွင်းမှာ နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့သည့် ဟမ်းဘတ်အသင်း အနိုင်ရလဒ်မျှော်လင့်နိုင်သည်။

azazmf&D8&uf upm;rnfypOfrm;

ပရီမီယာလိဂ်

စပါး - အာဆင်နယ်	ည ၇း၁၅
ဗီလာ - ချယ်လ်ဆီး	ည ၉း၃၀
လက်စတာ - ခရစ္စတယ်ပဲလေ့စ်	ည ၉း၃၀
မန်စီးတီး - ဟားလ်စီးတီး	ည ၉း၃၀
ကျူပီတာ - ဆောက်သမ်တန်	ည ၉း၃၀
ဆွမ်ဆီး - ဆန်းဒါးလန်း	ည ၉း၃၀
အဲဗာတန် - လီဗာပူး	ည ၁၂း၀၀

စီးရီးအေ

ဗီရိုနာ - တိုရီနာ	ည ၁၁း၃၀
ဂျူဗင်တပ် - အေစီမီလန်	နံနက် ၂း၁၅

လာလီဂါ

ဒီပိုတီဗို - အီဘား	နံနက် ၂း၁၅
အက်သလက် - ရီးယဲလ်	ည ၉း၃၀
ဗီလာရီးယဲလ် - ဂရန်နာဒါ	ည ၁၁း၃၀
လီဗန်တေး - မာလာဂါ	နံနက် ၁း၃၀
ဆိုစီဒက် - ဆယ်တာဗီဂို	နံနက် ၃း၃၀
ကော်ဒိုဘာ - အယ်မာရီယာ	နံနက် ၅း၃၀

မောင်မောင်ဇော်

ကိုးလ်မန်းနှင့် မာကွင်ဟိုစ်တို့အား ခေါ်ယူရာတွင် ဂျာနူဇက်မှာ အဓိကသော့ချက်ဖြစ်လာဖွယ်ရှိနေ

မန်ယူအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်း၏ ကာလရှည်ပစ်မှတ်ကစားသမားနှစ်ဦးဖြစ်သည့် အဲဗာတန်နောက်ခံလူ ဆီးမက်စ်ကိုးလ်မန်းနှင့် PSG နောက်ခံလူ မာကွင်ဟိုစ်တို့အားခေါ်ယူရာတွင် ဘယ်လ်ဂျီယံလူငယ်ကစားသမားဖြစ်သည့် အဒမ်ဂျာနူဇက်မှာ အဓိကသော့ချက်ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

မန်ယူအသင်းမှာ လာမည့်နွေရာသီတွင် ပြောင်းရွှေ့ကြေးပေါင်သန်းများစွာ ထပ်မံသုံးစွဲ၍ကစားသမားသစ်များ ခေါ်ယူအားဖြည့်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်နေပြီး မန်ယူအသင်းတာဝန်ရှိသူများအနေဖြင့် ဂျာနူဇက်အား မာကွင်ဟိုစ် (သို့) ကိုးလ်မန်းတို့ နှစ်ဦးအနက်မှ တစ်ဦးအား အလိုက်ပေးလဲလှယ်ခေါ်ယူသွားဖွယ်ရှိနေကြောင်း goal.com က ဖော်ပြခဲ့သည်။ မန်ယူနည်းပြဖြစ်သူ လူးဝစ်ဗန်ဟားလ်မှာလည်း လာမည့်ဘောလုံးရာသီတွင် အသင်းမှ ကစားသမားအများအပြားကို ရောင်းချသွားရန် ပြင်ဆင်လျက်ရှိပြီး ဂျာနူဇက်အပြင် ဗန်ပါစီ၊ ရာဖေးလ် စသည့် ကစားသမားများမှာလည်း အသင်းနှင့် အနာဂတ်သေချာဖွယ်မရှိတော့ကြောင်း သိရသည်။

ထို့ကြောင့် ဂျာနူဇက်အနေဖြင့် ယင်းအပြောင်းအရွှေ့နှစ်ရပ်တွင် အဓိကကျသောအခန်းကဏ္ဍမှပါဝင်နေပြီး အဲဗာတန်အသင်းသို့ ရောက်ရှိရန် ပိုမိုရေပန်းစားနေသလို နောက်ခံကစားသမား ဆီးမက်စ်ကိုးလ်မန်းနှင့် အလိုက်ပေးလဲလှယ်သွားရန် နီးစပ်နေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့သည်။ အသက်(၂၀) အရွယ်ရှိ ဘယ်လ်ဂျီယံလက်ရွေးစင်ကွင်းလယ်လူဂျာနူဇက်မှာ မန်ယူအသင်း၏ လူငယ်စီမံကိန်းမှပေါ်ထွက်လာခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းအတွက် ၃၇ ပွဲ ပါဝင်ကစားကာ လေးဂိုးသွင်းယူပေးခဲ့ကြောင်း သိရသည်။ **(ကိုရဲ)**

အမျိုးသား(အလွတ်တန်း) ဘော်လီဘောပြိုင်ပွဲဖွင့်

လှိုင်သာယာ ဖေဖော်ဝါရီ ၆

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် လှိုင်သာယာမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဘော်လီဘောပြိုင်ပွဲကို အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန(လှိုင်သာယာ) ဦးဆောင်မှု၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီကြီးကြပ်မှုတို့ဖြင့် ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီက လှိုင်သာယာစက်မှုဇုန်ရှိ မိုးလုံလေလုံအားကစားရုံ၌ ဖွင့်ပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင် တက်ရောက်အမှာစကားပြောကြားခြင်း၊ အားကစားအဖွဲ့များ ရုံအတွင်းတန်းစီပြီး အခမ်းအနား၌ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဘော်လီဘောအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနဘော်လီဘောအသင်းတို့က သရုပ်ပြယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **(၃၂၉)**

ကျိုက်ထီးရိုးရင်ပြင်တော်တွင် ခါးပိုက်နှိုက်သူအမျိုးသမီးနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီး

သထုံ ဖေဖော်ဝါရီ ၆

ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားဖူးတစ်ဦးထံမှ ရွှေထည်ပစ္စည်းမျိုးစုံ၊ လက်ကိုင်ဖုန်းနှင့် ငွေကျပ်တစ်သိန်းခွဲခန့် စုစုပေါင်း ၂၂ သိန်းဖိုးခန့် နှိုက်ယူခံရသဖြင့် ကင်မွန်းချောင်းနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကိုယ်တိုင် CCTV ကင်မရာများကို စစ်ဆေးရာမှ ခါးပိုက်နှိုက်ယူသူ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသမီးနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးနိုင်ပြီး ရွှေထည်ပစ္စည်းများပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် ညနေပိုင်းတွင် ကျိုက်ထီးရိုးဘုရားလာရောက်ဖူးမြော်သူ ဒေါ်ယဉ်နွယ်ဝင်း (၃၄)နှစ် ဈေးရောင်း သမဝါယမတိုက်ခန်း(၂) မင်းနန္ဒာလမ်း သာကေတမြို့နယ်နေသူသည် ကျိုက်ထီးရိုးဘုရားရင်ပြင်တော် မှန်လုံဆောင်ရှေ့တွင် လူများအကြားတိုးဝှေ့စဉ် ၎င်းကိုင်ဆောင်ထားသော လက်ကိုင်အိတ်အတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်တစ်သိန်းခွဲခန့် စုစုပေါင်း ၂၂ သိန်းခန့် နှိုက်ယူခံခဲ့ရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကင်မွန်းချောင်းနယ်မြေရဲစခန်းက (ပ)၆/၂၀၁၅၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ အရ အမှုဖွင့်စုံစမ်းဖော်ထုတ်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်း ကျိုက်ထီးရိုးဘုရားသို့ ရောက်ရှိစဉ်အခင်းဖြစ်နေ့က ရိုက်ကူးထားခဲ့သော CCTV မှ ကင်မရာမှတ်တမ်းများအား ကိုယ်တိုင်စစ်ဆေးရာ တိုးဝှေ့နေသောလူအုပ်အကြားတွင် အမျိုးသမီးတစ်ဦးက အခြားအမျိုးသမီးအား ဝင်တိုက်ကာ လက်ကိုင်အိတ်အတွင်းမှပစ္စည်းနှိုက်ယူသည်ဟု တွေ့ရှိရသည်။ ထို့ကြောင့် မသက်္ကာသူအမျိုးသမီး၏ ဓာတ်ပုံအား ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအပါအဝင် အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မှုခင်းဖြစ်စဉ်၊ ပစ္စည်းပျောက်ပုံစံများနှင့်အတူ ပေးပို့အကူအညီတောင်းခံခြင်း၊ အမှုစစ်အရာရှိက ဆက်သွယ်စုံစမ်းခြင်းများ ပြုလုပ်ခဲ့သည်။ ဇန်နဝါရီ ၂၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး မှုခင်းအကူဌာနစိတ်မှူး ရဲအုပ်ဇော်လင်းထွန်းက ဓာတ်ပုံပါမသက်္ကာသူအမျိုးသမီးမှာ ပုသိမ်ကြီးမြို့နယ်ဘက်တွင်ရှိကြောင်း အကြောင်းကြားချက်အရ ဖမ်းဆီးစစ်ဆေးပေးပါရန် အကူအညီတောင်းခံပြီး မသင်္ကာသူအမျိုးသမီးနှစ်ဦးအား သွားရောက်ဖမ်းဆီးခဲ့သည်။

မသက်္ကာသူအမျိုးသမီးနှစ်ဦးမှာ ဒေါ်ခင်တင့် (၅၀)နှစ် အောင်ချမ်းသာရွာ ပုသိမ်ကြီးမြို့နယ်နှင့် ဒေါ်အုန်းမြ (၄၀)နှစ် ကနီကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူများဖြစ်ကြပြီး ၎င်းတို့၏ အစစ်ခံချက်အရ ဒီဇင်ဘာ ၃၀ ရက်တွင် ကျိုက်ထီးရိုးဘုရားသို့ ရောက်လာကြကာ ဇန်နဝါရီ ၁ ရက်တွင် ရွှေထည်ပစ္စည်းများကို နှိုက်ယူပြီး ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် မန္တလေးသို့ပြန်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများဖြစ်ကြသော ရွှေဘီးကုပ်(မူရင်း)တစ်ခု၊ ရွှေလက်ကောက်ငါးကွင်း အလေးချိန်တစ်ကျပ်သားခန့်နှင့် ဆွဲကြိုးတစ်ကုံး၊ လက်စွပ်ခုနစ်ကွင်း၊ ရွှေခြေချင်းတစ်ခု၊ ကလေးလက်ကောက်နှစ်ကွင်းနှင့် အရည်ကြိုထားသည့် ရွှေတုံးရှစ်တုံး အလေးချိန် သုံးကျပ်ကိုးပဲလေးရွေးခန့်တို့အား သိမ်းဆည်းနိုင်ခဲ့သည်။ ယင်းအမှုအား ကျိုက်ထိုမြို့နယ်တရားရုံးတွင် တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

(ရဲခေါင်ဦး)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်ငယ်နှစ်စီးဖြစ်သည့် 7D---ပါဂျဲရိုး ကိုယ်ပိုင်ယာဉ်နှင့် DD--- အငှားယာဉ်တို့ ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က အမှတ်(၃)ရပ်ကွက် ရွှေကမ္ဘာအိမ်ရာ(၈)လမ်းထိပ်အရောက် တိုက်မိမှုဖြစ်ပွားသဖြင့် အငှားယာဉ်မှာ တိမ်းမှောက်သွားပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။ (၀၁၅)

မရမ်းကုန်း၌ မူးယစ်ဆေးဝါးရောင်းချသူ ဖမ်းမိ

ရန်ကုန် ဖေဖော်ဝါရီ ၆

မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ဦးရေခဲလမ်းနေ ကိုကံထူး (၅၈)နှစ် (ပန်းရန်အလုပ်သမား)သည် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းရရှိ၍ ဝင်ရောက်ရှာဖွေရာ ၎င်း၏နေအိမ်ရှေ့ခန်းတွင် ဦးကံထူး၏ကိုယ်တွင် ဝတ်ဆင်ထားသော Janzan တံဆိပ်ပါ ကာကီဘောင်းဘီအတို ယာဘက်အိတ်ကပ်ထဲမှ သတင်းစာစက္ကူဖြင့် ထုပ်ထားသော ဆေးခြောက်ဟုယူဆရသည့် အရွက်ခြောက် သုံးထုပ် (တစ်ထုပ်အလေးချိန် နှစ်ကျပ်သားခန့်) နှင့် ကိုကံထူး၏ အိမ်ခြံဝင်းအတွင်းရှိ အိမ်သာဘေးမှ ကြွပ်ကြွပ်အိတ်အဖြူရောင်နှင့် ထုပ်ထားသော ၂၇ ကျပ်သားခန့်ရှိ ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက်တစ်ထုပ်(၄၄၀ ဂရမ်)၊ ဝဲဘက်ဘောင်းဘီအိတ်ကပ်ထဲမှ ဆင်းကတ်ပါ (Cool Pad) အနက်ရောင် ဟန်းဆက်တစ်လုံး၊ မြန်မာငွေစက္ကူရောရာ ကျပ် ၁၃၂၉၀၀ တို့ကို သိမ်းဆည်းရမိသည်။

တရားမဝင် မူးယစ်ဆေးဝါးများအား လက်ဝယ်ထားရှိရောင်းချသူ ကိုကံထူးအား (ပ)၁/၂၀၁၅၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)အရ အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညီညီ(သမိုင်း)

ကပ်ပါးခုတ်၍ ထွက်ပြေးတိမ်းရှောင်သည့် တရားခံအား ဖမ်းဆီးရမိ

ရေး ဖေဖော်ဝါရီ ၆

ရေးမြို့နယ် အာယုတောင်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်ဝင်းသည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် လှိုရာမည စက်သုံးဆီဆိုင်မှ ကိုစိုင်းနှင့်ကိုနိုင်ထွန်းတို့ ပြောပြချက်အရ စက်သုံးဆီဆိုင်အနီး ကားလမ်းဘေး၌ လူတစ်ဦး ဦးခေါင်းတွင် ကပ်ပါးစိုက်လျက်လဲကျနေကြောင်း သိရှိရသဖြင့် ၎င်းတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ အမည်မသိ အသက်(၂၀)ခန့် အမျိုးသားတစ်ဦးကပ်ပါးခုတ်စိုက်ဒဏ်ရာများဖြင့် တွေ့ရှိရသည်။ အဆိုပါဖြစ်စဉ်များအား စုံစမ်းဖော်ထုတ်ချက်အရ ဒဏ်ရာရရှိသူမှာ အောင်ဆန်းလင်း(၁၇)နှစ် တူးမြောင်းကျေးရွာ ရေးမြို့နယ်နေသူဖြစ်ကြောင်း သိရပြီး ပြစ်မှုကျူးလွန်သူမှာ မောင်စည်သူ (ခ)အဖွတ် အသက်(၂၆)နှစ် နံ့သာရွာ ရေးမြို့နယ်နေသူဖြစ်ကြောင်းပေါ်ပေါက်ပြီး တရားခံမှာ ထွက်ပြေးတိမ်းရှောင်နေ၍ မွန်ပြည်သစ်ပါတီမှ လိုက်လံရှာဖွေဖမ်းဆီးရမိခဲ့သဖြင့် မွန်ပြည်သစ်ပါတီ ထားဝယ်ခရိုင်ဥက္ကဋ္ဌ နိုင်အောင်မငေးဦးစီးအဖွဲ့မှ ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၁ နာရီတွင် ရေးမြို့ မွန်ပြည်သစ်ပါတီဆက်ဆံရေးရုံးတွင် အာယုတောင်အုပ်ချုပ်ရေးမှူးဦးထွန်းလေးနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးမြင့်သော်၊ ရေးမြို့မရဲစခန်းမှူး ဒုရဲမှူးပြုံးချိုနှင့်အဖွဲ့ထံသို့ အမှုကို ဆက်လက်အရေးယူနိုင်ရန် လွှဲပြောင်းပေးအပ်ပြီး အမှုမှ တရားခံ မောင်စည်သူ(ခ) အဖွတ်အား အမြန်တရားစွဲဆိုနိုင်ရေးအတွက် ဒုရဲမှူးပြုံးချိုက အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်း(ရေး)

တရုတ်မြို့ကြီးအများစု လေထုညစ်ညမ်းမှုရှိနေဆဲ

ပေကျင်း ဖေဖော်ဝါရီ ၆

၂၀၁၄ခုနှစ် တရုတ်နိုင်ငံရှိ အကြီးဆုံးမြို့ကြီး ၇၄ မြို့အနက် ရှစ်မြို့သာလျှင် လေထုအရည်အသွေးဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောကြားသည်။

လေထုညစ်ညမ်းမှုအများဆုံးမြို့ကြီးများမှာ နိုင်ငံအရှေ့မြောက်ပိုင်း ဟူဘေးပြည်နယ်၌ တည်ရှိကြောင်း၊ ယင်းပြည်နယ်သည် မြို့တော်ပေကျင်းကို ဝန်းရံထားသောပြည်နယ်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

မြို့တော်ပေကျင်းရော စီးပွားရေးအချက်အချာ မြို့ကြီးဖြစ်သော ရှန်ဟိုင်းမြို့ပါ လေထုအရည်အသွေးဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

တရုတ်နိုင်ငံသည် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန် ကြိုးပမ်းနေသော်လည်း ယခုကာလထိ စွမ်းအင်လိုအပ်ချက်များအတွက် ကျောက်မီးသွေးအပေါ် အကြီးအကျယ် မှီခိုအားထားနေရဆဲဖြစ်သည်။

ဟူဘေးပြည်နယ်၌ ယခုနှစ်အတွင်း ကျောက်မီးသွေးစွမ်းအင်သုံးစက်ရုံ ၈၀၀၀ ကျော်ကို အစိုးရက ပိတ်သိမ်းစေခဲ့သည်။

ပီတီအိုင်။

အိန္ဒိယတွင် ကလေးအလုပ်သမားများစွာကို ရဲတပ်ဖွဲ့က ကယ်တင်

ဟိုက်ဒရာဘက်(အိန္ဒိယ)ဖေဖော်ဝါရီ ၆

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ စက်ရုံများတွင် လူသားတစ်ဦးအတွက် မသင့်လျော်သောအခြေအနေ၌ အဓမ္မအလုပ်ခိုင်းစေခြင်းခံနေရသော ရာနှင့်ချီသည့် ကလေးများကို ကယ်တင်နိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် မကြာသေးမီက ဖော်ပြသည်။

လွန်ခဲ့သည့် ၁၀ ရက်အတွင်း ဟိုက်ဒရာဘက်၌ ပလတ်စတစ်စက်ရုံနှင့် သားရေနယ်စက်ရုံများကို ဝင်ရောက်စီးနင်းရာ အနည်းဆုံးကလေး ၃၅၀ ကို ကယ်ဆယ်နိုင်ခဲ့သည်။ ၎င်းတို့သည် ကြေကွဲဖွယ်ကောင်းသော ဝန်းကျင်တွင် နာရီပေါင်းများစွာ အလုပ်လုပ်နေကြရသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

ပညာအခြေခံနည်းပါးခြင်းနှင့် ဆင်းရဲမွဲတေမှု ထူပြောခြင်းတို့က ကလေးအမြောက်အမြားကို လုပ်ငန်းခွင်များအတွင်းသို့ တွန်းပို့လျက်ရှိသည်။

စက်ရုံပိုင်ရှင်များထံသို့ ကလေးအလုပ်သမားများ သွင်းပေးလျက်ရှိသည်ဟု အာဏာပိုင်များက လူငါးဦးကို စွပ်စွဲထားသည်။

ကလေးသူငယ်စောင့်ရှောက်ရေး တာဝန်ရှိသူများက ဖေဖော်ဝါရီ ၅ ရက်တွင် ကလေးအချို့ကို အိန္ဒိယနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ်များတွင် ပါဝင်သော ဘီဟာပြည်နယ်ရှိ ၎င်းတို့၏ မိဘများထံသို့ ပို့ဆောင်အပ်နှံပေးခဲ့ကြသည်။ ယခုရက်သတ္တပတ်အတွင်း ယင်းပြည်နယ်သို့ ကလေး ၂၀၀ နီးပါး ပြန်ပို့နိုင်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

ကယ်တင်ခဲ့သော ကလေးအချို့တွင် အရေပြားနှင့် အခြားသောရောဂါများ ဖြစ်ပွားလျက်ရှိကြောင်း ရဲအရာရှိ ဗွီဆက်ယာနာရာ ယာနာက ထုတ်ဖော်ပြောကြားခဲ့သည်။ ကလေးများကို ၎င်းတို့၏ လုပ်ငန်းခွင်တွင် ပိတ်လှောင်ထားသည်ကို တွေ့ရကြောင်း၊ လုပ်ငန်းခွင်ပတ်ဝန်းကျင်မှာ လူသားများအတွက် မသင့်လျော်ကြောင်း၊ ခေတ္တနားချိန်မရှိ တစ်ရက်လျှင် ၁၂ နာရီ ခိုင်းစေကြောင်း ၎င်းရဲအရာရှိက ပြောသည်။

ကလေးများကို ကျန်းမာရေးနှင့် မညီညွတ်သော၊ လေဝင်လေထွက်မကောင်းသော အခန်းမှောင်မှောင်များ၌ထားရှိပြီး ဗီဒီယိုကင်မရာ အသုံးပြု၍ အလုပ်ရှင်က စောင့်ကြည့်ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ ကလေးတစ်ယောက်သည် အလုပ်လုပ်ရာမှရပ်လျှင် အရိုက်အနှက်ခံရသည်ဟု ဆိုသည်။

အိန္ဒိယတွင် ကလေးများ အသက် (၁၄) နှစ်အထိ ပညာမသင်မနေရ အပါအဝင် ကလေးအလုပ်သမားခိုင်းစေခြင်းကို တိုက်ဖျက်ရန် ရည်ရွယ်သော ဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ ကလေးအလုပ်သမား ၄ ဒသမ ၃၅ သန်းရှိသည်။

၂၀၁၄ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေး ဆုရရှိခဲ့သူ ဆက်ရာသီက သန်း ၆၀ အထိရှိသည်ဟု ပြောသည်။ မိဘအချို့က ဆင်းရဲမွဲတေမှုကြောင့် ၎င်းတို့၏ သားသမီးများကို စက်ရုံများသို့လည်းကောင်း၊ သူတစ်ပါးနေအိမ်များသို့လည်းကောင်း အလုပ်လုပ်ရန် စေလွှတ်ကြရပါသည်ဟု ဆိုသည်။

ဘီဘီစီ။

အီရတ်တွင် ပြန်ပေးဆွဲခံထားရသည့် အိန္ဒိယသူနာပြု ၁၁ ဦး ပြန်လည်လွတ်မြောက်လာ

နယူးဒေလီ ဖေဖော်ဝါရီ ၆

အီရတ်နိုင်ငံတွင် ဖမ်းဆီးခံထားရသည့် အိန္ဒိယသူနာပြု ၁၁ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံက ပြောကြားသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်မှ အီရတ်နိုင်ငံမြောက်ပိုင်း ကီရာကွတ်မြို့သို့ သွားရောက်၍ ဆေးရုံများတွင် အလုပ်လုပ်နေသည့်သူနာပြုများကို အာရ်ဘီလ်မြို့ရှိ အိန္ဒိယအရာရှိများထံ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ပြောကြားသည်။

“အိန္ဒိယသူနာပြု ၁၁ ဦးကို ကီရာကွတ်မြို့ကနေ ကယ်တင်နိုင်ခဲ့ပါပြီ ဖေဖော်ဝါရီ ၇ ရက်မှာ အိန္ဒိယနိုင်ငံကို ပြန်ရောက်ပါလိမ့်မယ်” ဟု အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆဒ် အက်ဘာယူဒင်က ပြောကြားသည်။

လွန်ခဲ့သည့်နှစ် ဇူလိုင်လအတွင်းက အိန္ဒိယသူနာပြု ၄၆ ဦး အီရတ်နိုင်ငံ မြောက်ပိုင်းသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ရာ အစ္စလာမ္မစ်စစ်သွေးကြွများ၏ ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာခဲ့ကြသည်။ သို့သော် အိန္ဒိယဆောက်လုပ်ရေးလုပ်သား ၃၉ ဦးမှာ အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် ပြန်ပေးဆွဲခံထားရပြီး အိုင်အက်စ်စစ်သွေးကြွများ၏ ဓားစာခံများအဖြစ် ဖမ်းဆီးခံထားရသည်ဟု ယူဆနေကြသည်။

ဆင်ဟွာ။

အရှေ့တီမောဝန်ကြီးချုပ် ဂူစမာအို ရာထူးမှနုတ်ထွက်စာ တင်သွင်း

ဒီလီ ဖေဖော်ဝါရီ ၆

အရှေ့တီမောဝန်ကြီးချုပ် ဂါနာနာဂူစမာအိုသည် ရာထူးမှနုတ်ထွက်စာ တင်လိုက်ကြောင်း၊ လာမည့် ရက်သတ္တပတ်တွင် အစိုးရအဖွဲ့အပြောင်းအလဲ ပြုလုပ်မည်ဟု မျှော်လင့်ရချိန်အတွင်း ဂူစမာအိုက ၎င်း၏ နုတ်ထွက်စာကို သမ္မတထံ တင်သွင်းလိုက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၆ ရက်တွင် ရေးသားဖော်ပြသည်။

ဂူစမာအိုသည် ၂၀၀၂ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံထံမှ လွတ်လပ်ရေးရရှိရန် နိုင်ငံကို ဦးဆောင်ခဲ့သူဖြစ်သည်။

ဝန်ကြီးချုပ်၏ ရာထူးမှ နုတ်ထွက်စာအပေါ် သမ္မတက မည်သို့တုံ့ပြန်မည်ကို မိမိတို့စောင့်ကြည့်ရမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အသက် (၆၈) နှစ်ရှိ ဂူစမာအိုသည် ပြောက်ကျားခေါင်းဆောင်ဟောင်းဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

၂၀၀၂ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့ပြီးနောက် အရှေ့တီမောနိုင်ငံ၏ ပထမဆုံးသော သမ္မတအဖြစ် ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ယူခဲ့သူဖြစ်သည်။

မျိုးဆက်သစ်ခေါင်းဆောင်သို့ အစိုးရအဖွဲ့၏ တာဝန်ဝတ္တရားများကို လွှဲပြောင်းပေးအပ်နိုင်ရန် ရာထူးမှ ဆင်းပေးမည်ဟု ဂူစမာအိုက တစ်နှစ်နီးပါးကြာမျှ အရိပ်အမြွက် ပြောကြားလာခဲ့သည်။

ပီတီအိုင်။

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု သဘောတူညီချက် ဖွံ့ဖြိုးဆဲတိုင်းပြည်များ၏ စီးပွားရေးတိုးတက်မှုကို ဟန့်တားမှုမဖြစ်စေသင့်

နယူးဒေလီ ဖေဖော်ဝါရီ ၆

ကာဗွန်ထုတ်လွှတ်မှုများလျှော့ချရန် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တစ်ရပ်က တိုင်းပြည်တစ်ခုချင်းစီ၏ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရန့်ဖာဘီယပ်စ်က ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရရှိရန်အတွက် အိန္ဒိယနိုင်ငံ၏ ထောက်ခံမှုလိုအပ်နေသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲ လက်ခံကျင်းပရာ နယူးဒေလီမြို့၌ ဖေဖော်ဝါရီလ ၅ ရက်က ပြောကြားသည်။ အဆိုပါ သဘောတူညီချက်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာများကို ထိခိုက်စေသည်ဟု ကမ္ဘာ့နိုင်ငံများက ယုံကြည်ပါက လာမည့် ဒီဇင်ဘာတွင် ပါရီမြို့တော်၌ ကျင်းပမည့် ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးပွဲ၌ သဘောတူညီမှုတစ်ရပ် ရောက်ရှိရန် ကြိုးပမ်းမှုများလည်း အောင်မြင်မည်မဟုတ်ကြောင်း ၎င်းက ဆိုသည်။

ကမ္ဘာ့တတိယအများဆုံး ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်သည့် အိန္ဒိယနိုင်ငံမှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲများတွင် ဖွံ့ဖြိုးဆဲတိုင်းပြည်များ၏ သဘောထားကို အမြဲတစေကိုယ်စားပြု ပြောကြားလေ့ရှိပြီး ကမ္ဘာ့တိုင်းပြည်များ သဘောတူညီမှုတစ်ခုရရှိရေးအတွက် ယင်း၏ ထောက်ပံ့မှုရရှိခြင်းက အရေးပါကြောင်း ရှုမြင်ခြင်းခံထားရသည်။ ကမ္ဘာတစ်ဝန်းရှိအစိုးရများက ပါရီထိပ်သီးဆွေးနွေးပွဲ၌ရရှိရန် မျှော်လင့်ထားသည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်၏ အခြေခံအကြောင်းရင်း ပုံဖော်ရန် နောက်ဆုံး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ ထိန်းချုပ်မည့် အမျိုးသားအစီအစဉ်များကို တရားဝင်သတ်မှတ်ထားသည့် မတ် ၃၁ ရက်တွင် တင်သွင်းရန် မျှော်လင့်ထားသည်။ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးသည် ယင်း၏ စီးပွားရေးဖွံ့ဖြိုးမှုကို ဟန့်တားနေပြီး ချမ်းသာသောတိုင်းပြည်များက ကာဗွန်ဓာတ်ငွေ့ ပိုမိုနည်းပါးစွာလျှော့ချရေးဟူသော ဝန်ထုပ်ဝန်ပိုးကို အများဆုံးတာဝန်ယူသင့်သည်ဟုဆိုကာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များအတွက် ကတိကဝတ်ပြုရန် ဖိအားပေးမှုကို အိန္ဒိယနိုင်ငံက ကာလရှည်ကာကွယ်ပြောဆိုခဲ့သည်။

စွမ်းအင်လိုအပ်ချက်ပြည့်မီရန် ကျောက်မီးသွေး အသုံးပြုမှု မြင့်တက်လာသော်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးချဲ့သုံးစွဲရန်နှင့် ယင်း၏ အလျင်အမြန်တိုးတက်လာနေသည့် စီးပွားရေးတွင် စွမ်းအင်ဖူလုံမှု တိုးတက်လာစေရန် အိန္ဒိယနိုင်ငံက သန္နိဋ္ဌာန်ချမှတ်ထားသည်။ အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ်က ကြေညာထားခဲ့သော သတ်မှတ်ထားသည့်ရက်မတိုင်မီ နှစ်နှစ်စောကာ ၂၀၂၀ ခုနှစ် ရောက်ပါက မဂ္ဂါဝပ် ၁၀၀၀၀ ရှိသည့် အလွန်ကြီးမားသော နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်သွားမည်ဟု အိန္ဒိယပတ်ဝန်းကျင်ရေးရာဝန်ကြီး ပရာကက်ရှ်ဂျာဘာဒကာက အဆိုပါဆွေးနွေးပွဲ၌ ပြောကြားသည်။ “စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းမရှိရင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးမှာ သိသာထင်ရှားတဲ့ အောင်မြင်မှုရရှိနိုင်မှာ မဟုတ်ပါဘူး”ဟု ၎င်းက ဆိုသည်။

ရိုက်တာ။

ပြည်တွင်းရေးရာ

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်တွင် ကျေးလက် ကျန်းမာရေးဆေးပေးခန်းနှစ်ခု အသစ်ပြန်လည်ပြုပြင်

ငါ့သရောက် ဖေဖော်ဝါရီ ၆

ကုလားတဲကျေးရွာနှင့် ကန်နီကြီးကျေးရွာတို့ရှိ ပျက်စီးယိုယွင်းနေသောဆေးပေးခန်း နှစ်ခုကို ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဆေးပေးခန်း အဆောက်အအုံသစ်အဖြစ် ပြုပြင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ကုလားတဲကျေးရွာနှင့် ကန်နီကြီးကျေးရွာတို့တွင် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ အနီးကပ်ပြုစုစောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ထားရှိသော ကျေးလက်ဆေးပေးခန်းနှစ်ခုမှာ အလျား ၃၄ ပေ၊ အနံ ၁၇ ပေရှိသွပ်မိုး၊ ထရံကာ အဆောက်အအုံများဖြစ်ပြီး ယခုအခါ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးယိုယွင်းနေပြီဖြစ်သည်။

ယင်းသို့ ကုလားတဲကျေးရွာနှင့် ကန်နီကြီးကျေးရွာတို့မှ ကျေးလက်ဆေးပေးခန်းများ ပြန်လည်ပြုပြင်နိုင်ရန်အတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၇ သိန်းနှုန်းခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

ယင်းကျေးလက်ကျန်းမာရေးဆေးပေးခန်း အသစ်ပြန်လည်တည်ဆောက်မှုကို လင်းလက်ဟိန်း ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ၍ ဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ကုလားတဲကျေးရွာ ကျေးလက်ဆေးပေးခန်းကို ဇန်နဝါရီ ၂၇ ရက်က အဆိုပါဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများလာရောက်ကြည့်ရှု၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကုလားတဲကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်က ပြောသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)

အင်ပူမြို့တွင် မြို့မလူငယ်များစီစဉ်ကျင်းပသော တတိယအကြိမ်မြောက် စာပေဟောပြောပွဲ ကျင်းပ

အင်ပူ ဖေဖော်ဝါရီ ၆

အင်ပူမြို့၌ မြို့မလူငယ်များစီစဉ်ကျင်းပသော တတိယအကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီက အင်ပူမြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အင်ပူမြို့ မြို့မလူငယ်များအဖွဲ့က ဇာတိမာန်သီချင်းဖြင့် သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး မြို့မလူငယ်တစ်ဦးဖြစ်သူ ကိုစိုးဝဏ္ဏက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် ဆရာခင်မောင်ညို(ဘောဂဗေဒ) က လူငယ်နှင့်ပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမနုနုရည်(အင်းဝ)က ကဗျာဆရာတစ်ယောက်မွေးဖွားခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာအော်ပီကျယ်က မြန်မာမနိုင်သေးပါ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြောင်းသိရသည်။

အဆိုပါစာပေဟောပြောပွဲသို့ အင်ပူမြို့နယ်အတွင်းမှစာပေချစ်မြတ်နိုးသူ မိဘပြည်သူများ ၇၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

၂၀၁၅ ခုနှစ် မိုးကြို(ချက်ကြံ) ချေးငွေကျပ် ၄၄၉ သိန်း မောက်မယ်တွင်ထုတ်ချေး

မောက်မယ် ဖေဖော်ဝါရီ ၆

မောက်မယ်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ၂၀၁၅ ခုနှစ် မိုးကြို (ချက်ကြံ) ချေးငွေကျပ် ၄၄၉ သိန်း ထုတ်ချေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ယင်းသို့ တောင်သူလယ်သမားများနှင့် ခြံတောင်သူတို့အားထုတ်ချေးရာတွင် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါချေးငွေများကို မြို့နယ်အတွင်းရှိ မြို့မအုပ်စု၊ နမ့်လွတ်ကျေးရွာ အုပ်စု၊ မိုင်းပုတ်ကျေးရွာအုပ်စုရှိ တောင်သူများ၏ ခြံ ၄၄၉ ဧကအတွက် ကျပ်သိန်း ၄၄၉ သိန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်ထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

ငွေချည်(၉) ချည်မျှင်ရှည်ဝါ ငါးဧကစံပြကွက် တောင်သူပညာပေး ကွင်းသရုပ်ပြသ

မင်းဘူး ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် မုန်တောင်ကျေးရွာအုပ်စု မုန်တောင်ကျေးရွာ ကွင်းအမှတ် ၁၃၇၁ ဦးပိုင် ၈၈ တွင် ဝါစိုက်တောင်သူ ဦးထွန်းသောင်း၏ ငွေချည်(၉) ချည်မျှင်ရှည်ဝါငါးဧကစံပြကွက် တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် အဆိုပါစံပြကွက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ထွန်း (ညွှန်ကြားရေးမှူး)က သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ အလားအလာရှိသော ငွေချည်(၉)နှင့် ရွှေတောင် (၈) ချည်မျှင်ရှည်ဝါ အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၉) ချည်မျှင်ရှည်ဝါအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီးတောင်သူများ၏ မေးမြန်းချက်များကိုရှင်းလင်းဖြေကြားခဲ့သည်။

ငွေချည်(၉) ချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာသည့် တောင်သူများအား စိုက်နည်းစနစ်များ အခြေခံကျကျ အသုံးပြုဆောင်ရွက်နိုင်ရန် လယ်ယာစီးပွားသတင်းစာစောင်များနှင့် ရွှေတောင်(၈)၊ ငွေချည်(၉) ချည်မျှင်ရှည်ဝါ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

သန်းဌေး(မင်းဘူး)

အလိုရှိသည်

စာစီ၊ စာရိုက်၊
ကျွမ်းကျင် မ (၁)ဦး
(ဗဟန်းနှင့် နီးသူ)
ဖုန်း-၀၉-၉၇-၅၆၀-၄၈၈၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်သုံးဆီ(ဒီဇယ်) အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများရှိ ယာဉ်/ယန္တရားများ အသုံးပြုရန်အတွက် ဒီဇယ်ဆီ(၂၀၀၀၀၀) (နှစ်သိန်းဂါလန်)အား အိတ်ဖွင့်တင်ဒါ(Open Tender)ဖြင့် တင်သွင်းနိုင်ပါသည်။

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရက် - ၅-၂-၂၀၁၅ မှ ၁၀-၂-၂၀၁၅ရက်ထိ
(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် - ၁၀-၂-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီ
(ဂ) အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန်/နေရာ - ၁၀-၂-၂၀၁၅ရက် ၁၃း၀၀ နာရီ
မှတ်ချက်။ တင်ဒါတင်သွင်းသူများ တက်ရောက်ပါရန်။ အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန
အမှတ်(၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၁၃၈၀၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉၄)၊ မြေကွက်အမှတ် ၁/ခ[B-၂၀] ၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ် (၇၉၆)၊ အောင်သုခလမ်း၊ ဆယ်မိုင်စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် [ဗိုလ်မှူးဆင်ကျော်(ငြိမ်း)၊ ဒေါ်ခင်မျိုးကြွေ] အမည်ပေါက် တစ်နှစ်ယာယီလိုင်စင်မြေ (အောင်စေတီဂရန်ပေးရေးစီမံချက်)အတွင်းမှ ဧရိယာ-၀. ၀၅၅ ဧကအနက် (၀. ၀၄၂) ဧကအား ဒေါ်ခင်သီတာ[၁၄/အမန(နိုင်) ၀၀၈၀၀၄]မှ အရပ်ကတိအရောင်းအဝယ်စာချုပ်တင်ပြ၍ အထူးဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇ဘီ[၁]၊ မြေကွက်အမှတ် ၂၈ဘီ/၁၅က၊ မြေကွက်တည်နေရာအမှတ် ၁၈၊ ခတ္တာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဒေါ်ခင်ရွှေဝင်း[၁၂/စခန(နိုင်)၀၂၉၀၆၆]အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား၊ အမည်ပေါက် မိခင် ဒေါ်ခင်ရွှေဝင်းနှင့် ဖခင်ဦးဝင်းမြင့် ကွယ်လွန်သဖြင့် ဦးတင့်ကျော် [၁၂/စခန(နိုင်)၀၁၉၃၄၉]၊ ကိုဝင်းမင်း[၁၂/စခန(နိုင်)၀၁၉၄၆၈]တို့က သားများတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိမ်ရောင်းမည်

ကျောက်တံတား၊ လမ်း(၄၀)အလယ်၊ ပေ(၁၂×၄၅)၊ ပ-ထပ်၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ပွဲစားမလို။
Ph: 09-5170392,09-254053531,09-43053014

ဖခင်အမည်မှန်

ငပုတောမြို့နယ်၊ ချောင်းဝခွဲ အထက၊ ဆဋ္ဌမတန်းမှ မောင်မျိုးမင်းအောင်နှင့် ဒုတိယတန်းမှ မောင်ရန်နိုင်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြင့်ဖြစ်ပါကြောင်း။

ဦးထွန်းမြင့်[၁၄/ငပတ(နိုင်)၀၅၅၈၅၁]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရလပ-၂၅၊ မြေကွက်အမှတ် ၂၂၈+၂၂၉၊ မြေကွက်တည်နေရာအမှတ် (၂၂၈+၂၂၉)၊ ဦးဧရပေါ်လမ်းနှင့်ပြင်စည်မင်းသားကြီးလမ်းထောင့် ဦးမောင်ဖြူ(ခ)ဦးကျော်ဝင်း[၇/ညလပ(နိုင်)၁၀၅၄၈၃]၊ ဒေါ်ဗန်း[၁၂/ပဘတ(နိုင်)၀၀၅၄၄၀] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမောင်ဖြူ(ခ)ဦးကျော်ဝင်း ကွယ်လွန်၍ ဒေါ်ဘေဘီ(ခ)ကေရမ်ဒေဗီ(ခ)ကောရှယ်လာဒေဗီ [၁၂/ပဘတ(နိုင်)၀၂၄၂၇၃]မှ တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းသစ္စာပြုလွှာ၊ ထောက်ခံကျမ်းသစ္စာပြုလွှာ၊ သေစာရင်း၊ ဂရန်မူရင်းမြေစာရင်းမှတ်ချက်ရှိ ၂၀၀၉ခုနှစ် စွန့်လွှတ်မြေပုံပျောက်ဆုံးကြောင်း တရားရုံးကျမ်းသစ္စာပြုလွှာတို့တင်ပြ၍ ကျန်အမည်ပေါက် ဒေါ်ဗန်း[၁၂/ပဘတ(နိုင်)၀၀၅၄၄၀]နှင့်အတူ ပိုင်ဆိုင်+စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

T
Talents & Models
M
For Your Success

အထူးသင်တန်းများ

၁။ ကိုယ်ရည်ကိုယ်သွေးတောက်ပမှု အထူးသင်တန်း (Personal Grooming Course)
အခမ့်အထူး - အမျိုးသမီး အရပ် 5'-8" နှင့်အထက်
- အမျိုးသားအရပ် 6' နှင့်အထက်
သင်တန်းဖွင့်မည့်ရက် (9 Feb - 2015)

၂။ စကားပြောကောင်းလိုသူများအတွက် အထူးသင်တန်း (M/C Presenter Course)
သင်တန်းဖွင့်မည့်ရက် (2 March 2015)

ဆရာမ မတင်မိုးလွင်မှ ကိုယ်တိုင်သင်ကြားပေးပါမည်။
စာရင်းပေးသွင်းရန် - ယောမင်းကြီးလမ်း၊ တိုက်နံပါတ်(၃၀)၊ (၃)လွှာ၊ ဒဂုံမြို့နယ်။
Phone - 09-254705787, 09-73139232, 09-975320797

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၆)၊ မြေကွက်အမှတ်(၅၄၆)၊ မြေကွက်တည်နေရာအမှတ်(၅၄၆)၊ (၈၆)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဒေါ်ဥမ္မာသိန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်စောဥမ္မာ [၁၂/ဥကမ(နိုင်)၀၈၅၂၄၀] ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက် ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MBE မှ တည်ထောင်ထားသော BCB Centre တွင်
Effective Communication Skills & Presentation Skills

လုပ်ငန်းခွင်နှင့် လူမှုဝန်းကျင်တွင် ထိရောက်အောင်မြင်စွာ ဆက်သွယ်ဆောင်ရွက်နိုင်သည့် စွမ်းရည်ထူးများ ပိုင်ဆိုင်လိုသူများအတွက် နိုင်ငံတကာ အတွေ့အကြုံရှိသော MBA ဘွဲ့ရ ဆရာ၊ ဆရာမများကိုယ်တိုင် ဖော်ပြပါ Special Guidance Areas များဖြင့် သင်ကြားပို့ချပါမည်။

* Understanding Communication Skill
* Business Communication
* Improving Communication Skill
* Cross culture communication
* Effective Public Speaker

သင်တန်းချိန် - မွန်းလွဲ ၁း၃၀ နာရီမှ ၄း၃၀ နာရီထိ (စနေ၊ တနင်္ဂနွေနေ့)
ကာလ - (၁)လ၊ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၂၁) ရက်တွင် စပါမည်။
E-mail: bcbcentre009@gmail.com
Ph: 01 538531, 01 505972, 09 795834038

မီးသတိပြု

အတ္ထုပ္ပတ္တိ

လူ့အကြောင်း၊ လူ့အတ္ထုပ္ပတ္တိကိုရေးသားရာ၌ မိမိလက်လှမ်းမမီသော ပုဂ္ဂိုလ်၏အကြောင်းကို ရေးသားခြင်းထက်၊ မိမိလက်လှမ်းမီသော ပုဂ္ဂိုလ်၏အကြောင်းကို ရေးသားခြင်းက ပိုပြီးအမှန်တရားနှင့် နီးစပ်သည်။ ပိုပြီးတိကျ ခိုင်မာမှုရှိသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ချဉ်းကပ်ရာ၌ တချို့က အစွဲကင်းသည်။ တချို့က အစွဲကပ်ပါလာသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အစွဲနှင့် ချဉ်းကပ်သူသည် အစွဲ မျက်မှန်တပ်ထားသည်ဖြစ်၍ မိမိချဉ်းကပ်သောပုဂ္ဂိုလ်၏ ပုံသဏ္ဌာန်ကို အရှိအရှိအတိုင်း မြင်နိုင်စွမ်း အားမရှိပေ။ အစွဲကင်းသူကသာ မိမိချဉ်းကပ်သူ၏ ပုံရိပ်ကို အမှန်အတိုင်းမြင်နိုင် စွမ်းရှိသည်ဟု စာရေးဆရာကြီး ပါရဂူက ဆိုခဲ့သည်။ အစွဲမျက်မှန်တပ်မထားဘဲ အတ္ထုပ္ပတ္တိရှင်၏ ပုံရိပ်အရှိကို အရှိအတိုင်း ရေးခဲ့သူမှာ လူသိများထင်ရှား ကျော်ကြားသည့် သတင်းစာဆရာ၊ စာရေးဆရာ သိန်းဖေမြင့်ဖြစ်ပါသည်။ ဆရာသည် စာပေ အမျိုးအစားစုံလင်စွာရေးသားခဲ့ပြီး ဆရာ ရေးသားခဲ့သော စာပေအမျိုးအစားထဲမှ "သူတို့ခေတ်၊ သူတို့အတိတ်၊ သူတို့ အရိပ်" အတ္ထုပ္ပတ္တိအကြောင်းအရာများကို စာဖတ်ပရိသတ် လွယ်လင့်တကူ ဖတ်ရှုလေ့လာသုံးသပ်မှု ပြုနိုင်စေရန် ကြေးမုံစာတည်းအဖွဲ့က ရွေးထုတ်ဖော်ပြလိုက်ပါသည်။

၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ်အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်း အတိုင်း ဖတ်ရှု ရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကို အမှန်အတိုင်းသိရှိလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဗာတ်ဆရာ ဦးဖိုးစိန်

သိန်းဖေမြင့်

မြန်မာ့ဗာတ်သဘင်သရဖူ

ဦးဖိုးစိန်၊ ဗာတ်ဆရာကြီးဦးဖိုးစိန်၊ ဘုရားဒကာ ဦးဖိုးစိန်၊ ဦးဖိုးစိန်ကား မကြာမီအသက် ၇၀ ပြည့် တော့မည်။ ဦးဖိုးစိန်သည် လွန်ခဲ့သောအနှစ် ၅၀ ကျော် လုံးလုံး မြန်မာ့ဗာတ်သဘင်၏ သရဖူဖြစ်ခဲ့၏။

ဦးဖိုးစိန်သည် လွန်ခဲ့သောအနှစ် ၅၀ ကျော်လုံးလုံး မြန်မာ့ယဉ်ကျေးမှုလောကတွင် အတောက်ပြောင်ဆုံးသော ကြယ်တစ်လုံးဖြစ်ခဲ့၏။

ဦးဖိုးစိန်သည် လွန်ခဲ့သောအနှစ် ၅၀ ကျော်လုံးလုံး အဆက်မပြတ်ထင်ရှား ကျော်ကြားသဖြင့် နာမည်အကြီးဆုံး မြန်မာတစ်ယောက်ဖြစ်၏။ မြန်မာထဲတွင် သူလောက်နာမည်ကြီးသူ အလွန်ရှားပေသည်။ လက်ချိုးရေလျှင် လက်တစ်ဖက်ပင် ကုန်နိုင်ဖွယ် မရှိ။

ဦးဖိုးစိန်ဆိုလျှင် လူတိုင်းကမေတ္တာထားကြသည်။ ဘတ်စ်ကားသမားက ဦးဖိုးစိန်၏ ဗာတ်ပစ္စည်းတင်ပို့ပါဆိုလျှင် စျေးပေါပေါနှင့်ပို့ သည်။ ယနေ့တိုင် ဦးဖိုးစိန်ကြီး သင်္ဘောပေါ်က ဆင်းသည်ဆိုလျှင် ကုန်တင်ကုန်ချ ကူလီက လမ်းဖယ်ပေးသည်။ လမ်းလုပ်ပေးသည်။ ကူလီခလျှော့ယူကြသည်။ ဤအချက်သည် ဦးဖိုးစိန်အား ပြည်သူက မေတ္တာထားပုံကို ပြရုံမက ပြည်သူက ဗာတ်သဘင်စသော အနုပညာကို မည်မျှ ချစ်မြတ်နိုး ကြောင်း သရုပ်ဆောင်ခြင်းဖြစ်လေသည်။

မျောက်ကလေး အကတတ်လျှင် မျောက်ဖိုးစိန်ဟု ခေါ်လိုက်ကြသည်။ တစ်ယောက်ယောက်အကအဆိုကောင်းလျှင် ဖိုးစိန်ကွပ်ဟု ဩဘာပေးကြသည်။ ဖိုးစိန်သည် အကအဆိုဗာတ်သဘင်စသော စကားများကို အစားထိုးနိုင်သော ဝေါဟာရသစ်ဖြစ်လာခဲ့သည်။ ဤမျှသာမကသေး၊ မြန်မာလို ရည်ရည်မွန်မွန်ရှိသော ကုလားကို ကုလားဖိုးစိန်ဟု ခေါ်တတ်ကြသည်။ ဖိုးစိန်သည် မြန်မာ့အရည်အသွေးကို အဓိပ္ပာယ်ဖော်နိုင်စွမ်းရှိသည့် ဝေါဟာရသစ်ဖြစ်လာခဲ့သည်။

ကျွန်တော်သည် ဖိုးစိန်၏ ဗာတ်ပွဲများကို များများ မကြည့်ဖူးပါ။ စစ်မဖြစ်မီက နှစ်ကြိမ်သာကြည့်ဖူး၏။ သို့ရာတွင် ဦးဖိုးစိန်အတက်ဆုံးအချိန်တွင် ကြည့်ရခြင်းမဟုတ်။ အမှန်အားဖြင့် ကျချိန်တွင် ကြည့်ရခြင်းဖြစ်လေသည်။ ၎င်းပြင် ကျွန်တော်သည် အသက် (၁၅)နှစ် လောက်တုန်းက စိန်က တုံးကိုကြည့်ရပြီး စွဲထားသဖြင့် စိန်ကတုံးစွဲရှိလေသည်။ ထို့ကြောင့် ကျွန်တော့်အဖို့ဆိုလျှင် ဖိုးစိန်ကား အသည်းစွဲမဟုတ်ခဲ့ပါ။ ဖိုးစိန်သည် ကျွန်တော့်အသည်းစွဲဖြစ်အောင် အစဖော်ပေးသူမှာ သခင်နုဖြစ်လေသည်။

၁၉၃၇ ခုနှစ်လောက်တွင် ကျွန်တော်သည် ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)၏ အတ္ထုပ္ပတ္တိကို ရေးသားပြီးစီးလေရာ သခင်နုက ဦးဖိုးစိန်၏ အတ္ထုပ္ပတ္တိကို ရေးရန် တိုက်တွန်းလေသည်။ ကျွန်တော်ဦးဖိုးစိန်က ဘာကောင်းလို့ ကျော်နေတာလဲဗျဟု မေးမိရာသခင်နုက မင်းဘာသာ လေ့လာယူ၊ လာလိုက်ခဲ့ဟုဆိုပြီး ဦးဖိုးစိန်ထံသို့ ခေါ်သွားလေသည်။ ကျွန်တော်ကား သခင်နုလောက် ဦးဖိုးစိန်အတွက် စိတ်အားထက်သန်ခြင်းမဖြစ်ချေ။ သို့ရာတွင် ထိုစဉ်က သခင်နုနှင့် ကျွန်တော်တို့၏ ဆက်ဆံရေးမှာ အစ်ကိုအကြီးဆုံးနှင့် ညီအထွေးဆုံး ဆက်ဆံရေးလို ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် နောက်ထပ် ဆင်ခြေဆင်လက်အတွန့် တက်နေသေး သော်လည်း ကိုယ်တိုင်ကမူ သခင်နုနှင့်အတူ ဦးဖိုးစိန်ထံပါ သွားပါလေသည်။

ဦးဖိုးစိန်သည် ဂျူဗလီဟောတွင်ပွဲက လျက်ရှိလေသည်။ ဂျူဗလီဟောအပေါက်ဝတွင် ဦးဖိုးစိန်၏ဇနီးသည် ငွေဖလားကြီးကိုင်လျက် ရုံဝင်လက်မှတ်များကို သိမ်းလျက်ရှိ၏။ သခင်နုသည် ၎င်းအားသွားပြောပြီး ကျွန် တော်တို့သည် ဗာတ်စင်ပေါ်သို့ တက်သွားကြလေသည်။

ပထမဆုံးအနီးကပ်၍ မြင်ရသော ဦးဖိုးစိန်ကို ယနေ့တိုင်ကျွန်တော်မှတ်မိသေး၏။ ကားလိပ်များနောက်ကွယ်မှာသခင်နုက ကျွန်တော့်အား ဦးဖိုးစိန်နှင့်မိတ်ဆက်ပေးပါသည်။ ထိုစဉ်က ဦးဖိုးစိန်မှာ အသက် (၅၅)နှစ်ကျော်လေပြီ။ ပင်စင်ယူသော အသက်ဖြစ်သဖြင့် ဦးဖိုးစိန်သည် အတော်ပင်နုံ့နေပေလိမ့်မည်ဟု ကျွန်တော်ထင်ခဲ့၏။ ကျွန်တော့်ရှေ့ရှိ ဦးဖိုးစိန်ကား ဗာတ်မင်းသားအဝတ်အစားဆင်ပြီး သားဖြစ်ရုံမက တစ်ချီကပြီး ဝင်လာ ခါစဖြစ်လေသည်။ နဖူးပြင်တွင် မျက်နှာချေမှုံစိမ့်ယိုထွက်နေသော ချွေးသီးချွေးပေါက်များကိုပင် မြင်နေရ၏။တွန့်သောအရေများကိုလည်း ရေးရေးမြင်နိုင်သည်။ သို့ရာတွင် ဦးဖိုးစိန်တွင်နုံ့သောအမူအရာကားလုံးဝမရှိ။ လူငယ်ကလေးလိုပင် ဖျတ်ဖျတ်လတ်လတ်နိုင်လှသဖြင့် ကျွန်တော့်မှာအံ့ဩ၍ မဆုံးဖြစ်နေလေသည်။ အခုအရွယ် ရောက်တောင် ကနိုင်တုန်းနော်ဟု ကျွန်တော်က တအံ့တဩပြောလေရာ ဦးဖိုးစိန်က ကနေရ၊ လှုပ်ရှားနေရမှ ကျန်းမာတယ်ဟု ပြောလေသည်။ မှန်ပေသည်။ ကခြင်း သည် ကျန်းမာရေးလေ့ကျင့်ခန်းတစ်မျိုးပင်။ ၎င်းနောက် သူ့ သားနှင့် တကွသောလူငယ်များ သူ့လိုဖွဲ့မရှိခြင်းကို ညည်းညူလေသည်။

ကျွန်တော်သည် ဤတစ်ချက်ဖြင့်ပင် ဦးဖိုးစိန်အတွက် စိတ်အားထက်သန်မှု သခင်နုနီးပါးရှိလာလေတော့သည်။ အစီအစဉ်မှာ ဦးဖိုးစိန်၏အတ္ထုပ္ပတ္တိကိုမရေးမီ ဦးဖိုးစိန်အား အဘက်ဘက်မှလေ့လာရန်ဖြစ်၏။ ဘယ်နေ့မွေး၊ ဘယ်မှာစာသင်ဆိုသည့် အချက်တွေထက် ဦးဖိုးစိန်၏အနုပညာမှာ ဘယ်သို့၊ ဦးဖိုးစိန်ဗာတ်အုပ်စည်းပုံ၊ ဦးဖိုးစိန်၏ လူမှုဆက်ဆံရေးစသည်များကိုအထူးထား၍ ဖော်ထုတ်ရန်ဖြစ်လေသည်။ ထို့ကြောင့် ဦးဖိုးစိန်ဗာတ်နှင့် နယ်များသို့ ကျွန်တော်ကိုယ်တိုင်အတော်ကြာလိုက်ပါသွားရန် ဆုံးဖြတ်ကြ၏။

နောက်မကြာမီပင် ၁၃၀၀ ပြည့်အရေးများပေါ်လာသည်။ ၎င်းနောက် ဒုတိယကမ္ဘာစစ်ဖြစ်လာလေသည်။ မြန်မာ ပြည်သို့ပင် ဒုတိယကမ္ဘာစစ်ကြီးကူးစက်လာခဲ့၏။ ကျွန်တော်နှင့်သခင်နုတို့လည်း နိုင်ငံရေးလှိုင်းတံပိုး၏ ပုတ်ခတ်ချက်ကြောင့် ဦးဖိုးစိန်နှင့်ဝေးရာသို့သာ မျောပါသွားခဲ့ကြလေကုန်သည်။ သို့ရာတွင် ဦးဖိုးစိန်အကြောင်းရေးရန်ကိုကား မမေ့ခဲ့ပါ။

ထို့အပြင် နိုင်ငံရေးလုပ်လေလေ၊ တိုင်းပြည်တွင် နိုင်ငံရေး၊ စီးပွားရေးတို့အရေးကြီးသလို ယဉ်ကျေးမှုအရေးကြီးကြောင်းသိလေဖြစ်ပေရာ နိုင်ငံရေးတိုက်ပွဲများကြားမှာ လက်မလည်အောင်ဖြစ်နေသည့်အခါဖြစ်စေ၊ နိုင်ငံရေးတိုက်ပွဲ ခပ်အေးအေးဖြစ်နေ၍ လက်အားနေသည့်အခါမှာဖြစ်စေ ကျွန်တော်သည် ယဉ်ကျေးမှုခေါ်သံသို့ နားစွင့်မိပါသည်။ တရုတ်ယဉ်ကျေးမှုအဖွဲ့လာသောအခါ ဦးဖိုးစိန်ကြီးအား အဖိတ်သွားရင်း ဦးဖိုးစိန်အကြောင်းကိုရေးရန် အစီအစဉ် အဟောင်းသည် ကျွန်တော့်စိတ်ဝယ် အသစ်တစ်ဖန်ဖြစ်ခဲ့ပြန်ပါသည်။

ဦးဖိုးစိန်၏အသက် ၇၀ ပြည့်မြောက်မည့်အချိန်ကလည်း နီးလာပြီဖြစ်၍ စာတစ်အုပ်ဖြစ်အောင်မရေးအားသည့် တိုင် တတ်နိုင်သလောက်ရေးရန် ဆုံးဖြတ်လိုက်ပါသည်။

သို့ဖြင့် မကြာမီက ဦးဖိုးစိန်ထံသို့ သွားခဲ့ပြန်လေသည်။

ဆက်လက်ဖော်ပြပါမည်။

❑ ❑ ❑

(၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ယုဝါခိုင်[၁၂/ရပသ(နိုင်)၀၇၁၅၈၀]၏ သွင်းကုန်လိုင်စင်နံပါတ် ISP IDVY8 14-15 16494 (24-12-14) လိုင်စင်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၃၀၉၇၇၇၃

ကွန်ဒိုငှားရန်ရှိသည်

- လမင်းသာကွန်ဒို၊ ရုံးသုံး၊ လူနေ ပရိဘောဂ အစုံပါရှိသည်။
- မင်္ဂလာဈေးအနီး၊ CB Bank အပေါ် ဒုတိယထပ် (ready for office operation) - 2000sqft ကျယ်ဝန်းသည်။
- ကြော်ငြာ၊ အကျိုးဆောင် ဆက်သွယ်ရန်မလိုအပ်ပါ။ ဆက်သွယ်ရန် - ဦးမျိုးကိုကို

ဖုန်း-၀၉၅၄၁၀၂၃၈

ဝန်ထမ်းအလိုရှိသည်

၁။ Medical Sale Rep မ(၃)ဦး
၂။ အရောင်းဝန်ထမ်း(ဘွဲ့ရ)/ဆယ်တန်းအောင် မ(၂)ဦး
၃။ ရုံးဝန်ထမ်း(ဘွဲ့ရ) မ(၃)ဦး
၄။ Delivery ဝန်ထမ်း(ကားမောင်းတတ်သူဦးစားပေးမည်) ကျား(၁)ဦး

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း CV Form၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာနှင့်အတူ တိုက်အမှတ် (၃၇)၊ အခန်း(၃)၊ စံပယ်လမ်း၊ ယုဇနပလာဇာအနောက်၊ တာမွေမြို့နယ်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
Ph:09-421027631,09-253889737,(အောင်မင်္ဂလာမှတ်တိုင်တွင်ဆင်းပါ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ဂျီ)၊ မြေကွက်အမှတ်(၇၄အေ/၂အေ)၊ မြေကွက်တည်နေရာ အမှတ်(၁၂၂)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ် ဒေါ်လှမြင့် အမည်ပေါက် မြေပိုင်မြေအား မြေအမည်ပေါက်စာချုပ်များဖြစ်သော စွန့်လွှတ်စာချုပ် ၃၆၉/၉၇စာချုပ်ရုံး (လက်ခံအမှန်)နှင့် အမှားပြင်စာချုပ် ၄၀၃၄/၂၀၀၁၏ စာချုပ်ရုံး(လက်ခံအမှန်)တို့ကို တင်ပြ၍ အမည်ပေါက် ဒေါ်လှမြင့်ထံမှ ၂၁-၅-၂၀၁၄ရက် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၄၅၆ ရရှိသူ ဦးမျိုးအောင်[၁၂/တမန(နိုင်)၀၀၉၇၇၆]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈စီ၊ မြေကွက်အမှတ်-၁၀၅၊ မြေကွက်တည်နေရာ အမှတ်၄၂၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ် အမည်ပေါက် ဒေါ်ဖွားသီ၊ သမီး မရင်မြ၊ သမီး မတင်အောင် နှစ်(၃၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ဖွားသီနှင့် မရင်မြ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၅၅၃၄/၁၁-၉-၁၄ ဖြင့် ပိုင်ဆိုင်သူ ကျန်အမည်ပေါက် ဒေါ်တင်အောင် [၁၂/စခန(နိုင်) ၀၀၅၉၅၆]မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ မြို့နယ်၊ ရဲစခန်းထောက်ခံချက်တို့ တင်ပြပြီး ၎င်းထံမှ GP ၂၂၇၄၄/၂၂-၈-၁၄ ရသူ ဒေါ်အိယုခိုင်မှ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်တွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ မြေကွက်အမှတ်(၁၁၃၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၁၃၁/ခ)၊ ရတနာပုံ(၄)လမ်း၊ ၉-ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကျင်မောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးကျင်မောင်(ဖခင်)၊ ဒေါ်ကျင်ငွေ(မိခင်)နှင့် သား(၂)ဦးဖြစ်သော (ဦးခင်မြင့်၊ ဦးခင်ဌေး) (အစ်ကို)တို့သည် (လူပျိုကြီး ဘဝဖြင့်) ကွယ်လွန်ကြသဖြင့် (သမီး၊ ညီမ)တော်စပ်သူဖြစ်သော ဒေါ်သန်းအေး[၁၂/သကတ(နိုင်)၀၂၄၂၃၅]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/F)၊ မြေကွက်အမှတ်(ပဋ္ဌမတန်းစား/၁၀)၊ မြေကွက်တည်နေရာအမှတ် (၃၃၇)၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရင်ကင်ဝှ(ခ) မောင်မောင်တင့်၊ တန်ဖီးဝါ(ခ)မသန်းဌေး အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ တန်ဖီးဝါ(ခ)မသန်းဌေး ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ရင်ကင်ဝှ(ခ) မောင်မောင်တင့်မှ ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁/ကံဘဲ့၊ မြေကွက်အမှတ် ၃/၆၀၊ မြေကွက်တည်နေရာ အမှတ် ၉၉/B၊ ကံကော်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ (ဦးခင်မောင်လွင်) အမည်ပေါက် ၁နှစ်ယာယီ ၁-၆-၀၈မှ ၃၀-၅-၀၉ထိ မြေအားအမည်ပေါက် ဦးခင်မောင်လွင် [၁၂/ဗတထ(နိုင်)၀၀၈၂၇၉]က နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Myanmar Andaman Resort Co.,Ltd.

အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဝန်ထမ်းအလိုရှိသည်

1. General Manager Male(1)Post
- ကော့သောင်းမြို့နယ်၊ ခရင်းခွကျွန်းတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- English (4)Skills ကျွမ်းကျင်ရမည်။
- Hotel Management လုပ်ငန်းအတွေ့အကြုံရှိရမည်။ လစာကောင်းကောင်းပေးမည်။
- ၂၀-၂-၂၀၁၅ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။

ဖုန်း ၀၁-၃၇၇၈၉၃

အောက်စဖို့ဒ်တက္ကသိုလ်က မြန်မာကျောင်းသားများအတွက် သီးသန့်ပေးသော ပညာသင်ဆုများ လျှောက်ထားနိုင်ပြီ

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကမ္ဘာ့အဆင့်၌ နံပါတ် (၃) ရရှိထားသော အောက်စဖို့ဒ်တက္ကသိုလ်သည် မြန်မာကျောင်းသားများအတွက် ပညာသင်ဆုများပေးအပ်နေပြီဖြစ်ကြောင်းသိရသည်။

အောက်စဖို့ဒ်တက္ကသိုလ်သို့ တက်ရောက်ရန် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော ကျောင်းသားကျောင်းသူများနှင့် IGCSE ဖြေဆိုထားသူများသည် GCE -A Level ကို ဦးစွာတက်ရောက်ရမည်ဖြစ်သည်။ ယင်း GCE -A Level တက်ရောက်ရန် မြန်မာကျောင်းသားကျောင်းသူများသည် Bellebys Collegeမှ ပေးအပ်သော ၂၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပညာသင်ဆုများကို စတင်လျှောက်ထားနိုင်ပြီဖြစ်သည်။

"Bellebys College မှတစ်ဆင့် Brigton, Cambridge, London, Oxford တက္ကသိုလ်များကို ရွေးချယ် တက်ရောက်နိုင်ပြီး A-Levelအတွက် Accounting Art, Biology, Business, Geography, Government and Politics, Law, Photography, Psychology အစရှိတဲ့ ဘာသာရပ်များကို ရွေးချယ်သင်ယူနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် A-level ပြီးသွားရင် University of Cambridge, London School of Economics and Political Science, University of St Andrews, Imperial College London, Durham University, University of Batch စတဲ့ တက္ကသိုလ်ပေါင်း ၅၀ကျော်တွင် ဆက်လက်ပညာသင်ယူနိုင်ပါတယ်။ A-level ပြီးသွားလို့ရှိရင် ဆေးကျောင်းတက်ချင်သူတွေ၊ ဗိသုကာပညာတက်ချင်သူတွေ၊ စတဲ့ဘာသာရပ် အမျိုးမျိုးကို တက်ချင်သူတွေအနေနဲ့ မိမိနှစ်သက်ရာ ဘာသာရပ်အလိုက် တက္ကသိုလ်အသီးသီးတွင် ဆက်လက်လေ့လာ သင်ယူနိုင်မှာဖြစ်ပါတယ်" ဟု EDUVISION နိုင်ငံတကာ ပညာရေး ဝန်ဆောင်မှုကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ ဒေါ်စုမြတ်မွန်က ပြောသည်။

"တက္ကသိုလ်ဝင်တန်း၊ ဒါမှမဟုတ် IGCSE အောင်မြင်ပြီးတဲ့ ကျောင်းသားကျောင်းသူတွေအနေနဲ့ A-Level တက်ရောက်ပြီးမြောက်သွားရင် အောက်စဖို့ဒ်တက္ကသိုလ် ဝင်ခွင့်အတွက် ပညာသင်ဆုထပ်မံလျှောက်ထားနိုင်ပါတယ်။ ပညာသင်ဆုအတွက် အောက်စဖို့ဒ်တက္ကသိုလ်မှ နှစ်စဉ် ပေါင် ၁၀၀၀၀ (မြန်မာငွေကျပ်သိန်း ၁၇၀ ခန့်)ကို ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

Bellebys College ၏ ထူးခြားချက်တစ်ခုမှာ ကျောင်းတက်နေစဉ်အတွင်း အသိပညာဗဟုသုတ ပိုမိုရရှိစေရန် (Enrichment Program) များ အပတ်စဉ်ထည့်သွင်းပေးထားခြင်းပင်ဖြစ်သည်။ အဆိုပါ Enrichment Program ထဲတွင် နာမည်ကြီးကုမ္ပဏီများမှ Guest Speaker များက လုပ်ငန်းအတွေ့အကြုံနှင့်ပတ်သက်သည့် လက်တွေ့အဖြစ်အပျက်များကို ကျောင်းတွင် သင်ယူရသော စာတွေ့နှင့် လက်တွေ့ကို ယှဉ်တွဲသိမြင်လာစေရန် လာရောက်ဟောပြောပေးခြင်း၊ Industry Visit အဖြစ် ကုမ္ပဏီများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာစေခြင်းတို့ပါဝင်သည်။

ထိုသို့ ပြုလုပ်ပေးမှုများကြောင့် ကျောင်းသားကျောင်းသူများသည် လက်တွေ့လုပ်ငန်းခွင် (Real World Industry) ကို ထိတွေ့ဖူးပြီး အတွေ့အကြုံကောင်းများရရှိကာ စာလေ့လာသင်ယူရာတွင် ပိုမိုသိမြင်လွယ်ကူပြီး ထိရောက်မှုရှိလာမည်ဖြစ်သည်။

အဆိုပါ ပညာသင်ဆုသည် မြန်မာကျောင်းသားများအတွက် သာသီးသန့်ပေးသော ပညာသင်ဆုဖြစ်သောကြောင့် လက်မလွှတ်သင့်သော အခွင့်အရေးကောင်းကြီးတစ်ရပ်ဖြစ်သည်။

ယခုပညာသင်ဆုများနှင့် ပတ်သက်၍ လပြည့်ဝန်းတာဝါ ပထမထပ်ရှိ Eduvision Worldwide Specialist မှ သိရှိရသည်။

(စန္ဒာဝင်း)

အရှေ့အာရှမှ ကျောင်းသားများအတွက် IELTS Scholarship 2015 ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူ

ဗြိတိသျှကောင်စီမှ ပညာသင်ဆုများ နှစ်စဉ် ချီးမြှင့်လျက်ရှိပြီးယခုနှစ်အတွက် လျှောက်လွှာများ စတင်လက်ခံနေပြီဖြစ်ကာ ယခုနှစ်တွင် မြန်မာနိုင်ငံအတွက် သီးသန့်ပညာသင်ဆု နှစ်ဆုကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းပညာသင်ဆုများကို မိမိ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို တိုးတက်အောင် လုပ်ကိုင်ရန် စိတ်အားထက်သန်ကြသူများနှင့် ပြည်တွင်းပြည်ပမှ သင်ယူခဲ့သော အတွေ့အကြုံများကို မိမိပတ်ဝန်းကျင်တွင်ပြန်လည်အသုံးချရန် အလားအလာရှိသူများကို ရွေးချယ်ပေးအပ်သွားမည်ဖြစ်သည်။

ဗြိတိသျှကောင်စီ၏ ပညာသင်ဆုများသည် ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်းနှင့် ဗီယက်နမ် စသည့် အရှေ့အာရှရှိ ကျောင်းသားကျောင်းသူများအတွက် ရည်ရွယ်ပြီး အထူးဆု (Grand Prices) နှင့် ဒေသဆိုင်ရာဆု (Local Prices) ဟူ၍ နှစ်မျိုးပါဝင်သည်။

ဒေသဆိုင်ရာ ဆု (Local Prices) အတွက် မြန်မာနိုင်ငံမှ ကျောင်းသားနှစ်ဦးကို ရွေးချယ်ပေးအပ်မည်ဖြစ်သည်။ ပညာသင်စရိတ်ပေါင် ၂၀၀၀ မြန်မာငွေကျပ် သိန်း ၃၂၀၀၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ Grand Prices အတွက် အရှေ့အာရှရှိ ကျောင်းသားကျောင်းသူများအနက် ငါးဦးကို ရွေးချယ်ပေးအပ်သွားမည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ ၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ် တက်ရောက်နေသူ သို့မဟုတ် ဘွဲ့လွန်တက်ရောက်နေသူများ ဖြစ်ရမည်။ မိမိတက်ရောက်နေသော တက္ကသိုလ်၏ ခွင့်ပြုချက်ကိုလည်း တစ်ပါတည်းတင်ပြရမည်ဖြစ်သည်။

လျှောက်လွှာများကို မေလ ၃၁ ရက်အထိ လက်ခံသွားမည်ဖြစ်ပြီး ရလဒ်များကို ဇူလိုင်လအတွင်းကြေညာပေးသွားမည်ဖြစ်သည်။ ပညာသင်ဆု ပေးအပ်ပွဲကို ဩဂုတ်လအတွင်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခင်ခင်သက်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၂၄၆)၊ မြေကွက်တည်နေရာအမှတ်(၂၄၆)၊ သုတ(၈)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးကျော်အေး+ဦးသန်းငွေ) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဖခင် (ဦးကျော်အေး)နှင့် မိခင်(ဒေါ်သန်းလှိုင်)တို့ ကွယ်လွန်သွားပါသဖြင့် ဦးတင်ဌေး[၁၂/ဥကတ(နိုင်)၀၃၅၃၆၂]၊ ဦးဝင်းနိုင်[၁၂/ဥကတ(နိုင်)၀၃၅၃၆၁]၊ ဦးအောင်ဌေး[၁၂/ဥကတ(နိုင်)၀၃၅၃၄၆]တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသန်းငွေ[၁၂/ဥကတ(နိုင်)၀၃၅၃၂၂]နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ(S-၈၉)၊ မြေကွက်အမှတ်-၂၃၄၊ မြေကွက်တည်နေရာအမှတ်-၁၇၊ ဓမ္မဝိဟာရလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ ဦးညီပုအမည်ပေါက် စက္ကူတာမြေအား အမည်ပေါက် ဦးညီပုထံမှ ပိုင်ဆိုင်ကြောင်းစာချုပ် -၂၃၀/၇၄(၈-၃-၇၄)အရ ဦးစံမြတ်မှ ပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်-၃၇၈/၇၄(၁၂-၄-၇၄)အရ ဒေါ်အေးအေး၊ မမိုးဇီဝါ၊ မောင်အောင်ဇော်မိုးတို့မှ ပိုင်ဆိုင်ခဲ့သဖြင့် တာမွေမြို့နယ်တရားရုံးတရားမကြီးမှုအမှတ်-၅၁/၂၀၁၃၊ (တရားလို ဦးစောလှိုင်က တရားပြိုင် ဒေါ်အေးအေးပါ(၃)အပေါ်မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု)နှင့် တရားမဇာရီမှုအမှတ်-၂၀/၂၀၁၄ အမိန့်တို့အရ တရားရုံး ဒေါ်အေးအေးပါ(၃)ကိုယ်စား ဘီလစ်အရာရှိ ဒေါ်စန်းစန်းဝင်းက အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်(၁၃၆၂)၊ မြေကွက်တည်နေရာအမှတ်(၁၃၆၂)၊ မဟော်သဓာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးသန်းထွန်း(LMA-၀၇၅၂၇၈)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းထွန်းထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်မေသူထွန်း[၅/ခဥန(နိုင်)၀၇၆၅၆၃]မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း/ရပ်ကွက် ထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃စီ၊ မြေကွက်အမှတ်(၁၆၅)၊ မြေကွက်တည်နေရာအမှတ်(၄၂)၊ ပျားရည်ကုန်းရပ်ကွက်၊ ဦးသိန်းဟန် [၁၂/တမန(နိုင်)၀၀၆၁၀၅] အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးသိန်းဟန်ကွယ်လွန်သဖြင့် ဒေါ်မြသိန်း[၁၂/တမန(နိုင်)၀၀၅၈၄၆]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြေကွက်အမှတ်(၅၂၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၂၄/ခ)၊ အနော်မာ(၂၁)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြင့်မြင့်စန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကို အမည်ပေါက် ဒေါ်မြင့်မြင့်စန်း ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် -၃၈၀၃(၂၀၁၄)(၁၅-၇-၁၄)ဖြင့် ဒေါ်စုမြတ်မြတ်[၁၂/သကတ(နိုင်)၁၀၅၄၄၉]၊ ဒေါ်စုလတ်လတ်[၁၂/သကတ(နိုင်)၁၀၆၅၉၀]၊ ဦးသိန်းသန်းဦး[၁၂/သကတ(နိုင်)၁၀၅၇၃၇]၊ ဒေါ်သီဂီအေး[၁၂/သကတ(နိုင်)၁၆၀၆၀၁]၊ ဦးအောင်ကျော်ကျော်[၁၂/သကတ(နိုင်)၀၂၂၅၇၁]၊ ဒေါ်အေးအေးအောင်[၁၂/သကတ(နိုင်)၁၁၉၈၉၇]မှ (ဂရန်)မူရင်း ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်(သကတ/၂(မ)၀၈၃၄/၉၃) (၂၁-၉-၉၃)အမည်ပေါက်နှင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၈၆၂+၂၈၆၃)၊ မြေကွက်တည်နေရာအမှတ်-(၂၈၆၂+၂၈၆၃)၊ ကျန်စစ်သားလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ (ဦးသာခင်)(CK-၀၂၃၉၆၆)အမည်ပေါက်၊ နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးသာခင်(ဖခင်)နှင့် ဇနီးဖြစ်သူ ဒေါ်သိန်းမေ(မိခင်)တို့ ကွယ်လွန်၍ သားသမီးများဖြစ်သော (၁)ဒေါ်မြညွန့်[၁၂/ဒလန(နိုင်)၀၀၃၂၂၁]၊ (၂)ဦးမြလွင်[၁၂/ဒလန(နိုင်)၀၀၂၉၂၉]၊ (၃)ဒေါ်မြင့်မြင့်အေး[၁၂/ဒလန(နိုင်)၀၀၃၂၆၇]၊ (၄)ဒေါ်မြင့်မြင့်စန်း[၁၂/ဒလန(နိုင်)၀၄၇၅၅၃]၊ (၅)ဒေါ်မြင့်မြင့်ရွှေ[၁၂/မဂတ(နိုင်)၀၅၆၇၉၈]၊ [ဒေါ်မြင့်မြင့်ရွှေ[၁၂/မဂတ(နိုင်)၀၅၆၇၉၈]မှကိုယ်တိုင်နှင့် ကျန်(၄)ဦး၏ ကိုယ်စား အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၀၉၅/၁၄(၂၅-၈-၂၀၁၄)ရရှိသူ]မှ သေစာရင်း၊ ၁၇-၁၀-၂၀၁၄ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(ခ/၂၂၉)၊ မြေကွက်တည်နေရာအမှတ်-(က/၂၂၉)၊ ၂-လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးကျော်ဇောအောင်[၁၂/ဒပန(နိုင်)၀၁၈၂၄၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-(၅၂၆/၂၀၁၄)တရားလို ဦးညွန့်တင်၊ ဦးသံဂါဆာမိက တရားပြိုင် ဦးကျော်ဇောအောင်အပေါ်စွဲဆိုရာ တရားပြိုင် ဦးကျော်ဇောအောင်သည် တရားလို ဦးညွန့်တင်၊ ဦးသံဂါဆာမိတို့အား ၇-၁၁-၂၀၁၄ရက်စွဲပါမြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်သည့် စာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေရန် ချမှတ်သည့် ၂၄-၁၀-၂၀၁၄ရက်စွဲပါ စီရင်ချက် ဒီကရီနှင့်တရားမဇာရီမှုအမှတ် (၁၇၆/၂၀၁၄) အမိန့်တို့တင်ပြလျက် တရားရှုံး(ဦးကျော်ဇောအောင်)ကိုယ်စား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ဘီလစ်ဒေါ်မင်းမင်းကြိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်(၂၂၂)၊ မြေကွက်တည်နေရာအမှတ်(၂၂၂)၊ မြို့ပတ်လမ်း၊ ၃-ရပ်ကွက်၊ ရွှေပြည်သာ(ဒေါ်သန်းစော) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ရွှေပြည်သာမြို့နယ် တရားရုံး တရားမကြီးမှုအမှတ်(၁၁၈/၂၀၁၄) ဖြင့် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု၏ ၁၂-၁၂-၂၀၁၄ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီဖြင့် တရားမဇာရီမှုအမှတ်(၆၄/၁၄)တွင် ဘီလစ်ခန့်အပ်သည့် ၂၃-၁၂-၁၄ရက်စွဲပါ တရားရုံးမှတ်တမ်းဂရန်မူရင်းတို့ တင်ပြ၍ ဘီလစ်ဒေါ်ငုဝါ[၁၂/လမန(နိုင်)၀၂၉၆၃၃]မှ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၁၄၀)၊ မြေကွက်တည်နေရာအမှတ်(၁၄၀)၊ ဗိုလ်ချုပ်လမ်း၊ ၅/၄ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးမောင်မောင်စိန်+ဦးသန်းဆွေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ရွှေပြည်သာမြို့နယ်၊ တရားရုံး၊ တရားမကြီးမှု အမှတ်(၁၀၉/၂၀၁၄)ဖြင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု၏ ၇-၁၁-၁၄)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ ဂရန်မူရင်း၊ တရားမဇာရီမှုအမှတ် (၆၂/၁၄)တွင် ဘီလစ်ခန့်အပ်သည် ၂-၁၂-၁၄ရက်စွဲပါ တရားရုံးမှတ်တမ်းတို့ တင်ပြ၍ ဘီလစ်ဒေါ်ငုဝါ [၁၂/လမန(နိုင်)၀၂၉၆၃၃]မှ မြေကွက်၏ ခေါင်းရင်းဘက်ခြမ်း Portion ပေ(၂၀×၆၀)ကို အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စံပြ၊ မြေကွက်အမှတ်(၃၃၈)၊ မြေကွက်တည်နေရာအမှတ်(၃၃၈)၊ စံပြ(၂)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးခင်မောင်[၁၂/ သဃက(နိုင်)၀၅၃၃၈၈] အမည်ပေါက် (၆၀)ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း)ဦးခင်မောင် ကွယ်လွန်သဖြင့် ဒေါ်တင်ရီ[၁၂/သဃက(နိုင်)၀၅၁၈၅၀]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတို့တင်ပြ၍ ၎င်း၏(GP)၂၃၄၄၇/၁၄ (၂၈-၈-၂၀၁၄)ရသူ ဒေါ်ချစ်သီရိဇော် [၆/မမန(နိုင်)၁၄၃၃၈၉]က ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖတ်စရာ

ကောက်ရိုးမှိုများ စီးပွားဖြစ်စိုက်ပျိုးလာ

à wdvref

ရက်တိုတိုဖြင့် ငွေဖြစ်လွယ်သော သီးနှံများထဲတွင် ကောက်ရိုးမှိုပျိုးခြင်းလုပ်ငန်းလည်း ပါဝင်သည်။ ကောက်ရိုးမှိုပျိုးခြင်းလုပ်ငန်းကို စဉ့်ကိုင်မြို့နယ်တွင် ၁၉၉၃ ခုနှစ်မှစတင်ကာ စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ကောက်ရိုးမှိုကို ကောက်ရိုး၊ ကောက်လှိုင်းကုန်ကြမ်း အစား ဂျပ်စက္ကူမြင်းချေး၊ နွားချေး၊ ဗေဒါတို့ဖြင့် တွင်ကျယ်စွာစိုက်ပျိုးလာခဲ့သည်။

နောက်ပိုင်းတွင်ကုန်ကြမ်း မြင်းချေး ရှားပါးလာသောကြောင့် အသုံးမပြုတော့ဘဲ နွားချေး၊ ဂျပ်စက္ကူဗေဒါတို့ကို အသုံးပြုကြသည်။ ကောက်ရိုးမှိုသည် အပူအအေးမျှတအောင် ဆောင်ရွက်ပေးရပြီး ရာသီမရွေး စိုက်ပျိုးနိုင်သည်။ နွေရာသီတွင် အရိပ်ရသော ခြံများအတွင်း ပျိုးကြပြီး ဆောင်းရာသီတွင် နေပူကွင်းပြင်များတွင် ပျိုးကြသည်။

ကောက်ရိုးမှို ပျိုးပုံတစ်ပုံ ပြုလုပ်ရန်အတွက် ဂျပ်စက္ကူရှစ်ပိဿာမှ ၁၀ ပိဿာ၊ နွားချေး လေးတင်းမှ ငါးတင်းခန့်၊ မှိုမျိုးလေးထုပ်၊ ပလတ်စတစ်အကြည်၊ ကောက်ရိုးသက်ငယ်တို့ကို အသုံးပြုကြရသည်။ စတင်ပျိုးသည့်အချိန်မှစကာ ဂရုစိုက်ပေးရပြီး ရက်တိုတိုနှင့် အကျိုးအမြတ်ရရှိသောလုပ်ငန်းဖြစ်သည်။ ပလိပ်နယ်တစ်ဝိုက်တွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ မှိုထွက်နှုန်းမှာ ဆောင်းရာသီတွင် မှိုထွက်နှုန်းများပြီး နွေနှင့်မိုးရာသီတွင် အနည်းငယ်အထွက်လျော့တတ်သည်။

ကောက်ရိုးမှိုပုံ၏ ခြောက်သွေ့မှုနှင့် စိုထိုင်းဆ၊ ရေစုပ်မှုကို ဂရုတစိုက်ကြည့်ကာ ငါးရက်ခန့်တွင် ရေထပ်လောင်းပေးရသည်။ မှိုစတင်ပျိုးသည့် ရက်မှစတင်ရေတွက်ပါက ၁၀ ရက်၊ ၁၁ ရက်တွင် မှိုစတင်ထွက်ရှိသည်။ မှိုထွက်သည့်အခါ ပလတ်စတစ်ကိုလှပ်၍ မှိုကိုအပွင့်အဆင့်မရောက်မီ ခူးပေးကြရသည်။ မှိုတစ်ပုံလျှင် ငါးပိဿာမှ ခုနစ်ပိဿာအထိ ထွက်ရှိသည်။ မှိုအလုံးအဆင့်သည် ဈေးကွက်ဝင်ပြီး လက်ရှိကာလတွင် မှိုတစ်ပိဿာ ငွေကျပ် ၄၀၀၀ ခန့်ရှိသည်။ မှိုအပွင့်ကမူ ငွေကျပ် ၂၅၀၀၊ ၃၀၀၀ ခန့်သာ ရရှိသည်။

မှိုကို စီးပွားဖြစ်ပျိုးသူများသည် မှိုပုံ အနည်းဆုံး ၅၀ မှ ၁၀၀ ထိ ရာသီနှင့် မှိုဈေးကွက်ကိုကြည့်၍ ပျိုးကြသည်။ ရက်တိုတိုအတွင်း ငွေဖြစ်လွယ်၍ မှိုဈေးကွက်မှာ ခိုင်ခိုင်မာမာရှိပြီး အကျိုးအမြတ်ရှိကြောင်း ပလိပ်နယ်မှ ကောက်ရိုးမှိုပျိုးသူတစ်ဦးက ပြောပြ၍ သိရသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၌ အရန်သားဖွားဆရာမ (၁/၂၀၁၅) သင်တန်းဖွင့်

ပွင့်ဖြူ ဖေဖော်ဝါရီ ၆

ပွင့်ဖြူမြို့၌ မကွေးတိုင်းဒေသကြီး၏ လမ်းညွှန်မှု၊ မကွေးတိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာန၏ ကြီးကြပ်မှု၊ ကျန်းမာရေးဦးစီးဌာနနှင့် ထောင်စုနှစ် ရည်မှန်းချက်(၃)ရပ် အကောင်အထည်ဖော်ရေး (3MDG) အဖွဲ့၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဖွင့်လှစ်သော အရန်သားဖွားဆရာမ (၁/၂၀၁၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသီတာတင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးမြင့်က သင်တန်းသူများအားစာရေးကိရိယာများနှင့် ဝတ်စုံများပေးအပ်ခဲ့သည်။

သင်တန်းတွင်သင်တန်းသူ ၂၀ ဦးအားစာတွေ့သုံးလနှင့် လက်တွေ့သုံးလသင်ကြားပို့ချသွားမည်ဖြစ်ပြီး ကျေးရွာ ၂၀၅ ရွာတွင် အရန်သားဖွားဆရာမ စေတနာ့ဝန်ထမ်းများဖြင့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် မွေးဖွားစဉ်သေဆုံးနှုန်းကျဆင်းရေးတို့အားရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ **သန်းနိုင်ဦး(ငဖဲ)**

နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စု လူဦးရေစာရင်း ကွင်းဆင်း ဆောင်ရွက်

လောင်းလုံ ဖေဖော်ဝါရီ ၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဝန်ထမ်းများသည် Norwegian Refugee Council (NRC) အဖွဲ့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၂ ရက်မှ ၃ ရက်အထိ မောင်းမကန်ရွာလယ် ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအုပ်စုအတွင်းရှိ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၅ နှင့်အကျုံးဝင်သော တိုင်းရင်းသားပြည်သူများအား မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများအား နေ့ချင်းပြီး အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ ရက် ညနေ ၄ နာရီတွင် ပြုလုပ်ရာ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် ထားဝယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးတို့ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ အစိုးရအဖွဲ့ဝင် ဝန်ကြီး ထားဝယ်ခရိုင်ဦးစီးဌာနမှူး အဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်း ၂၄ စုနှင့် ပြည်သူ ၂၇၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးခဲ့ပြီး တစ်ဦးချင်းစီသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ





သဇင်ဥ/သဇင်တိုင်(စိုက်ပြီး) ရမည်

အမှတ်(၅၃၅)၊ သုမင်္ဂလာလမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
Ph: 01-560567,09-31261260

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်ရ[၁၂/သကတ(နိုင်)၀၁၂၀၆၈]၏ ISUZU EIF - ၂၀၀၄နှင့် သက်ဆိုင်သော သွင်းကုန်ကြေညာလွှာအမှတ်-၇၄၀၉၉၁၊ ရက်စွဲ ၁၅-၇-၂၀၁၄ရက် မူရင်းနှင့် ကညနတွင် လုပ်ဆောင်ရမည့်မူရင်းစာရွက်များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၄၂၀၀၅၆၇၄၉

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

ငွေဆောင်ကမ်းခြေ ပေ(၄၀×၆၀)၊ မြေကွက် နေအိမ်ပါ၊ ရောင်းမည်။
Ph: 09 790148258
09 422488647
09 451242301
09 421057138

တိုက်ခန်းရောင်း/ငှားမည်

ရတနာလမ်း၊ မြေနီကုန်း
မြေညီထပ်+ ပထမထပ်
ဆီဆုံလမ်း၊ စမ်းချောင်းမြေညီထပ်+ပထမထပ်
သော်တာလမ်း၊ ၆လွှာ၊ မြေနီကုန်း
ဖုန်း-၀၉-၇၃၀၆၅၀၂၂၊ ၀၁-၅၀၃၁၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ်-(၁၁/က)အုတ်ပုံဆိပ်လမ်း၊ (၈)ရပ်ကွက်၊ အမှတ်(၇၄/ခ)၊ မြေအကျယ်အဝန်းပေ အနံ ရှေ့မျက်နှာစာ ၂၃ပေ၊ နောက်၁၂'၃/၂''၊ အလျား ပေ၁၀၀ (၁၇၇၅ စတုရန်းပေ)ရှိ မြေကွက်ပိုင်ရှင်(ဦးစောဂျစ်ဘီး)၏ သားသမီးများထံမှ ပိုင်ဆိုင်မှုအထောက်အထားဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ကျွန်တော်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန)တွင် မြေတိုင်းလျှောက်ထားခြင်း၊ မြေပုံကူးခြင်း၊ ပိုင်ဆိုင်မှုအမည်လျှောက်ခြင်း၊ အရောင်းအဝယ်နှင့် ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန်၊ မြေပုံကူးလျှောက်ထားရန်တို့အတွက် ဌာနလုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်တင်[၉/မထလ(နိုင်)၁၉၆၁၈၄]၊ ဖုန်း-၀၉-၅၁၅၂၆၃၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂငူန်ရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ အမှတ်(၇၉)၊ (၈)လွှာ(ဘီ)၊ (၁၅×၅၅)ပေရှိ တိုက်ခန်းကို ဦးလှခိုင်[၁၂/ဗဟန(နိုင်)၀၆၂၇၇၂]၊ ဒေါ်တင်တင်မြင့် [၁၂/ဗဟန(နိုင်)၀၅၆၄၄၆]ဆိုသူထံမှ ဝယ်ယူရန် ကျွန်တော့်မိတ်ဆွေက စရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုကြပါလျှင် ဤကြော်ငြာစာ ပါရှိသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြပါသည်။ သတ်မှတ်ရက်ကျော်လွန်ခဲ့ပါလျှင် အရောင်းအဝယ်ကိစ္စများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ညွှန်ကြားချက်အရ
ဦးစိုးအောင်(၆၉၁၄)
B.A,R.L,D.B.L,B.D.S
(တရားလွှတ်တော်ရှေ့နေ)
အမှတ်-၁၆၀၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Ph:09-73002607

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တောင်ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြနန္ဒာ(၃)လမ်း၊ (၆၉)ရပ်ကွက်၊ မြေကွက်အမှတ်(၁၁၂၆)ဟု ခေါ်တွင်သော (အလျားပေ၄၀×အနံပေ၆၀)ရှိ မြေကွက်နှင့်အိမ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်ချစ်(အက်စ်အာရ် အမ်-၀၂၂၄၄၄)သည် ပိုင်ဆိုင်လာခဲ့ပြီး ၎င်းကွယ်လွန်ပြီးနောက် ၎င်း၏တရားဝင်ဇနီးမယားဖြစ်သူ ယခုအပိုင်ရောင်းချသူသည် ထိုမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေအား အပိုင်ရောင်းချထားပြီးဖြစ်ပါ၍ ထိုမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှငွေး(အထက်တန်းရှေ့နေ)
(စဥ်-၃၈၅၀၆)
ဖုန်း-၀၉-၅၆၆၀၁၉၄၊ ၀၉-၂၅၅၉၉၇၃၁၁

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာနေ ဒေါ်သီရိချို[၁၂/ကမရ(နိုင်)၀၁၁၉၂၇] နှင့် ဦးတင်မောင်မောင်[၁၂/သဃက(နိုင်)၁၂၀၀၂၅]တို့ သည် ၂၉-၁-၂၀၁၅ရက်တွင် ဂုဏ်သရေရှိ လူကြီးမင်းများနှင့် တရားလွှတ်တော်ရှေ့နေ အသိသက်သေများ၏ရှေ့မှောက်၌ မိမိတို့၏ သဘောဆန္ဒနှင့်အညီ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီရိချို[၁၂/ကမရ(နိုင်)၀၁၁၉၂၇]



သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံများအား ကုမ္ပဏီရှစ်ခုတို့က ဆောက်လုပ်

ကလေး ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံများကို ပင်လုံရပ်ကွက် ပင်လုံလမ်းမတော်ဘေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဆေးသိပ္ပံညာဦးစီးဌာန၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၉၀၃ ဒသမ ၀၀ သန်းဖြင့် ကုမ္ပဏီရှစ်ခုတို့က တာဝန်ယူဆောက်လုပ်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်ပြီးစီးမှုအခြေအနေကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်ဝင်း၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၃ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၏ ပင်မစာသင်ဆောင် အလျား ၂၅၈ ပေ၊ အနံ ၇၇ ပေ၊ အမြင့် ၃၆ ပေရှိ သုံးထပ်စာသင်ဆောင်ကြီးအား ဆုလျှံထွန်းကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ် ၆၉၅ ဒသမ ၀၀ သန်းနှင့် အလျား ၂၀၀ ပေ၊ အနံ ၅၀ ပေရှိ ထမင်းစားဆောင်နှင့် အလျား ၆၀ ပေ၊ အနံ ၄၀ ပေရှိ မီးဖိုဆောင်ကို ဘုန်းမြတ်ဖြိုး ကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈ ဒသမ ၅၀ သန်းဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်က RC သံကူကွန်ကရစ်ဖြင့် လည်းကောင်း ဆောက်လုပ်လျက်ရှိသည်။

သင်တန်းသူများအတွက် အလျား ၁၅၄ ပေ၊ အနံ ၃၆ ပေ၊ အမြင့်၃၆ ပေရှိ သုံးထပ်သင်တန်းသူအိပ်ဆောင် အဆောက်အအုံအား မျိုးမြတ်မြန်မာကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ် ၃၆၆ ဒသမ ၀၀ သန်းနှင့်လည်းကောင်း အလျား ၉၂ ပေ၊ အနံ ၄၀ ပေ၊ အမြင့် ၃၆ ပေရှိ သုံးထပ်ဆရာအိပ်ဆောင်နှစ်လုံး အဆောက်အအုံအား ကောင်းစည်ဟိန်းကုမ္ပဏီက ခွင့်ပြုရန်ပုံငွေ ကျပ် ၅၀၈ ဒသမ ၀၀ သန်းဖြင့်လည်းကောင်း ဆောက်လုပ်လျက်ရှိသည်။

ယင်းအပြင် သင်တန်းသူများအတွက် အလျား ၁၅၄ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၃၆ ပေရှိ သုံးထပ်သင်တန်းသူ အိပ်ဆောင် အဆောက်အအုံကို ကောင်းသစ်ဟိန်းကုမ္ပဏီက ခွင့်ပြုရန်ပုံငွေ ကျပ် ၃၆၉ ဒသမ ၁၀ သန်းဖြင့်လည်းကောင်း ဝန်ထမ်းအိမ်ရာ အလျား ၁၀၂ ပေ၊ အနံ ၂၅ ပေရှိ လေးခန်းတွဲ လေးထပ်နှစ်လုံးအား ဒေတာမြန်မာကုမ္ပဏီနှင့် ပန်းမွန်ကုမ္ပဏီတို့က ခွင့်ပြုရန်ပုံငွေကျပ် ၂၃၉ ဒသမ ၂၀ သန်းစီဖြင့် လည်းကောင်း ဆောက်လုပ်လျက်ရှိသည်။

လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် Transformer တပ်ဆင်ခြင်းလုပ်ငန်းများကို Well Tech ကုမ္ပဏီက ခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၁ ဒသမ ၂၀ သန်းနှင့် ကွန်ကရစ်မုခ်ဦးတည်ဆောက်ခြင်း၊ အုတ်တံတိုင်း ပြုလုပ်ခြင်းလုပ်ငန်းများကို ဒေတာမြန်မာကုမ္ပဏီက ခွင့်ပြုရန်ပုံငွေ ကျပ် ၁၃၇ ဒသမ ၀၀ သန်းဖြင့် စတင်ဆောက်လုပ်လျက်ရှိကြသည်။

အဆိုပါ လုပ်ငန်းများ အမြန်ဆုံး ပြီးစီးရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှုကို ခံယူကာ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးကသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းဆောင်ရွက်မှု အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂျိုးနက်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် နယ်မြေ ၁၅ ဘိုတဲကုန်းရပ်ကွက်တွင် မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးဝေဌေး၊ ဘဏ္ဍာထိန်းဥက္ကဋ္ဌ ဦးတူး၊ အဖွဲ့ဝင်ဦးရဲထွဋ်၊ ဦးထွန်းထွန်း၊ ဦးစိုးနိုင် (၂)၊ ဦးမောင်ဝင်းတို့မှဦးဆောင်၍ ရပ်ကွက်အတွင်းမီးလင်းနိုင်စေရေးအတွက် ပဲခူးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူးကြီးများ၏ စီစဉ်ညွှန်ကြားမှုဖြင့် လျှပ်စစ်ကျွမ်းကျင်အဆင့် (၁) ဦးထွေးရီ တို့အဖွဲ့နှင့်ပူးပေါင်းကာ ရပ်ကွက်အတွင်း မီးလင်းနိုင်ရေးအတွက် အများပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၆၀ ဖြင့် ကိုယ့်အားကိုယ်ကိုး၍ ဇန်နဝါရီ ၁ ရက်မှစတင်ကာ မီးတိုင်များစိုက်ထူပြီး အမြန်ဆုံးမီးလင်းနိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- စိုးမြင့်

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဇီဝလုံခြုံမှုပညာပေးဟောပြော

မိုးကောင်း ဖေဖော်ဝါရီ ၆

မိုးကောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကကြီးမှူး၍ ကြက်၊ ဝက်၊ နွားမွေးမြူသူများ ကြက်ဥ၊ ကြက်သားရောင်းချသူများအား ဇီဝလုံခြုံမှု အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဦးက အစားအစာဖူလုံရေး ပြည်သူများ ဘေးကင်းလုံခြုံစွာ စားသောက်နိုင်ရေး၊ ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မွေးမြူရေးတိရစ္ဆာန်များ ရောဂါကင်းရှင်းစေရေးတို့အတွက် ဇီဝလုံခြုံမှုအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

(၄၉၉)

အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အစိုးရစက်မှုလက်မှုသိပ္ပံ၊ နည်းပညာကောလိပ်၊ နည်းပညာတက္ကသိုလ် မော်ဘီတွင် လျှပ်စစ်စွမ်းအား အင်ဂျင်နီယာအထူးပြုဘာသာရပ်ဖြင့် တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား/ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၁-၂-၂၀၁၅ရက် (စနေနေ့) ညနေ ၄ နာရီမှ ၇နာရီအထိ နတ်မောက်လမ်း၊ မြေပဒေသာကျွန်းရှိ Dolphin Restaurant တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး တက်ရောက်နိုင်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။ အလှူငွေများ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆရာဦးတင်မောင်လွင်	၀၉-၇၉၉၇၁၉၂၅၅	ဦးရန်အောင်လတ်(၉၈)	၀၉-၅၁၁၄၂၁၇
ဦးစိန်ဝင်းညို(၉၈)	၀၉-၄၂၀၀၆၈၂၂၀	ဦးရန်နောင်စိုး(၉၈)	၀၉-၄၃၂၀၈၂၂၇
ဒေါ်သဇင်အေးထွန်း(၉၈)	၀၉-၂၅၀၄၁၁၁၇၈	ဦးကျော်နိုင်ထွန်း(၉၈)	၀၉-၂၅၄၉၈၈၆၈၀
ဦးအောင်ကျော်မင်း(၉၈)	၀၉-၃၀၄၈၇၇၅	ဒေါ်ဇာဇာမျိုးမင်း(၉၈)	၀၉-၃၁၁၉၅၃၉၂
ဦးဇင်စိုးမိုးလွင်(၉၈)	၀၉-၂၅၄၉၈၈၆၈၀	ဦးမင်းလွင်သိန်း(၉၉)	၀၉-၈၃၀၁၈၄၈
ဦးအာကာဖြိုးမြင့်(၉၉)	၀၉-၂၅၄၃၇၈၄၃၀	Dr.သွယ်သွယ်စိုး(၉၉)	၀၉-၅၀၅၉၁၄၀
ဦးနိုင်ဝင်းအောင်(၉၉)	၀၉-၅၀၀၂၀၂၁	ဦးတင်ထူးအောင်(ခ)ဖိုးထူး(2000)	၀၉-၇၉၅၅၄၂၄၄၁
ဒေါ်လဲ့ကလျာဝင်း(စင်ကာပူ)(၉၉)		+၀၅၈၁၁၇၆၇၉၂	
ဦးအောင်မျိုးမင်း(2001)	၀၉-၄၂၀၀၉၅၂၁၄		
ဦးကိုကိုနိုင်(2001)	၀၉-၄၂၀၀၁၁၉၃၃	ဒေါ်မေသူစိုး(2006)	၀၉-၇၃၁၄၂၇၆၂
ဒေါ်ခင်ခင်ဆင့်(2004)	၀၉-၅၁၀၈၂၁၉	ဒေါ်ဝင့်ဝင့်ရွှေရည်လွင်(2008)	၀၉-၄၃၁၂၃၄၅၀
ဒေါ်နွယ်နွယ်အောင်(2007)	၀၉-၅၃၉၃၀၅၀	ဦးသူရမောင်(2008)	၀၉-၇၉၅၆၇၈၇၅၅
		The Cafe' & BBQ Chicken (ပြည်လမ်းစိန်ဂေဟာ)	

(ဆရာကန်တော့ပွဲအစီအစဉ်နှင့် ညစာစားပွဲကို တစ်ဆက်တည်း ကျင်းပပြုလုပ်ပါမည်။)

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ယန္တရနောင် အားလုံးကောင်းဖို့ အခုကောင်းမှ နောင်ကောင်းမည်ဟု ယုံကြည်ကြပါစို့

ယနေ့အားလုံးကောင်းဖို့ အဘက်ဘက် စွမ်းဆောင်နိုင်စွမ်းရှိသော မဟာစည်ဌာနချုပ်အစရှိသော မဟာစည်ဩဝါဒရိပ်သာအသီးသီး၌လည်းကောင်း၊ တခြားအသင်းအဖွဲ့အသီးသီး၌လည်းကောင်း၊ ဘက်စုံ ယန္တရနောင်ကောင်းဖို့ တည်ကြည်ခိုင်ခန့်ဖို့ မြန်မာ+ဗုဒ္ဓယဉ်ကျေးလိမ္မာသင်တန်းများကို စာသင်ကျောင်းပိတ်ရက် နွေရာသီ၌လည်းကောင်း၊ တနင်္ဂနွေရက်များ၌လည်းကောင်း၊ တစ်လတန်သည်၊ (၁၀)ရက်တန်သည် ကိုရင်ဝတ်+သီလရှင်ဝတ်+ယောဂီဝတ်ပြီး နေရာပေး၊အစာကျွေးကာ သင်တန်းများပေးလျက်ရှိရာ ရန်ကုန်မြို့၊ မြောက်ဥက္ကလာ၊ (ည)ရပ်ကွက်၊ သုနန္ဒာလမ်း၊ တောင်ပူဆရာတော်၏ ပြည့်စုံအေးမဟာစည်ရိပ်သာ၌လည်း အခမဲ့ပညာဒါန၊ ပါရမီကျောင်း၌လည်း (၃)ကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းများကို (၃)တန်းအရွယ်မှ တက္ကသိုလ်ဝင်တန်းစသော လူကြီးလူငယ်မရွေး မတ်လ(၉)ရက်မှ (၅)ရက်တိုတိုင်သင်တန်းကို မြောက်ဥက္ကလာမြို့နယ် ကျောင်းသားများအား နံနက် ၇ နာရီအရောက်၊ ညနေ ၄ နာရီ မော်တော်ယာဉ်ကြိုပို့ဖြင့်လည်းကောင်း၊ အဝေးမှကလေးများအား ညအိပ်ပါ လက်ခံအစာကျွေး သင်တန်းပေးမည်ဖြစ်ရာ မိဘအုပ်ထိန်းသူများဖြင့် သင်တန်းမစမီ(၅)ရက် ကြိုတင်လာရောက်အပ်နှံနိုင်ပါ ကြောင်း နိုးဆော်ဖိတ်ကြားအပ်ပါသည်။

မှတ်ချက် - ကျူရှင်ကျောင်းဆရာမများတို့ကလေးသူငယ်များ ယခုအခါတွင် မြန်မာဗုဒ္ဓယဉ်ကျေးမှုများ အားနည်းနေပြီဖြစ်ပါ၍ သက်ြန်ကျော်မှ ဖွင့်လှစ်ပေးကြပါရန် အထူးမေတ္တာရပ်ခံပါသည်။

ပြည့်စုံအေးမဟာစည်ရိပ်သာ၊ သုနန္ဒာလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာ
ဖုန်း-၀၉-၅၃၅၁၄၂၉၊ ၀၉-၂၅၄၂၁၁၄၈၂၊ ၀၉-၉၇၅၇၈၀၉၀၆



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ဝေဘာဂီ၊ မြေကွက်အမှတ်(၁၅)၊ မြေကွက်တည်နေရာအမှတ်(၁၅)၊ စိန်ပန်းလမ်း၊ ဒေါ်ကြည်သန်း[၁၂/ဥကမ(နိုင်)၀၃၇၆၂၇]၊ ဦးမင်းဇော်[၁၂/ဥကမ(နိုင်)၀၀၀၅၆၀]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူဇနီး ဒေါ်ကြည်သန်း[၁၂/ဥကမ(နိုင်)၀၃၇၆၂၇]၊ ဦးမင်းဇော်[၁၂/ဥကမ(နိုင်)၀၀၀၅၆၀] အမည်ပေါက် နှစ်(၆၀)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူဇနီး ဒေါ်ကြည်သန်းကွယ်လွန်သဖြင့် ဦးထွန်းတင်[၁၂/ဥကမ(နိုင်)၀၃၉၉၉၃]က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာသေစာရင်း တင်ပြ၍ ဒေါ်ကြည်သန်းပိုင်ဆိုင်ခွင့်အစုအတွက် ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၅၈၃/၁၄)ဖြင့်လည်းကောင်း၊ ကျန်ပူးတွဲအမည် ပေါက် ဦးမင်းဇော်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၇၀၆/၁၄)ဖြင့်လည်းကောင်းရရှိသူ ဒေါ်စိုးစိုးအေး[၁၂/လသန(နိုင်)၀၁၄၉၆၀]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နွေစပါးစိုက်ပျိုးထားရှိမှုမြေပြင်အခြေအနေကွင်းဆင်းကြည့်ရှု

ရေစကြို၊ ဖေဖော်ဝါရီ ၆

ရေစကြိုမြို့နယ်အတွင်းမှ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အကြားရှိ ကျွန်းပိုင်းဒေသများမှ တောင်သူကြီးများသည် မြစ်ရေပြန်အကျကာလများတွင် မြေကိုတန်ဖိုးရှိစွာ တစ်ထွာတစ်မိုက်မချန် ကြိုးစား၍ စိုက်ပျိုးထားရှိသော ဆောင်းသီးနှံအမျိုးမျိုးနှင့် နွေစပါးများ စိုက်ပျိုးထားရှိမှု မြေပြင်အခြေအနေ သီးနှံပုံစံစိုက်ကေများကိုကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အချိန်အခါမဟုတ်ရွာသွန်းသောမိုးကြောင့် ပိုးမွှားနှင့်အပင်ရောဂါကျရောက်မှုရှိ-မရှိအခြေအနေမှန်သိရှိနိုင်ရန်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိ ဦးစိန်မောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် ဆင်ခြေယာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ရွှင်နှင့်အတူ မြေစွန်း တော်ကွင်း၊ မာလကာခြံကွင်း၊ ဆင်မြေယာကွင်းများသို့ သွားရောက်ကြည့်ရှုကြပြီး တောင်သူများနှင့် တွေ့ဆုံခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒေသခံတောင်သူဦးတင်မန်းက စိုက်ပျိုးစရိတ် ချေးငွေများလည်းရရှိကြောင်း ဒေသခံများမှလည်းကြိုးစားစိုက်ပျိုးကြကြောင်း၊ သီးနှံပျက်စီးမှုမရှိသော်လည်း ဒေသတစ်ခုလုံးကြက်သွန်နီအရှုံးနှင့်ကြုံရကြောင်းတင်ပြခဲ့သည်။

ယင်းနောက် ဦးစီးအရာရှိ ဦးစိန်မောင်က ယခုကဲ့သို့ မြေပြင်ပကတိအခြေအနေကို ကွင်းဆင်းကြည့်ရှုရခြင်းမှာ တောင်သူကြီးများ တွေ့ကြုံနေရသည့် အခက်အခဲများရှိပါက ဖြေရှင်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ တောင်သူကြီးများအနေဖြင့် မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ နေကြာ၊ စပါးမျိုးများလိုအပ်ပါက မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးနေကြောင်း၊ နည်းပညာများကိုလည်း ကွင်းထဲအရောက် လက်တွေ့ပြသပေးနေကြောင်းနှင့် တောင်သူကြီးများအနေဖြင့် ဒေသရာသီဥတု မြေ၊ ရေနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးပါက ရရှိလာမည့်အကျိုးအမြတ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ **ဖေထွဏ်းဇော်(ရေစကြို)**

မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

ဘားအံ၊ ဖေဖော်ဝါရီ ၆

ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် ကလေးများဖွံ့ဖြိုးမှုအရေးပါပုံကို မိဘများသိရှိလိုက်နာရန် ရည်ရွယ်ချက်များဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖေဖော်ဝါရီ ၄ ရက်တွင် ရပ်ကွက်သုံးခုရှိ မိဘ ၂၂၀ ဦးအား အသိပညာပေးဆွေးနွေးဟောပြောပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆွေးနွေးဟောပြောပွဲပြုလုပ်ရာ အမှတ်(၉)ရပ်ကွက်မှ မိဘ ၇၀ ကိုလည်းကောင်း၊ အမှတ်(၁) ရပ်ကွက်မှ မိဘ ၁၀၀ ကိုလည်းကောင်း၊ အမှတ်(၆)ရပ်ကွက်မှ မိဘ ၅၀ ကိုလည်းကောင်း၊ ကလေးများအတွက် မိဘများ၏ကဏ္ဍ အရေးကြီးပုံ၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့ကို ဆွေးနွေးပေးခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန သာကေတမူလတန်းကြိုကျောင်းမှ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ - သာကေတ(မူကြို)

လမ်းမကျေးရွာစာကြည့်တိုက်သို့ ရုပ်မြင်သံကြားဖမ်းစက် လှူဒါန်း

ဇီးကုန်း၊ ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် လမ်းမကျေးရွာစာကြည့်တိုက်သို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာဗဟုသုတရရှိစေရေးအတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် စာအုပ်စာစောင်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရုပ်မြင်သံကြားဖမ်းစက်နှင့် စာအုပ်စာစောင်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ခင်သန်းငွေး မိသားစုမှလှူဒါန်းခဲ့သည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလည်း စာအုပ်စာစောင်များအား ထပ်မံလှူဒါန်းခဲ့ရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင် ဦးမြင့်အောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **သိန်းတိုး(ဇီးကုန်း)**

jrpfa&mifu;&GDESifqmifG

ကျိုက်မရော ဖေဖော်ဝါရီ ၆

ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်လျက်ရှိသော ကျိုက်မရောမြို့နယ်ကော့ပြည့်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို မော်လမြိုင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒု-ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့ ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ငွေစာရင်းထိန်းသိမ်းရေးဆောင်ရွက်နေမှုများနှင့် နည်းပညာပိုင်းဆိုင်ရာလိုအပ် ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကော့ပြည့်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူငါးဦးနှင့်ပုံကျဈေးရောင်းသူလေးဦးရှိကြောင်းသိရသည်။

(ကျေးလက်ဦးစီး)

စာအုပ်စာပေ လူ့မိတ်ဆွေ

NY ဆိုင်ခွဲသစ်ဖွင့်လှစ်ခြင်း
NY EXPORT FASHION ... (လှည်းတန်း Center ...
NY I ... Ph : 09 73150300
NY II ... Ph : 09 73146300
NY III ... Center ... Ph : 09 73192300

Golden View Myanmar Travels & Tours
Call-Ph:09450011107, 09795739610

S-Pass
EDUMAP
Immigration Pass
EDUMAP LANGUAGE CENTRE

12.5' x 50'

လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးသော သီးနှံများ ဘုတလင်မြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မုံရွာ ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်သည် အပူပိုင်းဒေသအတွင်းကျရောက်ပြီး နှစ်စဉ်မိုးရွာသွန်းမှုနည်းပါးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆည်ရေသောက်၊ ချောင်းပိတ်၊ မြောင်းပိတ်စနစ် လျှပ်စစ်မြစ်ရေတင်စနစ်များဖြင့် စိုက်ပျိုးလျက်ရှိရာ မြို့နယ်အတွင်း စိုက်ပျိုးမြေဧက ၄၀၀၀၀ကို စိုက်ပျိုးရေအထောက်အကူဖြစ်စေသည့် ရေဘုတလင်လျှပ်စစ်မြစ်ရေတင်ဖြင့် စနစ်ဖြင့်စိုက်ပျိုးသော စပါး၊ ပဲတီးစိမ်း၊ ကုလားပဲ၊ နေကြာ၊ ဂျုံ၊ နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြစ်ရေတင်စနစ်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ကုလားပဲခင်းအား တွေ့ရစဉ်။

ရေဘုတလင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေရရှိမှုနှင့်ပတ်သက်ပြီး " ကျွန်တော်တို့ ဒေသက မြေတွေက သဲဆန်တဲ့မြေတွေပါ။ မြစ်ရေတင်က စိုက်ပျိုးရေတွေစလုပ်စဉ်က ရေသွင်းလိုက်၊ ကုန်သွားလိုက်နဲ့ သိပ်ပြီးစိုက်ရတာ အဆင်မပြေဘူး။ သုံးနှစ်လောက် မြစ်ရေနဲ့ စိုက်ပျိုးတော့နုန်းတွေပါလာတော့ တဖြည်းဖြည်းနဲ့ မြေကပြောင်းလာပြီး စိုက်ရတာ အဆင်ပြေလာတယ်။ အခုဆို ကျွန်တော်တို့ဒေသမှာ မိုးကိုမျှော်စရာမလိုတော့ဘူး။ တစ်နှစ်ကို သုံးသီးစိုက်နိုင်နေပြီ။ လျှပ်စစ်မြစ်ရေတင်စီမံကိန်းက နှစ်နှစ်လောက်ရှိပြီး လျှပ်စစ်မီးမပြတ်တော့ နေ့တိုင်း ရေလွှတ်ပေးနေတာ။ စိုက်ခင်းတွေမှာ ရေလိုရင် မြောင်းတွေနဲ့နီးတဲ့ဆီက ရေကိုအလွယ်တကူရရှိပြီး မြောင်းအရင်းပိုင်းက စိုက်ခင်းတွေကတော့ ရေစုပ်စက်တွေနဲ့ စုပ်ပြီး လိုသလောက် ရေယူနိုင်တယ်။ အရင်ကရေမရလို့ မစိုက်နိုင်တဲ့ မြေကွက်တွေတောင် ရေအလွယ်တကူရတော့ စိုက်နိုင်နေပြီ။" နိုင်ငံခြားဈေးကွက်ဝင် သီးနှံတွေတောင် စိုက်နေကြပြီ"ဟုခိုးချောင်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ရေဘုတလင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ပင်မရေမြောင်းမှတဆင့် မြောက်တော၊ တောင်ကုန်း၊ မောင်းထောင်၊ စည်ပါ၊ ဆည်ဝ၊ လွှတဲကျေးရွာအုပ်စုများသို့ မြောင်း(၁)ဖြင့်လည်းကောင်း၊ ခိုးချောင်း၊ ညောင်ကန်၊ သီးပင်အိုင်၊ ယုန်လေးကုန်းကျေးရွာအုပ်စုများသို့ မြောင်းခွဲ(၂)ဖြင့်လည်းကောင်း စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည့်အပြင် ပဲပြစ်တော၊ သပြေပင်၊ ထန်းတန်းနှင့် တက်လှိုင်းကျေးရွာအုပ်စုများသို့ စိုက်ပျိုးရေရရှိရေးတိုးချဲ့တူးမြောင်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းနှင့် အဆိုပါကျေးရွာအုပ်စုများတွင် လယ်ဧက ၄၀၀၀နှင့် ပဲတီစိမ်း၊ ကုလားပဲ နေကြာ၊ ဂျုံ၊ နှမ်းသီးနှံဧက ၃၆၀၀၀ ကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မိုးချမ်း(မုံရွာ)

ဗိုလ်ချုပ်မွေးနေ့နှင့် ကလေးများနေ့အကြို ကလေးငယ်များအား လေ့လာရေးခရီးပို့ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် ၁၀၀ ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ နန်းထိုက်ရတနာမူကြိုကျောင်းမှ ကလေးငယ် ၇၀ နှင့်အတူ ပုဂ္ဂလိက ကျောင်းဖြစ်သည့် ILBC နှင့် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုမှ ရင်သွေးငယ်များ ပူးပေါင်းသော ၎င်းကလေးငယ်များအား ပြင်ပဗဟုသုတများ ရရှိစေရန် ရည်ရွယ်ပြီး ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ၎င်းကျောင်းများမှ ကျောင်းအုပ်နှင့် ဆရာမများ၊ မိဘဆရာအသင်းတို့က ကြီးကြပ်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် ရတနာဆင်ဖြူတော်များသို့ ဘုရားဖူးနှင့် ပြင်ပလေ့လာရေးခရီး ပို့ဆောင်ခဲ့သည်။

နန်းထိုက်ရတနာမူမှ ကျောင်းအုပ်ဆရာမကြီးဒေါ်သိမ့်သိမ့်ထွေးက ကလေးငယ်များ၏ စိတ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအပေါ် ချစ်မြတ်နိုးစိတ်၊ အနစ်နာခံစိတ်၊ အမြော်အမြင်ကြီးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ ကိန်းအောင်းစေရေးအတွက် ဗိုလ်ချုပ်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့တို့ ပေါင်းစပ်ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ကျင်းပသကဲ့သို့ ကမ္ဘာအရပ်ရပ်တွင် နိုင်ငံတိုင်းက အမှတ်တရဖြစ်သည့် နေ့ထူး နေ့မြတ်ကို ကလေးများနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

သန်းနိုင်(ဇမ္ဗူသီရိ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စစ်ကိုင်းသမဝါယမတက္ကသိုလ်တွင် တပို့တွဲလ မြန်မာ့ရိုးရာထမနဲ ထိုးပြိုင်ပွဲ ကျင်းပ

စစ်ကိုင်း၊ ဖေဖော်ဝါရီ ၆

တပို့တွဲလ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စစ်ကိုင်းမြို့ သမဝါယမတက္ကသိုလ်တွင် ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ ကျောင်းသား ကျောင်းသူများ အကြိတ်အနယ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနေ့ နံနက်ပိုင်းတွင် သမဝါယတက္ကသိုလ် ပထမနှစ်သင်တန်းမှ ပြိုင်ပွဲဝင်အသင်းခုနစ်သင်းနှင့် တတိယနှစ်သင်တန်းမှ လေးသင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး ညနေပိုင်းတွင် ဒုတိယနှစ်သင်တန်းမှ ပြိုင်ပွဲဝင်အသင်းခြောက်သင်းနှင့် စတုတ္ထနှစ်သင်တန်းမှ အသင်းသုံးသင်းတို့ ဆက်လက်ယှဉ်ပြိုင်ခဲ့ကြရာ မမမောင်အသင်းနှင့် ကောင်းသန့်မွှေးအသင်းတို့ ပထမရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသူ၊ ကျောင်းသားများအား ဒုတိယပါမောက္ခချုပ်(စီမံ) ဦးအောင်ခိုင်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါက်တာဒေါ်ရီအေးနှင့် မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာမောင်မောင်ခင်တို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

နန္ဒာမင်းလွင်

အချိန်ပိုင်း Guide
ဆရာမ
အလိုရှိသည်
ဖုန်း-၀၉-၅၁၆၇၇၅၈

သင်တန်းသားများခေါ်ယူခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ Myanmar International Cooperation Agency (MICA) အစီအစဉ်ဖြင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် Whole Sale Market များတွင် အရောင်းစာရေးဝန်ထမ်းများ၊ ပြုပြင်ထုပ်ပိုးမွမ်းမံခြင်းလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ အရည်အချင်း၊ အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်-

(က) သင်တန်းသားဦးရေ ကျား (၂၀)ဦး၊ မ (၁၈၀)ဦး
(ခ) အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) တင်ပြရမည်။
(ဂ) အနည်းဆုံး ပညာအရည်အချင်း (၈)တန်းအောင်မြင်သူဖြစ်ရမည်။
(ဃ) ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(စ) လျှောက်ထားတင်ပြလာသော အိမ်ထောင်စုစာရင်းနှင့် ရပ်ကွက်အတွင်း နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်ထောက်ခံချက် ပါရှိရမည်။
(ဆ) ကူးစက်ရောဂါကင်းရှင်းကြောင်း ကျန်းမာရေးဌာန၏ ထောက်ခံချက်ပါရှိရမည်။
(ဇ) နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။(နေ့ဆိုင်း/ညဆိုင်း)
(ဈ) ၂×၁ လက်မအရွယ် ဓာတ်ပုံ(၃)ပုံ(ဓာတ်ပုံကျောဘက်တွင် အမည်ရေးထားရန်)

လျှောက်လွှာများကို ၂၈-၂-၂၀၁၅ရက် နောက်ဆုံးထားပြီး ညွှန်ကြားရေးမှူး (စီမံ)၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

သင်တန်းသားခေါ်ယူခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ Myanmar International Cooperation Agency (MICA) အစီအစဉ်ဖြင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ငါးဖမ်းရေယာဉ်များပေါ်တွင် လိုက်ပါတာဝန်ထမ်းဆောင်နိုင်ရေးအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါအရည်အချင်း၊ အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်-

(က) အမျိုးသားသင်တန်းသားဦးရေ (၂၀၀)ဦး ခေါ်ယူပါမည်။
(ခ) အသက်(၁၈)နှစ်ပြည့်ပြီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) တင်ပြရမည်။
(ဂ) ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ ရေကူးတတ်ရမည်။
(င) လျှောက်ထားတင်ပြလာသော အိမ်ထောင်စုစာရင်းနှင့် ရပ်ကွက်အတွင်း နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်ထောက်ခံချက် ပါရှိရမည်။
(စ) ပြစ်မှုကင်းရှင်းကြောင်း မိမိနေထိုင်ရာနယ်မြေရဲစခန်းမှ ထောက်ခံချက် ပါရှိရမည်။
(ဆ) ကူးစက်ရောဂါကင်းရှင်းကြောင်း ကျန်းမာရေးဌာန၏ ထောက်ခံချက်ပါရှိရမည်။
(ဇ) နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဈ) ၂×၁ လက်မအရွယ် ဓာတ်ပုံ (၃)ပုံ(ဓာတ်ပုံကျောဘက်တွင် အမည်ရေးထားရန်)

လျှောက်လွှာများကို ၂၈-၂-၂၀၁၅ရက် နောက်ဆုံးထားပြီး ညွှန်ကြားရေးမှူး (စီမံ)၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်	၉-၂-၂၀၁၅ရက်
၃။ တင်ဒါပိတ်မည့်ရက်	၁၁-၂-၂၀၁၅ရက်
၄။ တင်ဒါပိတ်မည့်အချိန်	၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြောက်ဒဂုံ-၃၂တိုးချဲ့၊ တော်ဝင်လမ်းသွယ်(၁)လမ်း၊ ပေ(၄၀x၆၀) နောက်မြေပို ပေ ၃၀ပါ၊ ဆိတ်ငြိမ်ရပ်ကွက်၊ သိန်း(၂၂၀၀)

ဖုန်း- ၀၉-၇၉၉၈၇၂၅၀၀

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တာမွေမြို့နယ်၊ ဩဘာလမ်း အလယ် မြေညီထပ်၊ ပေ(၁၅x၆၀) ရှာထိုး အခန်းနှစ်ခန်း ပြင်ဆင် ပြီး။ သိန်း(၁၂၅၀)

ဖုန်း- ၀၉-၂၅၄၈၆၉၉၈၇

ပုလဲသွယ်စပ်မျိုးစပါး GAP စနစ်ဖြင့် ပေါက်မြို့နယ်တွင် ပျိုးထောင်

ပေါက် ဖေဖော်ဝါရီ ၆

ပေါက်မြို့နယ် သမားတော်ကျေးရွာအုပ်စု ရေပြောကျေးရွာ လျှပ်စစ်မြစ်ရေတင် စိုက်ကွင်း ၁၇၀ ဧရိယာအတွင်း သိပ္ပံနည်းကျ GAP စနစ်ဖြင့် နွေစပါး ပုလဲသွယ်စပ်မျိုးစပါး စုပေါင်းပျိုးထောင်ခြင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ကွင်းအမှတ် (၁၅၅၂) တောင်သူဦးဖြူဥ စိုက်ခင်းအတွင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

၎င်း GAP စနစ်မျိုးစေ့ချပျိုးထောင်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဆွေနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ၊ GAP စနစ်ဖြင့် စပါးမျိုးစေ့ချပျိုးထောင်ခြင်းကို လက်တွေ့သရုပ်ပြသကြရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြသည်။

စုပေါင်းမျိုးစေ့ချပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဆွေက စပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်နှင့်အညီ စိုက်ပျိုးရေးပညာပေးဆွေးနွေးခြင်း၊ အထွက်နှုန်းမိတ်ဖက်ဆိုင်ရာများနှင့်အားနည်းချက်၊ အားသာချက်များကို ဒေသခံတောင်သူများနှင့်ဆွေးနွေးခဲ့ကြောင်းသိရသည်။

ညဏ်တိုး(ပေါက်)

စိုက်ကေပြည့်မီစေရန် ရေပေးဝေရေးကို စက်ယန္တရားများဖြင့် ဆောင်ရွက်

နတ်တလင်း ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံမှ ၂၀၁၄- ၂၀၁၅ဘဏ္ဍာနှစ် မြို့နယ်နွေစပါး ၅၁၉၇ဧက စိုက်ပျိုးရန်လျာထားသတ်မှတ်ပြီး ဇီးကုန်းမြို့နယ်တွင် ၅၈၂ဧက စုစုပေါင်း၅၇၇၉ ဧကကိုလျာထားသတ်မှတ်ချက်အတိုင်း အောင်မြင်ဖြစ်ထွန်းရေးအတွက် အချိန်မီရေပေးဝေနိုင်ရန် မြို့နယ်ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားများဖြင့် ဆောင်လျက်ရှိကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရန် တောင်ညိုတူးမြောင်းမကြီးအား စက်ယန္တရားများဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် လုပ်ကိုင်ပေးလျက်ရှိသည်။ ယခုနှစ်နွေစပါးစိုက်ပျိုးမှုအတွက် အောင်ရေရရှိရေးကိုအခက်အခဲမရှိပေးဝေနိုင်ရန် ဦးစပ်ခွန်ဦး(မြို့ပြ)ကဦးဆောင်ပြီး မြို့နယ် ဆည်မြောင်းဦးစီးဌာနရှိ ဝန်ထမ်းများစုပေါင်း၍ တောင်ညိုတမံမှ နတ်တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်အတွင်းရှိ နွေစပါးချောင်းပိတ်တမံများဖြစ်သည့် ချောင်းဇောက် (ကြိုးဝိုင်း)တမံ၊ ချောင်းဇောက်တမံ၊ ဦးညွှက်လှတမံ၊ ဝက်စားပိုးတမံ၊ဘုန်းကြီးတမံ၊ ငွေးပင်ခုံတမံ၊ ရွှေကြို့ပင်(မောရ)တမံများသို့ လိုအပ်သော ရေများကို ဖြည့်တင်းပေးလျက်ရှိသည်။ ယခုအခါတွင် နွေစပါး ၁၆၉၆ဧကကို ပျိုးထောင်ပြီး လျာထားသတ်မှတ်ဧကများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရေပေးဝေရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(၀၇၁)

မြင်းခြံတွင် ကျောက်ချောလမ်းသစ်ဖွင့်

တောင်သာ ဖေဖော်ဝါရီ ၆

မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တင်ဒါလုပ်ငန်းဖြစ်သည့် ရန်ကင်းသာစည်နှင့် တောင်သာ-နွားထိုးကြီးလမ်းဆက်သွယ်သော ကျောက်ချောလမ်းသစ်ကို ဖေဖော်ဝါရီ ၃ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့သည်။

ရန်ကင်းသာစည်နှင့် တောင်သာ-နွားထိုးကြီးလမ်း ဆက်သွယ်သော ကျောက်ချောလမ်းမှာ အရှည်တစ်မိုင်ရှိပြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်သောလမ်းဖြစ်၍ ခွင့်ပြုရန်ပုံငွေ ၃၅ ဒသမ ၆၉၉ သန်းဖြစ်သည်။

အိမ်ခြေ ၅၁၀ နှင့် လူဦးရေ ၂၃၇၅ ဦးအတွက် အကျိုးပြုမည်ဖြစ်ပြီး ယင်းလမ်းဆောင်ရွက်ပေးခဲ့ခြင်းဖြင့် ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပုဗ္ဗသီရိမြို့နယ်တွင် စတုတ္ထအကြိမ်မြောက် ရိုးရာထမနဲထိုးပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် စတုတ္ထအကြိမ်မြောက် ရိုးရာထမနဲထိုးပွဲနှင့် ဆုရအသင်းများအား ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၃ နာရီက မင်္ဂလာဒီပရပ်ကွက် ဓမ္မာရုံအနီး၌ ကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးစသည့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသောအသင်းများအား နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

ကိုကိုရှုပ (နေပြည်တော်)

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
၂၀၁၄ခုနှစ် သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားခြင်း

ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ ကိုးထပ်ကြီး ဘုရားအနီး မူလဥယျာဉ်တိုက်၊ သုခုမကျောင်းတွင် ၁-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် အသင်းဝင်တိုင်းနှင့် ပေါင်းတည်မြို့နယ်သူ၊ နယ်သားများ တက်ရောက် ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ။)
ပညာရည်ချွန်ဆုလျှောက်လွှာများ ၁၅-၂-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့ပါရန်။

အမှုဆောင်အဖွဲ့
ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

(Aircon Express)
Ph: 09-253188625,09-252450933

ရေကြောင်းရဲတပ်ဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်	၉-၂-၂၀၁၅ရက်
၃။	တင်ဒါပုံစံအရောင်းပိတ်မည့်ရက်	၁၆-၂-၂၀၁၅ရက်
၄။	ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက်	၁၈-၂-၂၀၁၅ရက်(၁၆း၀၀)နာရီ
၅။	တင်ဒါဖွင့်မည့်ရက်/အချိန်	၂၀-၂-၂၀၁၅ရက်(၁၀း၀၀)နာရီ

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး (နေပြည်တော်)၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၁၅၇၄၊ ၀၉-၅၁၂၂၁၉၃၊ ၀၉-၄၂၂၄၄၆၀၂၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ရေကြောင်းရဲတပ်ဖွဲ့

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မဒရမ်ဘီဘီ (ဘ) ဦးမူဆာဂိုလန်အာရမ်(ဖ်) [၁၂/ဗဟန(နိုင်)၀၈၀၅၈၈]က ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်-၂၇၁/၂၇၃နေ (၁)ဒေါ်ကြည်ကြည်ဝင်း(ခ)အနီဆာ(ဘ)ဦးဝိုင်အီးအီစွတ်[၁၂/ကတတ(နိုင်)၀၂၅၇၄၉]နှင့် (၂)ဦးသိန်းအောင် (ဘ)ဦးလှမြင့်[၁၂/ကတတ(နိုင်)၀၂၄၅၅၆]တို့အား လွှဲအပ် ထားသည့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၉-၅-၂၀၁၃ရက်စွဲပါ အထွေထွေကိုယ်စား လှယ်လွှဲစာနံပါတ်- ၇၃၅၉ကို ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ ရုပ်သိမ်းပြီးဖြစ်သဖြင့် ပျက်ပြယ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်လတ်
(LL.B)(စဥ်-၄၉၂၉)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၅၅)၊ အခန်း (၅)၊ ဒုတိယထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

ခရိုင်ဆင့်အနည်းဆုံးလုပ်ခလစာ သတ်မှတ်ရေး ဆွေးနွေးပွဲကျင်းပ

ရွှေဘို ဖေဖော်ဝါရီ ၆

ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ခရိုင်အဆင့် အနည်းဆုံးလုပ်ခလစာသတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဌေးဌေးမြင့်က ခရိုင်အဆင့်အနည်းဆုံး လုပ်ခလစာသတ်မှတ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များမှ ဆွေးနွေးတင်ပြချက်များအပေါ် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

စိုးသီဟ(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကြက်မွေးမြူရေးလုပ်ငန်းရှင်များသို့ ချေးငွေပေးအပ်

ကျွန်းလှ ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ကြက်မွေးမြူရေးလုပ်ငန်းရှင်များအားချေးငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ ရက်က စုပေါင်းရုံး ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်၊ ဦးမျိုးမြင့်ထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာညွန့်သောင်းက ချေးငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး ဥစားကြက် ၁၉ ခြံ၊ အသားစားကြက် ငါးခြံတို့အား ငွေကျပ်သိန်း ၅၀၀ ထုတ်ချေးပေးခဲ့သည်။

"ကျွန်တော်တို့ကြက်မွေးမြူသူတွေက မိမိမှာရှိတဲ့ အရင်းအနှီးနဲ့မွေးမြူထားကြတာပါ။ ချေးငွေထုတ်ပေးတော့လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ပြီး သားငါးကဏ္ဍထုတ်လုပ်မှုလည်း တွင်ကျယ်လာမှာပါ" ဟု ကြက်မွေးသူတစ်ဦးကပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ဆင်းပွဲအခမ်းအနား ရွှေဘိုမြို့တွင်ပြုလုပ်

ရွှေဘို ဖေဖော်ဝါရီ ၆

ရွှေဘိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဆင်းပွဲအခမ်းအနားအား ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်က အမှာစကားပြောကြားရာတွင် သင်တန်းမှပို့ချမှုများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာအသုံးချကြရန်နှင့် ကျေးရွာစာကြည့်တိုက်များအောင်မြင်ရေးအတွက် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ယင်းနောက် ပန်းတောင်းကျေးရွာစာကြည့်တိုက်မှူး၊ ရေကြည်ဝကျေးရွာစာကြည့်တိုက်မှူးနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **စိုးသီဟ(ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားစက်တစ်လုံး လှူဒါန်း

မလှိုင် ဖေဖော်ဝါရီ ၆

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးတက်စေရန်နှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်စေရန် မလှိုင်မြို့နယ်၊ ပန်းအိုင်ကျေးရွာ ရတနာစာကြည့်တိုက်သို့ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

'ကျွန်တော်တို့က စာကြည့်တိုက်တကယ်ဌားရမ်းလည်ပတ်နေတာရယ်၊ စာကြည့်တိုက်မှာ စာမဖတ်ဖြစ်ပေမဲ့ တီဗီလေးကြည့်ဖြစ်တယ်ဆိုရင်ပဲ အနည်းနဲ့အများ အကျိုးရှိသွားစေချင်တာပါ။ အဓိကကတော့ စာကြည့်တိုက်ကို လူလာစေချင်တဲ့ရည်ရွယ်ချက်နဲ့ လှူဖြစ်တာပါ။ လူတိုင်း စာဖတ်စေချင်တာအဓိကပါ' ဟု အလှူရှင်ကိုအေးချစ်က ပြောသည်။

အဆိုပါ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်ကို ရမည်းသင်းမြို့နေ ကိုအေးချစ်-မသီတာအောင် မိသားစုတို့က လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ ပန်းအိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးနှင့် စာကြည့်တိုက်မှူး ဦးမြင့်တင်တို့က လက်ခံရယူပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က ကျေးဇူးတင်စကားပြောကြားကာ ကျေးရွာစာကြည့်တိုက်အတွက် DVB T2 Set- Top Box တစ်လုံး ပေးအပ်ခဲ့သည်။ **အောင်ဌေး(မလှိုင်)**

ရာဇဝတီတိုင်းဒေသကြီး ကျုံပျော်တွင် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ကျုံပျော် ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့လှူဒါန်းရာတွင် ကျေးလက်ဦးစီးဌာန ဦးစန်းယုလှိုင်က စာအုပ်စာစောင် စုစုပေါင်း ၅၂၃ စောင်ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်မိုးမြင့်ထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး အဆိုပါစာအုပ်စာစောင်များကို မြို့နယ်အတွင်းရှိ စာကြည့်တိုက် ၁၁ တိုက်သို့ ခွဲဝေပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျေးရွာစာကြည့်တိုက်များ ဆက်လက်ဖြစ်ပေါ်လာရေးနှင့် ဖွင့်လှစ်ပြီးစာကြည့်တိုက်များကို ရေရှည်ရှင်သန်ခိုင်မာရေးတို့အတွက် စည်းရုံးဆောင်ရွက်လျက်ရှိပြီး နယ်လှည့်စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ကျေးရွာများသို့ကွင်းဆင်း၍ လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



S&P (Korean Language Center) Your Best Selection
EPS-Topik
Enroll Now!!!
နောက်ဆုံးတန်းခွဲသစ်
လိပ်စာပြောင်း ➡ အခန်းအမှတ်(၁၀၂)၊ရတနာမြိုင်အိမ်ရာ၊ရန်ကုန်-အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ကမာရွတ်မြို့နယ်။
Tel : 09-430-82903 / 09-732-11465

ဝန်ထမ်းအလိုရှိသည်။
၁။ Admin Manager
၂။ Operation Manager
၄။ Batching Plant Manager
၅။ Site Engineer

မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း
လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

"ဂုဏ်ထူးဆောင်ပါရဂူဘွဲ့" Doctor of Letters (Honoris Causa) ကို ...

ဆရာကြီးဒေါက်တာသန်းဦး
နှင့်
ဆရာကြီးဒေါက်တာတင်ညို

တို့အား လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုပါသည်။

အမှုဆောင်အဖွဲ့

ပျောက်ဆုံးကြောင်း
ဦးကျော်ဇေယျ[၁၂/သလန(နိုင်)၀၈၂၈၁၁]ကိုင်ဆောင်သော သဘော်သား လက်မှတ်အမျိုးအစား BST.27457/12သည် ပျောက်ဆုံးသွားပါသည်။
ဖုန်း-၀၉-၇၉၉၄၆၀၃၀၆

ဖခင်အမည်မှန်
အထက(၄)အလုံ၊ အဋ္ဌမတန်း(E)တွင် ပညာသင်ကြားနေသော မသိင်္ဂီစုစုထွေး၏ ဖခင်အမည်မှန်မှာ ဦးသန်းစိုးနောင် ဖြစ်ပါကြောင်း။
ဦးသန်းစိုးနောင်[၁၂/မဂဒ(နိုင်)၀၉၈၂၉၆]

လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ရှိကြောင်း

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(MHA)အနေဖြင့် ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက်မှ ၂၉ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်သော အာဆီယံခရီးသွားဖိုရမ် ၂၀၁၅(ATF-2015)တွင် တစ်တပ်တစ်အား ပါဝင်ပြသခဲ့ပါသည်။

အာဆီယံခရီးသွားဖိုရမ် ၂၀၁၅(ATF-2015)အား ဖွင့်လှစ်ပေးခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လည်းကောင်း၊ MHA ပြခန်းသို့ လာရောက်ကြည့်ရှုချီးမြှင့်ပေးပါသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့်တကွ ပြည်ထောင်စု အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်/ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးရန်ဝင်းနှင့်တကွ ဗဟိုအလုပ်အမှုဆောင်များ၊ ဟိုတယ်ဇုန်အသီးသီးမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များအားလည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

MHAပြခန်းကို စည်ကားခမ်းနားစွာ ပြသနိုင်အောင် ပံ့ပိုးကူညီပေးခဲ့ကြပါသော ဟိုတယ်ဇုန် ၁၅ဇုန်မှ ဟိုတယ်လုပ်ငန်းရှင်များအား လည်းကောင်း၊ ပြခန်းပြင်ဆင်နေချိန်အတွင်း လိုအပ်သည်များကို ဖြည့်ဆည်းကူညီပေးပါသော ရန်ကုန်ဇုန်နှင့်နေပြည်တော်ဇုန်တို့အား လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုများကို လာရောက်ဖော်ထုတ်ပြသပေးပါသော ရှမ်းပြည်တောင်ပိုင်းဇုန်နှင့် တိုးနယားအဖွဲ့၊ ကယားဇုန်နှင့် ကယန်းအဖွဲ့၊ ပုဂံဇုန်နှင့်ယွန်းထိုးအဖွဲ့၊ ရခိုင်ဇုန်နှင့် ဆင်အကအဖွဲ့အသီးသီးတို့အားလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ပြခန်းဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံး ကိုလည်း ကျေးဇူးအထူးတင်ရှိအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

Summer Special Programs
From March 5 to April 30
❖ Four skills English
❖ Computing
❖ Conceptual Maths
❖ Art & Music
❖ Sport & IQ Games

သင့်ရင်သွေးလေးတို့ . . . ဘဝအာဂတ်ဘဝ လှပဖို့ . . . ပညာရေးမှာ ရင်းနှီးစို့။
မှတ်ပုံတင်အမှတ် - ကက ၁၃ / ၁၃ / ၁၂၈
ROYAL
ရန်ကုန်
YRS "တော်ဝင်ကျောင်း"
Yangon Royal School
အဆင့်မြင့်ဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း
မေ(၇)ဖွင့်မည်
Academic Year 2015-2016 ကျောင်းအပ်လက်ခံနေပါပြီ။

အထက်တန်းသင်ကြားမည့် ဆရာဆရာမများ
မြန်မာစာ	ဂုဏ်ထူးဦးသိန်းနိုင်
	ဆရာမကြီးဒေါ်ခင်နှင်းမြင့်
အင်္ဂလိပ်စာ	ဦးနေအုပ် (စိန်ပေါလ်)၊Dr.D
သင်္ချာ	ဦးသူရိန်၊ ဦးဇော်
ဓာတုဗေဒ	ဦးဇော်လင်းအောင်
ရူပဗေဒ	ဒေါက်တာဝင်းပပ
ဇီဝဗေဒ	ဦးကိုကိုနိုင်
ဘောဂဗေဒ	ဦးထွန်းမြင့်အောင်

■ အမှတ် ၄၅ ၊ နဝရတ်လမ်း ၊ နဝရတ်အိမ်ရာ (သာကေတအဝိုင်းအနီး) ၊ သာကေတမြို့နယ်။ ဖုန်း ၀၉ ၄၂၀၀၃၃၇၄၅၊ ၀၉ ၂၅၀၈၀၄၀၉၆

ကြော်ငြာ

ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
Dr.နေဦး-ဒေါ်ပို့ပို့(ခ)ဒေါ်တင်နွဲ့ရီ(Nay Oo Offset, Top Choice Paper Products, Pangea Co.,Ltd) တို့၏သားငယ်

မောင်ခြိမ့်ဇော်

Bachelor of Science in Business Administration (Entrepreneurship)
California State University, Fresno, USA

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဦးအောင်ဆွေ(Apple Offset)-ဒေါ်ခင်မြဒေး(Diamond Rose Garment)တို့၏သမီးကြီး

မစန်းပွင့်မွှေး

Bachelor of Science in Management with Marketing
Royal Holloway, University of London, UK

တို့၏ ၂၈-၁၂-၂၀၁၄ရက် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညည့်ခံ ညစာစားပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော Administrator of Nippon Systems Development Co.,Ltd and President of System Gear Trading Co.,Ltdမှ Mr.Kosaka Kazufumi နှင့်ဇနီး Mrs.Kosaka Yukoအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မတင်မိုးလွင်၊ မင်္ဂလာရှေ့ဆောင်လမ်းပြပေးပါသော မောင်ပြည့်ဖြိုးပိုင်၊ မင်္ဂလာပန်းများကြဲပေးသော မသက်မြတ်နိုး၊ မင်္ဂလာပန်းကုံးဗန်းကိုင် မအေးအိန္ဒြာလင်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မမို့မို့အောင်၊ သတို့သားအရံ မောင်လင်းထွန်းကျော်နှင့် မောင်ဘုန်းမြတ်၊ သတို့သမီးအရံ မလှဲ့လှဲ့ဝေနှင့် မလှဲ့လှဲ့ခိုင်၊ First Music Agency တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင် ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ပန်းအလှဆင် လင်းလင်းနှင့်အဖွဲ့၊ ဓာတ်ပုံဗီဒီယို ဝဏ္ဏခွာနီး(Focus Daily)အဖွဲ့၊ မင်္ဂလာဖိတ်စာ Dagon Printing၊ သတို့သမီးအရံဝတ်စုံ ဒီဇိုင်နာ မဖြူဖြူဇင်လွင်၊ Sedona မှ မလီလီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ရန်ကုန်မြို့နှင့်ပြည်တွင်းပြည်ပမှ မအားလပ်သည့်ကြားမှ ဝိုင်းဝန်းကူညီကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အခြားကျေးဇူးတင်ထိုက်သူအပေါင်းတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ခြိမ့်ဇော်-မစန်းပွင့်မွှေး

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အသုံးမလိုပိုလျှံ စက်နှင့်စက်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

(က) အမှတ်(၉)အထည်စက်ရုံခွဲ (အင်းစိန်) - စက်နှင့်စက်ပစ္စည်း (၂၄)မျိုး
(ခ) အထည်စက်ရုံအမှတ်(၁)မရမ်းကုန်း - စက်ပစ္စည်း (၁)မျိုး
(ဂ) အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း) - စက်အရန်ပစ္စည်း (၃၅၂)မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၂-၂၀၁၅ ရက်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ
၁။ နေပြည်တော် - အထည်အလိပ်လုပ်ငန်း(စီမံရေးဌာန)၊ ရုံးအမှတ်-၃၇
၂။ ရန်ကုန် - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
(ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၂-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
(ဃ) တင်ဒါပေးသွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ညွှန်ကြားရေးမှူး(စီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော် ဖုန်းနံပါတ်၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
(ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်) ဖုန်းနံပါတ်-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆

တိုက်ခန်းရောင်းမည်

စမ်းချောင်း၊ မင်္ဂလာလမ်း၊ ပေ(၂၅×၅၀)၊ အမြင့် ၁၂ပေ၊ လှေကားချင်းတိုက်၊ မြေညီထပ်။ သိန်း(၂၃၀၀)၊ ညှိနှိုင်း။

ဖုန်း-၀၉-၃၁၄၉၃၈၆၉

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာ နှစ်ပတ်လည်နေ့ ဆုမွန်တောင်းလွှာ

